mgyoe.com



# အနာဂတ်အတွက် မွေးဖွားခြင်း

**လင်းယုန်သစ်လွင်**

ဒုတိယအကြိမ်

mgyoe.com

mgyoe.com



# ဒဏ္ဍာရီတစ်ပုဒ် မွေးဖွားခြင်း

**လင်းယုန်သစ်လွင်**

FIC0091

3,700.00 KS

mgyoe.com

mgyoe.com

အနာဂတ်အတွက်မွေးဖွားခြင်း၊ လင်းယုန်သစ်လွင်
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၃၁၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၈၄ ဘဝတက္ကသိုလ်စာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၃၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# အနာဂတ်အတွက်မွေးဖွားခြင်း
# လင်းယုန်သစ်လွင်

ဒုတိယအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

[ ၁ ]

ရေဆင်းတံတားထိပ်မှလှမ်းကြည့်လျှင် ပင်လယ်ပြင်တစ်နေရာတွင် ဖောတွဲကျောက်ချထားသော တိုင်ယိုမားရူးကိုမြင်ရသည်။ တိုင်ယိုမားရူးသည် ဂျပန်ပင်လယ်ငါးဖမ်းသင်္ဘောဖြစ်သည်။

သည်နေရာတစ်ဝိုက်တွင် မကြာမီပင် အမှောင်ထုသည် လွှမ်းခြုံဝန်းရစ်လာပေလိမ့်မည်။

"အလုပ်ကထွက်ပြီး မိသားစုတွေ ရွာပြန်ရကောင်းမလား" ဦးထွန်းလူ အတွေးရောက်မိသည်။ "ရွာမှာပဲ ဖြစ်သလို ကြုံသလို လုပ်စားရကောင်းမလား" သည်လိုလည်း ဦးထွန်းလူတွေးသည်။

"အင်း....ဒီလိုဆိုလည်း မတော်ဘူး၊ ငါ ဒီလိုလုပ်လိုက်ရင် ဆရာ ကိုသုဓေနဲ့ သခင်စိန်မောင်အပေါ် မထောက်ထားရာ၊ ကျေးဇူးကန်းရာ ရောက်လိမ့်မယ်။ ငါဟာ အသက်မသေဘဲ ရွာပြန်ရောက်တာ သူတို့ကျေးဇူး၊ သူတို့မကယ်ရင် ခုလောက်ရှိငါ့အရိုးတွေဟာ ဖိုးဆယ်လိုဆွေးပြီပေါ့၊ အင်း.... ဖိုးဆယ် ဖိုးဆယ်၊ ဘယ်ဘဝရောက်နေပြီလဲ ဖိုးဆယ်ရယ်"

အတွေးအတောများစွာသည် ဦးထွန်းလူခေါင်းထဲ မွှေနှောက်နေသည်။ အဘိုးအိုသည် တောင်တောင်မြောက်မြောက်တွေးရင်းမှ မလုံမလဲသော စိတ်နှင့် စခန်းရှိရာနောက်ပိုင်းကိုလည်း လှမ်းမျှော်ကြည့်လိုက်သည်။

နောက်ပိုင်းသည် ကျယ်ဝန်းသောကုန်းမြင့်ဖြစ်သည်။ ထိုနေရာသည် ပင်လယ်ရေများဖြင့် ဝန်းရံရစ်ခွေနေသည်။ ကုန်းမြင့်ထက်၌ အုန်းပင်များ

mgyoe.com

mgyoe.com

သည် ထီးထီးမားမားရှိနေသည်။ လေတိုက်ခတ်မှုအားကောင်းသော ကမ်းနိုးပင်လယ်အရပ်ဖြစ်သောကြောင့်လည်း အုန်းပင်များကိုမြင်ရသည်မှာ အရပ်အမောင်းရှည်သော၊ ခြေလှမ်းခြေချမမှန်သော အမူးသမားနှင့်တူလေစွ၊ ဒယိမ်းဒယိုင်ဖြင့် မြေပြင်တွင်လဲပြိုတော့မည့်အလား။

ကုန်းမြင့်၏အတွင်းပိုင်းတွင် အဆောက်အအုံများစွာရှိသည်။ ကြီးကြီးရွယ်ရွယ်၊ ငယ်ငယ်လတ်လတ်ပုံသဏ္ဍာန်များက အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားသည်။

နေဝင်မိုးချုပ်စဖြစ်သောကြောင့်လည်း အမှောင်ရိပ်များသည် ဝန်းကျင်တစ်ဝိုက်တွင် ဖြန့်လွှမ်းစပြုပြီ။ တခိုက်တတန့်သော ကာလအပိုင်းအခြား၌ အမြင်အကြားဟူသမျှသည် ကြည့်ရင်းမှ ခြားနားလာသည်။ ကြားရင်းမှကွဲပြားလာသည်။ ဟိုင်းကြီးကျွန်းပင်လယ်ကမ်းခြေ၏ ဩကာသလောကသည် ကြည်လင်တောက်ပသောအသွင်မှ ရုပ်ဆိုးအကျည်းတန် အမြင်ဖြင့်ကူးပြောင်းလာသည်။ နုပျိုလန်းဆန်းခြင်းမှသည် အိုမင်းရင့်ရော်ခြင်းသို့ အလျင်တဆော ကူးပြောင်းဝင်ရောက်နေသည်။

ထိုအခိုက် စခန်းရှိရာ ကုန်းမြင့်ထက်မှ အင်ဂျင်မီးစက်၏ လည်ပတ်ခုတ်မောင်းသံနှင့်အတူ ကုန်းမြင့်ကြီးတစ်ခွင်တစ်ပြင်လုံး မီးရောင်များဖြင့်တောက်ပလင်းလက်လာသည်။ ကုန်းမြင့်ထိပ်တစ်နေရာရှိ "ဟိုင်းကြီးပင်လယ်ငါးလုပ်ငန်းနှင့် ရေထွက်ကုန်ပစ္စည်းလုပ်ငန်း" ဆိုင်းဘုတ်ပေါ်မှ အဖြူရောင်စာလုံးများသည် လျှပ်စစ်မီးရောင်အောက်တွင် အထင်းသား ပေါ်လွင်လာသည်။

"တောက်....၊ တယ်ခက်တဲ့ကလေးတွေ၊ ဒီအချိန်ဆို ပြန်လာဖို့ကောင်းပါပကော၊ ရာသီဥတုက အစိုးရတာမဟုတ်ဘူး၊ မတော်လို့ လေပြင်းကျလာရင် မခက်လား၊ ဘယ်လိုလဲ သင်္ဘောပေါ်ညအိပ်ဦးမှာလား"

တစ်စုံတစ်ရာ ကြောင့်ကြစိတ်နှင့် ဦးထွန်းလူနူတ်က ရေရွတ်သည်။ ငါးဖမ်းသင်္ဘော တိုင်ယိုမားရူးကို မကျေနပ်သလို လှမ်းကြည့်သည်။ လူကတံတားထိပ်တွင် ငုတ်တုတ်ထိုင်နေသော်လည်း ကြံစည်စိတ်ကူးမှုက ယောက်ယက်ခတ်ပြေးလွှားနေသည်။ ပင်လယ်ရေပြင်ကို စိတ်ကူးလက်ပစ်ကူးကြည့်သည်။ ငါးဖမ်းသင်္ဘော တိုင်ယိုမားရူးပေါ်သို့ မသွားဘဲနှင့်

mgyoe.com

mgyoe.com


ရောက်နေသည်။

ထိုအခါ၌လည်း သန့်စင်ထွန်းနှင့် တွေ့နေသည်။ နာဆူယာမရှိတနှင့်တွေ့နေသည်။ သို့ရာတွင် အကောင်အထည်မဟုတ်သော သောကစိတ်ကူးကြောင့် လူမှာပို၍နွမ်းဟိုက်ရသည်။ ရင်ဖိုလှိုက်မောရသည်။ နှလုံးသားသည် နာကျင်တုန်ခိုက်မှု ပြင်းထန်သည် ဝေဒနာကို ခံစားရသည်။ အဘိုးအိုသည် သက်ပြင်းရှည်ကြီးချလိုက်သည်။

တမ်းတချက်များသည် ယခုအချိန်အထိ မပြည့်ဝနိုင်သေးပါကလား။ တစ်ဖက်သတ်ထားရှိရသော သံယောဇဉ်ဆိုသည်မှာလည်း ပင်ပန်းဆင်းရဲလှပါသည်တကား။ အဘိုးအိုအတွေးဝင်မိသည်။

သို့ကလိုရှိနေခိုက်လှိုင်းသံဒီသံ၊ အင်ဂျင်မီးစက်၏ လည်ပတ်သံတို့ထက် စူးရှကျယ်လောင်သည့် အသံတစ်ခုက အဘိုးအိုနားထဲသို့ မမျှော်လင့်ဘဲ ဖြုန်းစားကြီးဝင်ရောက်လာသည်။ ထိုအသံအကြောင့် အဘိုးအိုခေါင်းလည်သွားရသည်။ ဆတ်ခနဲ တုန်ခိုက်ရသည်။

"ကျုပ်အထင်သားပေါ့ ကိုထွန်းလူ၊ စခန်းတစ်ခုလုံးလိုက်ရှာတာ အနံ့ပဲ၊ လက်စသတ်ဒီနေရာရောက်နေသကိုး။ ရှင့်အသက် ရှင့်အရွယ်ဟာ မငယ်တော့ဘူး၊ မူးဝေပြီးပင်လယ်ထဲထိုးကျသွားမှဖြင့် မတွေးဝံ့စရာပါလား၊ နေစမ်းပါဦး၊ ကျုပ်မေးပါဦးမယ်၊ ရှင်မြေးအပြန်ကို ဒီနေရာ ဒီတံတားထိပ်ကလာစောင့်နေတယ်ပေါ့ဟုတ်လား"

စောစောက အတွေးအတောတွေမှန်လေသမျှ အဘိုးအိုအာရုံ၌ မရှိတော့ပြီ။ လေ၏လျင်မြန်ခြင်းကဲ့သို့ တစ်မဟုတ်ချင်းလွင့်မျောကုန်သည်။ အဖျက်အဆီးက ရောက်လာပေမှကိုးဟု အဘိုးအိုနှုတ်မှ မတိုးမကျယ်ရေရွတ်မိသည်။ အဘိုးအိုကြားလိုက်ရသည်မှာ သူ့ဇနီးအဘွားကြီး ဒေါ်ငြိမ်းသာ၏အသံ။

"ခက်ပါလား၊ ဒီမြေးတစ်ယောက်ကြောင့် ရှင့်မှာအတော်ခက်နေပါလား၊ မိုးစုပ်စုပ်ချုပ်တော့မယ်၊ ထမင်းမေ့ဟင်းမေ့နဲ့တော်၊ ရှင့်မြေးဟာ ကလေးမဟုတ်ဘူး၊ တစ်ယောက်တည်းသွားတာမဟုတ်ဘူး၊ မောင်ထွန်းဝေတို့မောင်ကျော်တင့်တို့နဲ့သွားတာ၊ ရှင့်မြေးဘယ်ကိုမှ ထွက်မပြေးဘူး၊ အချိန်တန်ရင် ရှင့်ရင်ခွင်ပြန်လာမယ်၊ စိတ်ချတော်ရေ၊ စိတ်ချ စိတ်ချ"

mgyoe.com

mgyoe.com


အဘွားကြီးက ခပ်ငေါ့ငေါ့ ပြောလိုက်သည်။ စခန်းတစ်ခုလုံး လှည့်ပတ်သွားလာကာ အဘိုးအိုကို လိုက်လံရှာဖွေခဲ့ရသောကြောင့်လည်း အဘွားကြီးခမျာ အတော်ကလေးမောလာသည်။ လူပင်ပန်းမှုထက် စိတ်ပင်ပန်းမှုက ခမျာတွင်ပိုလွန်လာသည်။

"အေးပေါ့ကွာ၊ အေးပါ၊ အဲသလိုအပြောမျိုး၊ အဲသလို သဘောမျိုးကြောင့် မင်းတို့သားအမိခက်နေတာကွ" အဘိုးကြီးက ဇနီးကိုလှည့်မာန်သည်။ ခုတော့လည်း အဘိုးအိုအသံက မာကျောပြတ်သားသည်။

"အင်း၊ ကျုပ်တို့သားအမိ မခက်ပါဘူး၊ ရှင့်အနေနဲ့သာ ရှင့်မြေးကို မျက်စိအောက်က အပျောက်မခံနိုင်လို့ အခက်ကြီးခက်နေတာ၊ ကြည့် လေ... ခုပဲ ရှင့်အဖြစ်က မရှုနိုင် မရှိက်နိုင်ကြီး၊ နေတစ်ဖက်ကြီးက ဒီတံတားထိပ်ထိုင်ပြီး ထမင်းမှန်းဟင်းမှန်းမသိ သူ့မြေးကိုစောင့်နေသတဲ့တော်"

"စောင့်ရမှာပေါ့ဗျ၊ စောင့်ရမှာပေါ့၊ ကျုပ်မြေးကိုး၊ ခင်ဗျားသာ ခင်ဗျားမြေး ခင်ဗျားသွေးမဟုတ်သလို ပြောနေတာ၊ ဘယ့်နှယ်ဗျာ သွားချင်လို့သွား တစ်နာရီနှစ်နာရီ တော်ပြီပေါ့ဗျ၊ ခုဟာက အလုပ်အားတဲ့နေ့ဆိုပြီး တစ်နေကုန်တစ်နေခန်း၊ ဒီသဘော်ပင်လယ်ထွက်နေရင်ကောင်းတယ်"

အမှောင်ထုက ဝန်းကျင်ကို လွှမ်းခြုံစပြုလာသည့်အခါ ခပ်လှမ်းလှမ်းမှ သင်္ဘောအမြင်သည် အစောတုန်းကလို အပီအပြင်မရှိ။ မှုန်ရီဝါးလာသည်။ သင်္ဘောဦးပိုင်း အမိုးထက်မှ အနီရောင်မီးပွင့်သည် အဘိုးအိုနှင့် အဘွားအိုတို့အား ပြောင်လှောင်သယောင်သလိုရှိနေသည်။

အဘွားအိုသည် အဘိုးအိုကို အကဲခတ်သည်။ နောက်ပြီး ဝန်းကျင်တစ်ဝိုက်ကို အဘွားကြီးလေ့လာသည်။ သူ့ယောက်ျားအဘိုးအိုသည် သစ်ငုတ်တိုလို ငုတ်တုတ်မည်းတည်း။ ပတ်ဝန်းကျင်ဆိုသည်မှာလည်း ဘယ်လိုမှ မထူးခြား။ တွေ့နေကျ မြင်နေကျ သည်မြေနှင့်သည်ရေ။ သူတို့အရပ်က လူတွေအခေါ်နှင့်တော့ သည်အချိန်သည် ပင်လယ်ရေတက်ဦး။ ဒီလှိုင်းပုတ်သံများကလည်း သောသောည်ပါဘိသနဲ့။

ကြာတော့ အဘွားကြီးစိတ်တိုလာသည်။

သူ့ယောက်ျားအဘိုးအိုကို အငေးအငိုင်စူးစိုက်ကြည့်သည်။ အတွေးအတောတစ်ခုကိုလည်း အဘွားကြီးတွေးလိုက်သည်။ ခုဆို ပင်လယ်ရေတွေ

mgyoe.com

mgyoe.com

က တံတားထက်ဝက်ကျိုးရောက်နေပြီ။ ပြီး သူ့အဘိုးကြီးထိုင်နေသည်မှာ ရေတက်တံတားမဟုတ်။ ဆန့်ကျင်ဘက် ရေကျတံတား။

သည်တော့ အဘွားကြီးစိတ်ထဲက တွေးသည်။

သူ့ယောက်ျားသည် တံတားတစ်ခုလုံးရေမြုပ်သွားသည့်တိုင်၊ သူ့ကိုယ်အတ္တဘောကြီးကို ပင်လယ်ရေများဖြင့် လွှမ်းခြုံသွားသည့်တိုင် မြေးအပြန်ကို သည်လိုပဲထိုင်စောင့်နေမလား။

"ဘယ်လိုလဲ အဘိုးကြီး"

"ဘာကိုလဲ အဘွားကြီး"

"ရှင့်ကိုယ်ကြီး ရေမြုပ်ခံပြီး စောင့်မှာလား"

ပင်လယ်ပြင်ကို ကျော်လွှားလျက်ဝေန်မြစ်ပေါက်မှ တရကြမ်းလိမ့်ဝင်လာသော ရေလုံးရေအားက ထုထည်ကြီးမားလှသည်။ အတားအဆီးအပိတ်အပင်မရှိ၊ တဒီးဒီးတဟီးဟီးအော်မြည် ဟစ်ကြွေးလာသည်။ ရေလုံးရေအား၏ရိုက်ခတ်မှုဖြင့် တံတားတစ်ခုလုံး သွက်သွက်ခါ ယိမ်းထိုးနေသည်။ တံတားတိုင်များသည် ရေလုံး၏ ရိုက်ခတ်မှုကြောင့် ကျွတ်ထွက်ကုန်လေမလား၊ ရေးစီးနောက်သို့ တံတားတစ်ခုလုံး မျောပါသွားလေမလား ထင်မှတ်ရသည်။ တံတားပေါ် ထိုင်နေသော အဘိုးအိုနှင့် ရပ်နေသော အဘွားအိုသည် ငလျင် ချက်မိသလိုလှုပ်ခါယိမ်းထိုးနေသည်။

အဘိုးအိုသည် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ နောက်တော့ အဘွားအိုကြီးဘက် လှည့်ပြောလိုက်သည်။

'ဟုတ်တယ် ရှင်ငြိမ်းသာရေ၊ မင်းထင်သလိုပဲ၊ ကျုပ်ကိုယ်ကြီးရေမြုပ်ခံပြီး ကျုပ်မြေးကိုစောင့်သင့်ရင် စောင့်ရလိမ့်မယ်'

အဘိုးကြီး စကားကြောင့် အဘွားကြီးရင်ထဲတွင် နင့်ခနဲ တုန်ခိုက်ရသည်။ အဘိုးကြီးသည် စိတ်ရင်းကောင်းသလောက် သူ့မြေးနှင့် ပတ်သက်လာရင်ဆတ်ဆတ်ထိမခံသည့်သဘော။

"ဟုတ်မှာပါတော်၊ ဟုတ်မယ်တော့၊ ဟုတ်မယ်၊ ရှင်ဟာ ရှင့်မြေး ကြောင့် တစ်နေ့နေ့တစ်ချိန်ချိန် အဲလိုများ ဖြစ်သွားမှာလားလို့ ကျုပ်တော်၊ ကျုပ်အနေနဲ့ စိုးရိမ်မိတယ်တော့၊ သိလား....ကျုပ်တွေးပြီး စိုးရိမ်မိတယ်"

အဘွားကြီးခမျာ ပြောရင်းပြောရင်း ငိုသံတွေရော၊ ရှိုက်သံတွေရော
mgyoe.com

mgyoe.com


နေ့လာသည်။ တကယ်ဆိုတော့ အဘွားကြီးဒေါ်ငြိမ်းသာတွင် ဤကိစ္စနှင့် ပတ်သက်ပြီး တွေးတောချက်တွေ၊ ခံစားချက်တွေရှိသည်။ ခတ်ခိုက်လည်း ရှိ၊ နတ်တိုက်လည်းမိဆိုသည့် သဘော။

စင်စစ် ယခုကိစ္စတွင် အဘွားကြီးပိုကဲပြောခြင်းတော့မဟုတ်ရှာပါ။ မြေးအပေါ်သည်မျှလောက် အတွယ်အတာကြီးမားသော သူ့ယောကျ်ားအဘိုးကြီးသည် တစ်နေ့တစ်ချိန်တွင် ဒီမြေးကြောင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်လေမလား၊ အသွားမတော် အပြောမတတ်မှုကြောင့် ဒုက္ခနှင့်ရင်ဆိုင် ပက်ပင်းတိုးလေမလား၊ အသက်အရွယ်တွေကလည်း ကြီးကြပြီ မဟုတ်ပါ လား။ အဘွားကြီးတွေးတောပူပန်မိသည်။

နောက်တစ်ခုရှိသေးသည်။ သူ့ယောကျ်ားအဘိုးကြီးသည် သင်္ဘော ကပ္ပိတိန် နာဆူယာမအပေါ် ဘယ်လိုအကြောင်းကြောင့်များ မနှစ်မြို့နိုင် ပါလိမ့်။ တကယ်တော့ သင်္ဘောကပ္ပိတန်လေး နာဆူယာမသည် ချစ်စရာ ခင်မင်စရာကောင်းသော ဂျပန်အမျိုးသားတစ်ယောက် မဟုတ်ပါလား။

သည်လိုလည်း အဘွားကြီးဒေါ်ငြိမ်းသာတွေးလေသည်။

မည်သို့ပင်ဆိုပါစေ ယင်းအတွေးအတောများဖြင့်ပင် အိပ်၍မပျော်သော ညဥ့်ပေါင်းများစွာတို့ကိုလည်း အဘွားကြီးလွန်မြောက်ခဲ့ရလေပြီ ကော။

“ဘယ်လိုလဲ၊ ကျုပ်အပေါ်များ ရှင်ငဲ့ညှာစိတ်ရှိသေးရဲ့လား”

အဘွားကြီးက မချင့်မရဲ မေးလိုက်သည်။ ခုလိုမေးမြန်းလိုက်သည့် အခါ၌လည်း အဘွားကြီးအသံက ဆွေးဆွေးမြည့်မြည့်ကြီး။ တုန်တုန် ယင်ယင်ကြီး။

“အေး ကျုပ်အနေနဲ့တော့ အားလုံးအပေါ် သက်ညှာတယ်၊ ဒီလိုသက် ညှာမှုရှိလို့လည်း ကျုပ်က အမောခံအပင်ပန်းခံပြီး ပြောနေဆိုနေသေးတာ ပဲ။ ဒီမယ် မငြိမ်းသာ ကျုပ်သဘောကတော့ မီးကိုမလောင်ခင်တားချင် တယ်၊ မီးပွားလေးကို မီးတောက်မီးလျှံကြီးမဖြစ်စေချင်ဘူး၊ အရှိန်ရလာ တဲ့အခါ မီးဟာငြိမ်းရခက်တယ်”

“ရှင် ဘာကိုပြောချင်တာလဲ၊ ကျုပ်အပေါ်ဘာတွေ မကျေမနပ်ဖြစ်နေ သလဲ”

“ဘာကိုပြောချင်ရမှာလဲကွ၊ ဟို လွန်ခဲ့တဲ့တစ်လကျော်နှစ်လလောက်

mgyoe.com

mgyoe.com


က ကျုပ်ရွာကိုခဏပြန်တယ်ဆိုပဲ ဒီကောင်လေးတိုင်ယိုမားရူးနဲ့ မြိတ်ပင်လယ်ဘက်လိုက်သွားပြီ၊ အဲဒါဟာ မင်းတို့သားအမိ ပေါ့ဆလို့ကွ၊ မင်းတို့သားအမိပေါ့ဆလို့...."

အဘိုးကြီးက မကျေမနပ် ရေရွတ်လိုက်သည်။

အဘိုးကြီးစကားကြောင့် အဘွားကြီးရှုံ့ရှုံ့ရှားရှားဖြစ်လာသည်။ ယိမ်းထိုးနေသော သူ့ကိုယ်ကို ယိုင်လဲမသွားအောင် တံတားတိုင်ကို လက်တစ်ဖက်နှင့် ထိန်းကိုင်လိုက်သည်။ အသံခပ်မာမာဖြင့် အဘိုးကြီးကို ပြန်တွယ်သည်။

"အလိုတော် နေရင်းထိုင်ရင်း ကျုပ်တို့သားအမိ အမှုမပတ်ပါရစေနဲ့၊ ရှင့်မြေးမြိတ်လိုက်သွားတာ ရှင့်ဆရာကိုသုဝေခေါ်သွားတာရှင့်၊ ကျုပ်တို့ က ဘယ်လိုလုပ်ပြောရမှာလဲ၊ နောက်ပြီး ရှင့်မြေးတစ်ယောက်တည်း ရွေးခေါ်တာမဟုတ်ဘူး၊ မောင်ထွန်းဝေပါတယ်၊ မောင်ကျော်တင့်ပါတယ်၊ နောက်တစ်ခုလည်း ရှင်စဉ်းစားဦး၊ ရှင့်မြေးဟာ ဒီပိုင်းကြီးကုမ္ပဏီလခ စား၊ သူ့လခယူထားရင် သူခေါ်ရာလိုက်ရလိမ့်မယ်၊ စခန်းမှာ ရှင်ရှိနေရင် ကော ပြောလို့ဖြစ်မှာလား"

"ဒီ့ပြင် လူတွေအများကြီးမှ ဟာကွာ"

အဘိုးကြီးက ဖွတ်ပြောသည်။ သို့နှင့်အားမရသေး။ "ကျုပ်ကိုယ်တိုင် လိုက်သင့်ရင် လိုက်သွားမယ်ကွာ"ဟု နောက်ထပ်ဆက်လိုက်သည်။

"အဲ အဲဒါကိုခက်တာပေါ့၊ ရှင်ဟာရှင့်မြေးနဲ့ပတ်သက်လာရင် ဘယ်တော့မဆို တစ်ဖက်စီးနင်းပြောတတ်တဲ့အကျင့်ရှိတယ်၊ ဒါကိုက မဟုတ်သေးဘူး။ သူ့လခစား သူ့အလုပ်သမား၊ သူကြိုက်ရာလူကိုခေါင်းခေါက် ရွေးခေါ်မယ်၊ ရှင့်လို အိုကြီးရွတ်တွကို မခေါ်သေးဘူး၊ အဲ တစ်ခုတော့ ရှိတယ်၊ ရှင့်မြေးကို သူတို့ခေါ်ရာ မလိုက်စေချင်ရင်...."

အဘွားကြီးက ရှေ့ဆက်ပြောရမည့် စကားကိုဆိုင်းဆိုင်းဆဆရှိနေသည်။ အဘွားကြီးသဘောက အထိုက်အလျောက်စဉ်းစားသည်။ တုတ်ထိုးအိုးပေါက်မဟုတ်။

"ဆိုစမ်းပါဦး" အဘိုးကြီးက မေးမြန်းလိုက်သည်။

"လွယ်ပါတယ်၊ ရွာပြန်ကြရုံပေါ့"

mgyoe.com

mgyoe.com


အဘိုးကြီးငိုင်သွားသည်။ ချက်ကောင်းအထိခံလိုက်ရသော လက်ဝှေ့သမားလို ရုတ်တရက်အဘိုးကြီး မလှုပ်နိုင်ပါ။ ဘာပြန်ပြောရမှန်းမသိ။ ရှာပြန်ကြဖို့ဆိုသည်မှာ အဘိုးကြီးအနေနှင့် အဘွားကြီးပြောသလို အလွယ်လေးမဖြစ်နိုင်။

"ကျုပ်ပြောတာက ပင်လယ်ပင်ဖျားခရီးကို ပြောတာဗျ၊ ဒို့ပြင် ဘယ်ခရီး၊ ဘယ်လမ်းခေါ်ခေါ် ကျုပ်မပြောပါဘူး၊ ဒီကောင်က ပင်လယ်ခရီးဆို အင်မတန်လိုက်ချင်သွားချင်တယ်၊ ငယ်တုန်းကတည်းက ဒီစိတ်ဓာတ်ရှိတယ်၊ ဒီလိုနဲ့ နောက်တော့သာ ပင်လယ်ကို ခင်မှန်းမသိခင်သွားမယ်၊ ကျုပ်စိတ်ပူတာဒါပဲ"

"အဲ အဲဒါကို ရှင်ပြောတာနည်းလမ်းမဟုတ်ဘူး၊ ပင်လယ်ငါးဖမ်းကုမ္ပဏီမှာလုပ်ပြီး ပင်လယ်ပင်ဖျား မခေါ်ပါနဲ့ပြောလို့ ဖြစ်မလား၊ ဆေးဘိီကလူတွေကြားရင် ရယ်စရာကြီး၊ ရူးနေသလား၊ ဘဝင်ကိုင်နေသလား ပြောမှာပဲ၊ စိတ်ရှုပ်ပါတယ်တော်၊ ငတ်ချင်တော်ပြတ်ချင်ပြတ် ရှာပြန်ကြတာပဲ ကောင်းမယ်"

နောက်ထပ်အထွေအထူး အဘိုးကြီးဦးထွန်းလူ မပြောသာ။ ပြောနိုင်စရာအကြောင်းလည်း မရှိ။ အဘွားကြီးစကားက လမ်းကုန်နေပြီ။

အချိန် အတန်ကြာအောင် နှစ်ယောက်သား တွေးငေးငေးဖြစ်နေပြန်သည်။

သို့နှင့် အတန်ကြာနေပြီးမှ အဘိုးကြီးလှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ထိုအခါ အဘိုးကြီးက ပြောလိုက်သည်။

"ဒီကိစ္စ ဒီစကား ဆရာလေးကိုသုဝေတို့ လူစုတော့ တစ်စွန်းတစ်စ မသိပါစေနဲ့ကွာ ဟုတ်လား၊ အိုကွာ ဘယ်သူဆို ဘယ်သူမှ မသိပါစေနဲ့"

"ဟင် ဘယ်လိုတော့"

"ကိုယ့်မြေး မလိမ္မာလို့ ပြောနေရတဲ့ကိစ္စ၊ ဟို ဆရာတွေသိသွားမှဖြင့် စိတ်အနှောင့်အယှက်ဖြစ်ပါ့မယ်။ အဘွားကြီးသိသားပဲ၊ ဆရာကိုသုဝေ နဲ့ သခင်စိန်မောင်ဆိုတာက ကျုပ်ကျေးဇူးရှင်ကြီးတွေ၊ ဒီတော့ စိတ်ဆင်းရဲခံခြင်းခံ ကျုပ်ပဲခံမယ်၊ စိတ်မကောင်းစရာရှိလည်း ကျုပ်ပဲရှိပါစေလေ"

အဘိုးကြီး နောက်ထပ်စကားမဆက်တော့ပါ။ စခန်းရှိရာသို့ မျက်နှာမူ

mgyoe.com

mgyoe.com


ထွက်ခွာသွားသည်။ အဘွားကြီးကိုယ်တိုင်မှာလည်း အဘိုးကြီးနောက်ပါးမှ လိုက်ပါသွားသည်။ ဒါပေမဲ့ အဘွားကြီးရင်ထဲတွင် ဆေခွဲမရနိုင်သော အတွေး အတောပေါင်းများစွာနှင့်။

ဒီအဘိုးကြီးအဖြစ်က ဘယ်လိုများပါလိမ့်။

၀

mgyoe.com

mgyoe.com

[ ၂ ]

တကယ်ဆိုတော့ အဘိုးကြီးဦးထွန်းလူ ဘဝင်မကျဖြစ်နေသည်မှာ မြိတ်ပင်လယ်ခရီးမဟုတ်ပါ။ သူ့မြေးအတွက် တစ်စုံတစ်ရာကို စိုးရိမ်မကင်းဖြစ်နေသည်။ သံသယစိတ်တွေအဝင်ကြီးဝင်နေသည်။ ဒါပေမဲ့ ထိုကိစ္စအကြောင်းကို တခြားသူတစ်ဦးတစ်ယောက်အား ဖွင့်ထုတ်ပြောဖို့ဆိုသည်မှာလည်း အဘိုးကြီးဦးထွန်းလူအနေနှင့် အတော်တော့ အခက်သား။

ပတ်ဝန်းကျင်လူတွေက သဝန်တိုတယ်လို့ ပြောကြလေမလား၊ သဘောထားသေးတယ်ဆိုကြလေမလား။ သည်လိုပဲ ဦးထွန်းလူစိတ်ထဲက တွေးလေသည်။ တခြားတခြားသော သူတွေထက် အထူးသဖြင့် ကိုသူဆေနှင့် သခင်စိန်မောင်၏ အထင်အမြင်လွဲမှားမှုကိုပိုပြီး ဦးထွန်းလူ စိုးရိမ်မိလေသည်။

သို့ကြောင့်လည်း သူ့ဇနီးဒေါ်ငြိမ်းသာကိုပင် အဘိုးကြီးနှုတ်ပိတ်နေခြင်းဖြစ်လေသည်။

ပတ်ဝန်းကျင်နှင့်နေရသောလူသည် တစ်ခါတစ်ခါတော့ ပတ်ဝန်းကျင်၏ ထိန်းကွပ်မှုကိုခံယူရသလို တစ်ခါတစ်ခါတော့ ပတ်ဝန်းကျင်၏ ခြောက်လှန့်မှုနှင့်ပတ်ဝန်းကျင်၏ဖမ်းစားမှုကို ကြုံရတတ်သည်။ ယင်းအကြောင်းများတွင် သူ့မြေးသန့်စင်ထွန်းသည် အဓိကအခန်းမှပါဝင်သည်။

သို့ဆိုလျှင်.....

mgyoe.com

mgyoe.com


လွန်ခဲ့သော တစ်လကျော်ကျော်နှစ်လလောက် အချိန်ကသန့်စင်ထွန်းကိစ္စ....။ သန့်စင်ထွန်းအကြောင်း ပြောသည့်အခါ ဟိုင်းကြီးငါးဖမ်းကုမ္ပဏီ၏ အကြောင်းကလည်း ပါဝင်ပတ်သက်လာသည်။ စင်စစ် ဤအကြောင်းများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နီးနွယ်နေသည်။ ဟိုင်းကြီးပင်လယ်နှင့် ဦးထွန်းလူ။ တစ်ဖန် ဦးထွန်းလူနှင့် သန့်စင်ထွန်း။ ယင်းတို့သည် အကျိုးတရားဖြစ်ထွန်းလာခြင်း၏ အကြောင်းတရား အခြေခံကွင်းဆက်များဖြစ်လေသည်။

ဟိုင်းကြီးကုမ္ပဏီ၏ ဦးဆောင်အုပ်ချုပ်သူများအနက် အရေးရောက်ဆုံးဟု ပြောရမည့်သူမှာ ကိုသုဝေ။ လွန်ခဲ့သော တစ်လကျော်ကျော်လောက်က မြိတ်ဘက်သို့ သူခရီးထွက်သည်။ ငါးဖမ်းသင်္ဘော တိုင်ယိုမားရူးနှင့်ဖြစ်သည်။ သန့်စင်ထွန်း၊ ကျော်တင့်နှင့် ထွန်းဝေ။ သည်လူရွယ်သုံးယောက်တို့ကို အဖော်အဖြစ် ခေါ်ဆောင်သွားသည်။

တကယ်ဆိုတော့ အဘိုးကြီးဦးထွန်းလူပြောသလိုပင် ဟိုင်းကြီးစခန်းတွင် လူငယ်လူရွယ်တွေ တစ်ကျိပ်ကျော်ကျော်ရှိသည်။ ဒါပေမဲ့ အကြိုက်ဆုံး ထိုသုံးယောက်ကိုမှ ကိုသုဝေရွေးခေါ်သွားခြင်းဖြစ်သည်။

ထိုလူရွယ်သုံးယောက်က သွက်လက်သည်။ ဖျတ်လတ်သည်။ အကင်းပါးသည်။ ဖွဲ့သတ္တိအားမာန်ရှိသည်။ သုံးယောက်စလုံး အထက်တန်းကျောင်းအသီးသီး၌ ကိုးတန်းဆယ်တန်းအထိ ပညာဆည်းပူးခဲ့ကြသည်။

သည်အထဲက သန့်စင်ထွန်းကို ကိုသုဝေပိုကြိုက်သည်။ ကျန်နှစ်ယောက်ထက် သန့်စင်ထွန်းက နီးကြားမှုတွင် သာလွန်သည်။ အရာရာကို အစေ့အစပ် လေ့လာတတ်သည့် စရိုက်အကျင့်ရှိသည်။ သူ့နှား သူ့မျက်စိကို အမြဲတမ်းဖွင့်ထားသည့် လူငယ်တစ်ယောက်ဖြစ်သည်။

ကိုသုဝေတို့ ဟိုင်းကြီးကုမ္ပဏီမှရရှိသော ပင်လယ်ငါးများမှာ မြန်မာပြည်ဈေးကွက်လောက်ကို အားထားနေလို့မရ။ မိမိတို့ မြန်မာလူထုသည် ပင်လယ်ငါး စားသုံးမှုတွင် အနှစ်နှစ်ဆယ်လောက် နောက်ကျကျန်ရစ် သည်။ မီးဖိုဆောင်ကို အစိုးရသော မြန်မာအိမ်ရှင်မသည် ငါးပိငံပြာရည်ကို မက်မောသလောက် ပင်လယ်ငါးဆိုလျှင် ရွံကြောက်ကြီးဖြစ်နေကြသည်။

mgyoe.com

mgyoe.com


ထို့ကြောင့် ရောင်းစွံမည့် ဈေးကွက်ကို ကိုသုဝေတို့တစ်တွေ အဆက်အသွယ်လုပ်ကြရသည်။

စင်ကာပူနှင့် ဘန်ကောက်။

ထိုကိစ္စအတွက် ဟိုင်းကြီးကမ္ဘဏီမှ တိုင်ယိုမားရူးသင်္ဘောသည် စင်ကာပူနှင့် ဘန်ကောက်မှလာသော ငါးယူမည့် သင်္ဘောနှစ်စင်းနှင့် မြိတ်ဆိပ်ကမ်းတွင် အချိန်းအချက်လုပ်ရသည်။ ပြီးလျှင်ငါးများကို အပြောင်းအလွဲ အရောင်းအချပြုလုပ်ကြရသည်။

တစ်ခုတော့ရှိသည်။ ထိုကိစ္စ ထိုတာဝန်ကို ဆောင်ရွက်ရန်အတွက် ဟိုင်းကြီးကုမ္ပဏီမှ အစုရှယ်ယာဝင်တစ်ယောက် မြိတ်တွင်နေရသည်။ သူကမြိတ်သား ကိုထွန်းဦးကျော်။

ကိုသုဝေခရီးထွက်သည်မှာ မြိတ်တွင်ရှိနေသော ကိုထွန်းဦးကျော်နှင့် တွေ့ဆုံရန်၊ နောက်တော့ ကုမ္ပဏီနှင့်ပတ်သက်သော ကိစ္စအချို့ကို ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်သည်။

လူတွေအနေနှင့် ပြောစရာမလို။ စိတ်ချယုံကြည်ရသူတွေချည်းဖြစ်သည်။ ငွေရေးကြေးရေး စီးပွားရေးထက် အဆပေါင်းများစွာ အရေးကြီးသည့် တိုင်းပြည်လွတ်မြောက်ရေးအတွက် ဖက်ဆစ်တားအောက်တွင် အသက်ပေးတိုက်ပွဲဝင်ခဲ့သူတွေ၊ အကြွင်းမဲ့ ယုံကြည်စိတ်ချရသူတွေ။

သည်ခုနစ်ယောက်သည် တိုင်းပြည်ကြီးလွတ်လပ်ပြီး နှစ်ကာလအတန်ကြာတွင် စိတ်တူသဘောတူဖြင့် ဟိုင်းကြီးပင်လယ်ငါးလုပ်ငန်းကို စုပေါင်း၍တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။

"ဒါဟာ ကျွန်တော်တို့ရဲ့ရဲဘော်တွေ ပါဝင်ဆင်နွှဲခဲ့တဲ့ လွတ်လပ်ရေးတိုက်ပွဲရဲ့ဆုလာဘ်အဖြစ် သဘောထားကြမယ်ဗျာ၊ နောက်ပြီး ကျွန်တော်တို့ရွေးတဲ့အမည်ဟာ ကောင်းပါတယ်၊ ဟိုင်းကြီးကျွန်းဟာ ပြောင်မြောက်တဲ့မြန်မာ့သမိုင်းဝင်အမည်တစ်ခုပါ၊ အလောင်းမင်းတရားရဲ့ ရဲမက်တော်နှစ်ဆယ်ဟာ ဝါးရင်းတုတ်ကိုယ်စီကိုင်ပြီး အင်္ဂလိပ်နယ်ချဲ့သမားရဲ့ စစ်အခြေချစခန်းကို တိုက်ခိုက်အောင်မြင်ခဲ့တဲ့ ရေမြေဒေသတစ်ခု"

ခုနစ်ယောက်ထဲမှ သခင်စိန်မောင်ကပြောသည်။

"ဟုတ်တယ်၊ ဟုတ်တယ်"

mgyoe.com

mgyoe.com

ကျန်သူခြောက်ယောက်က သခင်စိန်မောင်ကို ဩဘာပေးကြသည်။ အတိတ်တုန်းက ဖြစ်ရပ်များသည် သူတို့လူစုနှလုံးသားတွင် ဝင်ရောက်ရိုက်ခတ်လာသည်။ ဗြိတိသျှနယ်ချဲ့သမားအား ဆန့်ကျင်သည့် တရားပွဲများတွင် သူတို့တစ်တွေ ရဲရဲတောက် ဟောခဲ့၊ ပြောခဲ့၊ လှုံ့ဆော်ခဲ့ကြသည်မဟုတ်လား။ တရားပွဲ ပရိသတ်ကလည်း လက်ခုပ်ဩဘာပေးခဲ့ကြသည်မဟုတ်လား။

လူပေါင်းခုနစ်ယောက် အစုစပ်လုပ်ငန်းဆိုသော်လည်း တကယ်တမ်းလုပ်ငန်းတွင် ထိထိရောက်ရောက် တာဝန်ယူနိုင်မည့်လူမှာ ခြောက်ယောက်သာဖြစ်သည်။

ကိုသုဝေ၊ သခင်စိန်မောင်၊ ကိုကြည်ဖေ၊ ကိုသက်တင်၊ ကိုကျော်ရှိန်နှင့်ကိုထွန်းဦးကျော်၊ ကျန်တစ်ယောက်က အမျိုးသမီး၊ ပုသိမ်သူဒေါ်နှင်းမြ။ အမျိုးသားပိုင် စီးပွားရေးလုပ်ငန်းတွင် သူတို့လုပ်ငန်းက လုပ်ငန်းသစ်တစ်ခုဖြစ်သည်။ ပြီးလျှင် ငွေကြေးအရင်းအနှီးဆိုလျှင်လည်း နိုင်ငံခြားငါးလုပ်ငန်းကုမ္ပဏီများ၏ အစွန်းထွက်လောက်မှ ရှိကြသည်မဟုတ်။

နိုင်ငံခြား ငါးဖမ်းလုပ်ငန်း ကုမ္ပဏီတွေက အရင်းအနှီးတောင့်တင်းသည်။ လုပ်ငန်းသဘောအားဖြင့်လည်း ကမ္ဘာ့ဈေးကွက်ကို တိုးဝင်နိုင်အောင်ကျယ်ပြန့်သည်။ ပင်လယ်ငါးဖမ်းလုပ်ငန်းကို ဟင်းလျာအတွက်လောက်သာ ရည်ရွယ်လုပ်ကိုင်ခြင်းမဟုတ်၊ ငါးကြီးဆီထုတ်ယူသည့်လုပ်ငန်း၊ ဟိုမုန်းသားဖောက် သားစပ်လုပ်ငန်း၊ ငါးသေတ္တာလုပ်ငန်းမှ စလျက် ဓာတုပစ္စည်း၊ ဆေးဝါးပစ္စည်း၊ လူသုံးပစ္စည်းစသည်ဖြင့် အမျိုးပေါင်းများစွာ လုပ်ကိုင်နိုင်ကြသည်။

သည်အကြောင်းတွေကို ကိုသုဝေတို့မသိမဟုတ်၊ သိတန်သလောက်သိသည်။ ဒါပေမဲ့ ထိုအခြေအနေမျိုးထိအောင်တော့ သူတို့တစ်တွေ မလုပ်မကိုင်နိုင်ကြသေး။ မလုပ်နိုင်သေး၍ မလုပ်ဘဲထိုင်နေလျှင် အလုပ်မဖြစ်ရုံရှိမည်။ လုပ်ကိုင်နိုင်သည့် အခြေအနေရှိသလောက် လုပ်ခြင်းက မလုပ်ဘဲနေခြင်းထက် ကောင်းသည်။ အကြောင်းမသင့်၍ သူတို့ကုမ္ပဏီပြုတ်သွားသည့်တိုင် နောက်လူတွေအနေနှင့် ဗဟုသုတ ရနိုင်သည်။ လွတ်လပ်သော နိုင်ငံတော်အတွက် လုပ်ငန်းသစ်တစ်ခု လမ်းပွင့်လာနိုင်သည်။

mgyoe.com

mgyoe.com


သူတို့အားလုံးကပင် ထိုသဘောထားကို ခံယူထားကြသည်။ ပြီးလျှင် အစစအရာရာ ခြိုးခြံချွေတာ ကြရမည်။ အစုရှယ်ယာဝင်ကြီးများဆိုပြီး ပေါ်ကြော့နေချင်လို့တော့ မဖြစ်။ လူကိုယ်စီ တာဝန်ကိုယ်စီခွဲဝေသတ်မှတ်ကြသည်။ အစုရှယ်ယာသမားများကိုယ်တိုင် ပြေးလွှားကြရမည်။ အပင်ပန်းအဆင်းရဲခံကြရမည်။ အိုးပစ်၊ အိမ်ပစ်၊ သားပစ်၊ မယားပစ်။

မြိတ်တွင် ကိုထွန်းဦးကျော် တာဝန်ယူရသလို ရန်ကုန်တွင် ကိုကြည်ဖေနှင့် ကိုကျော်ရှိန်။ တစ်ယောက်မရှိ တစ်ယောက်ရှိနေရမည်။ ဟိုင်းကြီးစခန်းတွင် ကိုသုဝေ၊ သခင်စိန်မောင်နှင့်ကိုသက်တင်။

ဟိုင်းကြီးလုပ်ငန်းကို စတင်ဖွင့်လှစ်ရန်အတွက် အစုဝင်ခုနစ်ဦးအပြီးသတ် ထိုင်ကြသည့် ဆွေးနွေးပွဲတွင် ယင်းသို့တာဝန်ခွဲဝေခြင်း ပြုကြ သည်။

သူတို့တစ်တွေ ဆွေးနွေးကြသည်မှာ ပုသိမ်ရှိ ဒေါ်နှင်းမြတိုက်တွင်ဖြစ်သည်။ ကိုသုဝေတို့တစ်စုက ဒေါ်နှင်းမြအား အစ်မကြီးဟူသောဝိသေသဖြင့် အဆက်အဆံပြုကြသည်။ ဒေါ်နှင်းမြသည် ၁၇ူတို့ခြောက်ယောက်ထက် အသက်အရွယ်ကြီးသူဖြစ်သည်။ နောက်ပိုင်း စီးပွားရေးအခြေခံအားဖြင့်လည်း ဒေါ်နှင်းမြနှင့်ကိုကြည်ဖေတို့မှာ အတော်ပင်တောင့်တင်းသူနှစ်ဦးဖြစ်သည်။

သည်ဟိုင်းကြီးလုပ်ငန်းထဲသို့ ဒေါ်နှင်းမြတစ်ယောက် အစုရှယ်ယာပါဝင်လာသည်မှာလည်း အကျိုးအမြတ်ရရှိခံစားရေးထက် ကိုသုဝေတို့ရဲဘော်တစ်စု၏ ဆန္ဒပြည့်ဝရေးနှင့် မြန်မာအမျိုးသားပိုင် အစုစပ်လုပ်ငန်းတစ်ခု ဖြစ်မြောက်အောင်မြင်ရေးအတွက် အဓိကထားသည့် သဘောပင်ဖြစ်သည်။

သို့တိုင် သူမဘက်က တာဝန်တစ်ခု လစ်ဟင်းရမှုအတွက် ဒေါ်နှင်းမြစိတ်မကောင်းရှိနေသည်။ ထို့ကြောင့်....

"အစ်မကြီးအနေနဲ့ အစုရှယ်ယာလောက်သာ ထည့်နိုင်ပြီး လုပ်အားမစိုက်နိုင်တာကို စိတ်မကောင်းပါဘူးကွယ်၊ အစ်မကြီးအိမ်ရဲ့စီးပွားရေးကိုအစ်မကြီး ကိုယ်တိုင်က ဦးစီးနေရတယ်။ ရေခဲစက်လုပ်ငန်းရော၊ ရေခဲချောင်းလုပ်ငန်းရော၊ ဟာလဝါလုပ်ငန်းရော အားလုံးအစ်မကြီးမှအစ်မကြီးဆိုပါတော့။ တစ်ခါတစ်ခါများ ဟာလဝါဆိုရင် အမှာအော်ဒါလာသလောက်

mgyoe.com

mgyoe.com


မပေးနိုင်လို့ မျက်နှာပူစံပြီး တောင်းပန်နေရတယ်။ ကလေးတွေကလည်း အချိန်တန်ရင် ကျောင်းသွားကြ၊ ကျောင်းတက်ကြတာပဲ။ အဲဒီတော့ အဖော် အလှော် ဦးကြီးတစ်ယောက်၊ အဒေါ်ကြီးတစ်ယောက်နဲ့ သာပေါင်းဘက် ကတူမလေးတစ်ယောက်ကို ခေါ်ထားရတယ်။ အိမ်ကလူဟာ အဲဒီကိစ္စတွေ ဘာမှမေးလည်းမမေးဘူး၊ ဟုတ်တိပတ်တိရယ်လို့လည်း ဘာတာဝန်မှ လည်းမယူဘူး၊ မနက်ထမင်းစားပြီးတာနဲ့ ရွှေမုဋ္ဌောသွားမယ်၊ ဘုရားဝေ ယျာဝစ္စဆောင်ရွက်မယ်၊ တစ်နေ့တစ်နေ့ သူ့အလုပ်က ဒါပဲ မောင်သုဝေ တို့မောင်ကြည်ဖေတို့ရေ"

ဒေါ်နှင်းမြသည် သူ့အပေါ်အားလုံးက ကျေနပ်စေချင်သည်။ အားလုံး ကစွင့်လွှတ်စေချင်သည်။ ပြေပြေလည်လည် ရှိစေချင်သည်။ ထို့ကြောင့် ပင် သူ့အခြေအနေကို သည်လောက်ရှင်းပြနေခြင်းဖြစ်သည်။ အများနှင့် ပူးပေါင်းပြီးလုပ်ကိုင်ဆောင်ရွက်ရသော ကိစ္စတာဝန်တစ်ခုတွင် အများ နည်းတူ တာဝန်မယူနိုင်ခဲ့မိသဖြင့် သေသည်အထိ စိတ်ဆင်းရဲသွားရတော့ မည့်သင်္ချိုင်းစာကြီးတစ်ခုကိုလည်း စုချိန်ထိ ဒေါ်နှင်းမြအမှတ်ရနေသည်။

"ဟာ ကျွန်တော်တို့ခြောက်ယောက်ကို ဒီထိအောင်ပြောမနေရပါဘူး အစ်မကြီး၊ အားနာနေစရာမလိုပါဘူး။ ကျွန်တော်တို့နဲ့လက်တွဲလာတဲ့ တော်လှန်ရေးစရိုးတစ်လျှောက်လုံး အစ်မကြီးဘယ်အထိ အနစ်နာခံခဲ့ တယ်၊ ဘယ်လိုတာဝန်ကျေခဲ့တယ်ဆိုတာ ကျွန်တော်တို့အားလုံးနားလည် ပါတယ်။ ကျွန်တော်တို့တင် မဟုတ်ပါဘူး၊ သိကြမယ်ဆိုရင် ပြည်ထောင်စု ကြီးတစ်ခုလုံးက ကျေးဇူးတင်ရမယ့်ကိစ္စကြီးပါ အစ်မကြီး"

ကိုထွန်းဦးကျော်က မြိတ်သံဝဲဝဲနှင့်ပြောသည်။

ကိုထွန်းဦးကျော်က ပြောသည်ဆိုရသော်လည်း အားလုံး၏ဆန္ဒ၊ အား လုံး၏သဘောထားဟု ဆိုနိုင်သည်။ အစ်မကြီးဒေါ်နှင်းမြအပေါ်တွင် ကျန် သူငါးယောက်စလုံးကလည်း ကိုထွန်းဦးကျော်၏ သဘောထားအတိုင်း ပင် တညီတညွတ်ဖြစ်ကြသည်။ ယင်းသို့ဖြစ်လောက်အောင်လည်း ဒေါ် နှင်းမြအနေနှင့် သမိုင်းကြောင်းအစဉ်အလာ ရှိခဲ့သူတစ်ယောက်။

နံနက်ပိုင်းကတော့ အစ်မကြီးဒေါ်နှင်းမြသည် ဘုန်းတော်ကြီးဆယ်ပါး အား ဆွမ်းကပ်သည်။ သူတို့ ခုနစ်ယောက် ပြန်လည်ဆုံစည်းခြင်း၏

mgyoe.com

mgyoe.com


အထိမ်းအမှတ်တစ်ခုဟု ဆိုသည်။ ပြီးလျှင် မြန်မာပြည်လွတ်လပ်ရေး တိုက်ပွဲတွင် အသက်ပေးသွားကြရှာသော ဗိုလ်ချုပ်အောင်ဆန်းအမှူးရှိသည့် အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ဖက်ဆစ်တော်လှန်ရေးတွင် ကျဆုံးရရှာသည့် ရဲဘော်များအား အမှုအတန်းပေးဝေခြင်းပြုသည်။

ဖက်ဆစ်တော်လှန်ရေးကာလက ဒေါ်နှင်းမြတို့ညီအစ်မသည် လွတ်လပ်သည့်အပျိုစင်ဘဝတွင် ဖြစ်ကြသည်။ သူတို့ဖခင်မှာ အငြိမ်းစား လယ်ဝန်တစ်ယောက်ဖြစ်သည်။ ဇနီးသည်ကွယ်လွန်ပြီးနောက် လယ်ဝန်ဦးဘရွှေသည် အိမ်ထောင်သစ်မထူထောင်ဘဲ သမီးနှစ်ယောက်ကိုအုပ်ထိန်း လျက် ဥမကွဲသိုက်မပျက် နေထိုင်ခဲ့ကြလေသည်။

အဘိုးကြီးက စိတ်ကောင်းရှိသည်။ ရတနာသုံးပါး၌ ရိုသေကိုင်းညွတ်သည်။ ထို့ကြောင့် အငြိမ်းစားယူပြီးသည့်အချိန်မှစကာ တရားဓမ္မအလုပ်၌သာ အချိန်ကိုအသုံးချလျက် ကုန်လွန်စေခဲ့သည်။

သမက်လောင်းဖြစ်လာမည့် ကိုတင်ဦးသည် ထိုစဉ်အခါကပင် ဦးဘရွှေအိမ်ကို ဝင်ထွက်နေသူဖြစ်သည်။ လူငယ်လူရွယ်တစ်ယောက်ပင်ဖြစ်သော်လည်း ဦးဘရွှေလိုပင် တရားဓမ္မကြည်ညိုကိုင်းရှိုင်းသည်။ ဦးဘရွှေ၏ ဓမ္မမိတ်ဆွေတစ်ယောက်ဟုဆိုနိုင်သည်။ ထိုအချိန်ကပင် ကိုတင်ဦးနှင့် မနှင်းမြတို့ မေတ္တာကြိုးငြိတွယ်ခဲ့ကြသည်။ ဦးဘရွှေကိုယ်တိုင်ကလည်း သဘောတူခဲ့သည်။

ဒါပေမဲ့ အဘိုးကြီးက သမက်လောင်းအပေါ် တစ်နှစ်၊ နှစ်နှစ်လောက်တော့ စောင့်ကြည့်ချင်သေးသည်။ ဆွေဂုဏ်မျိုးဂုဏ်နှင့် ပတ်သက်လို့ကတော့ ကိုတင်ဦးတွင် ပြောစရာမလို။ သို့ရာတွင် အဘိုးကြီးက ဆွေဂုဏ်မျိုးဂုဏ်ထက် သမီးကြီး၏ရေ့ရေးကို တွေးတောထောက်ချင့်သည်။ စိန်တွေ၊ ရွှေတွေ တစ်ပုံတစ်ပင်ကြီးကြွယ်ဝပါစေ၊ ရာထူးဌာနန္တရတွေ မိုးထိအောင်မြင့်မားပါစေ အိမ်ထောင်ရေးပြေပြစ်ဖို့မှာ အကျင့်သိက္ခာအရေးကြီးသည်။ အကျင့်သိက္ခာမကောင်းခဲ့လျှင် ဘယ်လိုမှ အိမ်ထောင်ရေးမသာယာနိုင်။ ထိုအခါ စိန်တွေ၊ ရွှေတွေ၊ ရာထူးဌာနန္တရတွေဆိုသည်မှာလည်း ဘယ်လိုမှုခရီးမရောက်နိုင်ဟု ဦးဘရွှေက ယူဆသည်။

အဘိုးကြီးက ငယ်ရာမှကြီးလာသူ၊ ပတ်ဝန်းကျင်အတွေ့အကြုံအား

mgyoe.com

mgyoe.com


ဖြင့်လည်း ကြွယ်ဝခဲ့သူ၊ ထို့ကြောင့် သူတို့လို လူကြီးတွေက အိမ်ထောင်ရေးတည်ဆောက်မှုကို ပေါ့ပေါ့တန်တန် မလုပ်ကြ။ ထင်းပုံခေါင်းအုံးအိပ်ရသည့်တိုင် ရှေးလူကြီးတွေအိမ်ထောင်ရေးမှာ အသက်ထက်ဆုံးအိမ်ထောင်ရေး။

သည်အတွင်း ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသည်။

သို့နှင့် ဂျပန်များ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မိစအချိန်၌ပင် အငြိမ်းစားလယ်ဝန်ကြီးဦးဘရွှေမှာလည်း ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။

သည်လို ဦးဘရွှေမမျှော်လင့်ဘဲ ရုတ်တရက်ကွယ်လွန်သွားသည့်အတွက် ကိုတင်ဦးနှင့် မနှင်းမြတို့ကိစ္စမှာလည်း မပြီးမပြတ်တန်းလန်းကျန်ရစ်သည်။ လှေသွားလို့ကောင်းတုန်း တက်ကျိုးသလိုဖြစ်ရသည်။ ဘဝဆိုသည်မှာ မမျှော်လင့်ဘဲ၊ မကြံစည်ဘဲ သည်လိုပင် ကြုံရတတ်သည် မဟုတ်လား။ ဓာတ်သိသူတချို့က ယောကျ်ားကြီးကြီးမားမား အားကိုးအားထားရအောင် ခပ်မြန်မြန်လက်ထပ်လိုက်ပါလားဟု ပြောကြသည်။

ထိုလူများအား မနှင်းမြက အပြုံးဖြင့် တုံ့ပြန်ခဲ့သည်။

မနှင်းမြခေါင်းအေးအေးထားပြီး စဉ်းစားသည်။

တကယ်ဆိုတော့ သည်ညီမနှင့်သူ့ဘဝ၏ ရှေ့ရေးအတွက် သူ့တွင် ဦးနှောက်နှင့်နှလုံးသားရှိသည်။ သူသည် မိမိ၏ဘဝခရီးအတွက် ကိုယ်တိုင်ကိုယ်ကျ ဆုံးဖြတ်ပိုင်းခြားခြင်းလောက် ကောင်းသောအရာသည် အခြားမရှိနိုင်ဟု မနှင်းမြယူဆသည်။ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အမှန်နှင့် အမှား၊ အကောင်းနှင့်အဆိုးသည် မိမိသာလျှင် ခံယူရမည့် ကိစ္စဖြစ်သည်။ ထိုအခါ ချီးမွမ်းစရာရှိလျှင်လည်း မိမိကိုယ်ကိုမိမိ ချီးမွမ်းခြင်းလောက်၊ အပြစ်တင်စရာရှိလျှင်လည်း မိမိကိုယ်ကိုမိမိ အပြစ်တင်ခြင်းလောက်ကောင်းသော အမှုသည် အခြားမရှိနိုင်ဟု မနှင်းမြယူဆသည်။

ယင်း အယူအဆကြောင့်....

ဖခင်ကွယ်လွန်ပြီး သုံးနှစ်မပြည့်မချင်း အိမ်ထောင်ရက်သားမပြုသေးဟု မနှင်းမြဆုံးဖြတ်သည်။ တစ်ဖက်သတ်တော့မဟုတ်ပါ။ စောင့်နိုင်လျှင်စောင့်ပါ၊ မစောင့်နိုင်လျှင်တော့ ကိုတင်ဦးဆန္ဒအတိုင်းဟု တစ်ဖက်

mgyoe.com

mgyoe.com


လူကို မနှင်းမြခွင့်ပြုသည်။

သို့နှင့် မြန်မာ့မြေပေါ်တွင် ဖက်ဆစ်တော်လှန်ရေးကြီး ဖြစ်ပေါ်လာသည့်အခါ မနှင်းမြနှင့်မနှင်းလှတို့ ညီအစ်မသည် မြစ်ဝကျွန်းပေါ်တိုင်း၊ တိုင်းခွဲတစ်ခုဖြစ်သော ပုသိမ်ခရိုင်မြေအောက်လှုပ်ရှားမှုကြီးတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ညီအစ်မနှစ်ဦးစလုံး စိတ်ဓာတ်ထက်သန်မှု အပြည့်အဝ ရှိကြသည်။ အငယ်မ မနှင်းလှက အကြီးမ မနှင်းမြထက် ပို၍သွက်လက်သည်။ ပိုပြီးရဲတင်းဖျတ်လတ်သည်။ အကြမ်းပတမ်းခံနိုင်စွမ်းလည်း ပို၍ ရှိသည်။

ဝေန်မြစ်ကမ်းတစ်လျှောက်ရှိ ကြပ်ကွင်း မရင်းကူ၊ ကျုံပတုတ်၊ ကညင်ငူ၊ ဝိတောက်ချောင်း၊ ဇရပ်လှ၊ မအူကုန်း၊ မြစ်ဆယ်စသော ကျေး ရွာများရှိ ကရင်ဗမာတောင်သူလယ်သမားကြီးများသည် မနှင်းမြတို့ညီအစ်မ၏ စည်းရုံးရေးနယ်မြေ၊ စည်းရုံးရေးအင်အားစုများ ဖြစ်လာသည်။ ညီညီညွတ်ညွတ် ထောက်ခံကြသည်။ လိုလေသေးမရှိ အကူအညီပေးကြလေသည်။

"ကရင်ဆိုပေမဲ့ ငါတို့လည်း ဗမာပဲကွ။ တစ်အိမ်တည်း၊ တစ်ရွာတည်း နေကြတာပဲဟယ်၊ ဆန်ရှိလည်း အတူတူ၊ ငါးပိရှိလည်း အတူတူပေါ့ကွဲ့." ကရင်အမျိုးသားကြီးများက ပြောကြသည်။

ဖခင်လယ်ဝန်ကြီးဦးဘရွှေရှိစဉ်ကပင် မနှင်းမြတို့ညီအစ်မသည် ထိုကျေးရွာများမှ ကရင်ဗမာတောင်သူလယ်သမားကြီးများနှင့် ရင်းနှီးခဲ့ကြပြီးဖြစ်သည်။ မိတ်ဟောင်းဆွေဟောင်းကြီးများဖြစ်ကြသည်။ ထို့ကြောင့်လည်း သူတို့ညီအစ်မသည် ယင်းတို့၏ နယ်မြေလူထုကို သိပ်သည်းကျစ်လျစ်စွာ စည်းရုံးထားနိုင်ခဲ့ကြသည်။ ထောက်ခံမှု အပြည့်အဝ ရရှိခဲ့ကြသည်။

ထိုအတွင်း နယ်မြေစည်းရုံးရေးတာဝန်ခံများနှင့် ခရိုင်နယ်စပ်ရေး ခေါင်းဆောင်တို့ တွေ့ဆုံကြရန် အကြောင်းတစ်ခု ပေါ်ပေါက်လာသည်။ တွေ့ဆုံကြရမည့်နေရာမှာ ငပုတောတွင်ဖြစ်သည်။

ထိုအချိန်က မနှင်းမြသည် စည်းရုံးရေးကိစ္စတစ်ခုဖြင့် ဇရပ်လှကျေးရွာသို့ ခရီးထွက်နေရာမှ ပုသိမ်သို့ပြန်ရောက်ခိုက်ဖြစ်သည်။

သည်တစ်ခေါက် မနှင်းမြအတော်ကြီးခရီးပန်းလာသည်။ အိမ်ရောက်သည်ဆိုလျှင်ပင် သူ့တစ်ကိုယ်လုံး ထုထောင်းထားသလို ဝေဒနာခံစား

mgyoe.com

mgyoe.com


ရသည်။ ကိုယ်တွေလက်တွေကိုက်ခဲလျက် ဖျားချင်သလိုဖြစ်လာသည်။ ထို့ကြောင့်အနားယူသည့်သဘောဖြင့် အိပ်ရာထဲလှဲနေသည်။

"မမ သိပ်ပြီး ပင်ပန်းလာတယ်၊ အနားယူလိုက်ပါဦး၊ ညီမတစ်ယောက်တည်းသွားလိုက်မယ်၊ တစ်ယောက်တည်းလည်း ပြီးတဲ့ကိစ္စ"

ညီမငယ် မနှင်းလှက ပြောသည်။ ခရီးပန်းလာတုန်း အစ်မဖြစ်သူ အားခရီးထပ်မထွက်စေချင်။ အခြေအနေပိုဆိုးလာသော် မခက်လား။

သူတို့ညီအစ်မသည် နယ်မြေစည်းရုံးရေးကို ပူးတွဲတာဝန်ယူထားရခြင်းဖြစ်သည်။ နှစ်ယောက်စလုံး သွားနိုင်သည့်အခါသွားမည်။ တစ်ယောက်တည်းသွားသင့်လျှင်လည်း တစ်ယောက်တည်းသွားသည်။ အရေးကြီးသော ဆွေးနွေးပွဲများတွင် နှစ်ဦးစလုံး တက်ရောက်သည်ကများသည်။

ညီမကိုတစ်ယောက်တည်းတော့ မနှင်းမြမလွှတ်ချင်။ ညီမက ငယ်ရွယ်သူဖြစ်၍ စိတ်ဆောင်လွန်းသည်။ သတ္တိ ဗျတ္တိရှိသလောက် တုံးဆိုတိုက်၊ ကျားဆိုကိုက်မှ ကြိုက်သည့်မိန်းကလေး။

ငါလိုက်သွားမှ ထင်ပါရဲ့။ သည်လိုလည်း မနှင်းမြအတွေးရောက်မိသည်။

ဒါပေမဲ့ သူ့သွေးသားက ခွင့်မပြု။ ထိုအချိန်ကျမှ အခြေအနေက ပိုပြီးဆိုးရွားလာသည်။ ခေါင်းတစ်ခုလုံး မူးနောက်ရီဝေလာသည်။ အသားတဆတ်ဆတ်တုန်ပြီး အဖျားဝင်လာသည်။ အမှန်မှာ ခရီးကြမ်းသွားခဲ့သည့်အပြင် တစ်လမ်းလုံးသွေးချုပ်စာတွေ စားမိလာသောကြောင့် မွှေတာငုပ်သွားခြင်းဖြစ်သည်။

"စိတ်ချပါ မမရယ်၊ ဒီလမ်းခရီးဟာ သွားနေကျ ခရီးပါ၊ ငပုတောရောက်လည်း အားလုံးကိုယ့်ထဲ ကိုယ့်လူ၊ ကိုယ့်ရဲဘော်တွေချည်းဟာ၊ စိတ်ပူစရာ မရှိပါဘူး၊ မမကိုယ်ကိုသာ နေကောင်းအောင် ဂရုစိုက်ပါ။ ကြီးကြီးမေကိုလည်း ဂရုစိုက်ဖို့ ညီမမှာထားခဲ့မယ်"

ညီမက စိတ်ချရန် တဖွဖွပြောသည်။

တာဝန်တစ်ခုကိုတော့ ပျက်ကွက်မခံနိုင်။ နောက်ဆုံးတော့ မနှင်းမြခွင့်ပြုလိုက်သည်။ စိတ်ထဲကတော့ ထင်သလိုလိုအရှိသား။ ငါ့မှာ အဖျားဝင်ပြီး သွေးလေချောက်ချားနေလို့ပါလေဟု သူ့စိတ်သူဖြေဖျောက်ရသည်။

mgyoe.com

mgyoe.com


စိတ်မကောင်းစရာ ကြုံရသည်။ ငပုတောဆွေးနွေးပွဲ၌ပင် မနှင်းလှတို့ ရဲဘော်တစ်စုမှာ ဖက်ဆစ်စစ်သားများအဝိုင်းကို ခံကြရသည်။ တကယ်ဆိုတော့ တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုးအဖို့ နယ်ချဲ့လက်အောက်၊ ဖက်ဆစ်လက်အောက်မှ လွတ်မြောက်ရေးတိုက်ပွဲဆိုသည်မှာလည်း ပန်းခင်းသောလမ်းမဟုတ်ပါကလား၊ အသက်အိုးအိမ် စည်းစိမ်ပေါင်းများစွာ စတေး၍ တော်လှန်တိုက်ခိုက်နိုင်မှ ရရှိမည့် လွတ်လပ်ရေး။

အံ့သြစရာကောင်းသည်မှာ ဖက်ဆစ်တွေက သူတို့ရဲဘော်များထက် အဆပေါင်းများစွာ အင်အားသာလွန်ခြင်းနှင့် "လက်နက်မျိုးပေါင်းစုံပါရှိနေခြင်းပင်ဖြစ်သည်။

သည်အချက်ကိုကြည့်ခြင်းဖြင့် ဖက်ဆစ်များသည် ကြိုတင်သတင်းရရှိလိမ့်မည်ဟု တွက်ဆရသည်။ ရဲဘော်တွေ ဆွေးနွေးပွဲပြုလုပ်သည်မှာ မြို့အပြင်သုသာန်ကိုကျော်လွန်၍ တစ်မိုင်သာသာလောက်သွားရသော အုန်းခြံကြီးတစ်ခြံအတွင်း၌ဖြစ်သည်။ အချိန်က သန်းခေါင်တိတိ၊ အရဏ်ဦးရောင်နီလင်းလာသည်နှင့် လူစုခွဲပြီးဖြစ်ရမည့် အစီအစဉ်။

မြို့ထဲတွင် မိမိဘက်က ရဲဘော်အနည်းအပါးတော့ရှိသည်။ သို့ရာတွင်လှုပ်လှုပ်ရှားရှား ပြုနိုင်လိမ့်မည်တော့ မဟုတ်။ အကယ်၍လှုပ်ရှားလိုက်မည်ဆိုပါက ဖက်ဆစ်များက တစ်မြို့လုံးကို မီးတိုက်ပစ်မှာသေချာသည်။

စစ်ခေါင်းဆောင်သည် သတင်းပို့ဆက်သား ရဲဘော်၏စကားအဆုံး၌ပင် အခြေအနေအရပ်ရပ်ကို တွက်ဆပြီးဖြစ်သည်။

ပြဿနာကရှင်းနေသည်။

မိမိကအလျှင်ဦးအောင်တိုက်၊ သို့မဟုတ် သူအတိုက်ခံရလျှင် ကိုယ်အထိနာမည်။ စစ်ဦး ဘီလူးပါမြဲ။ သူ့ဘက်က တိုက်မှာသေချာသည်။

ထို့ကြောင့်.....

"ရဲဘော်တို့.....ဖက်ဆစ်တွေ လက်တွင်းကို တစ်ယောက်မှအမိခံလို့မဖြစ်ဘူး၊ အသေခံသင့်ခံရမယ်၊ တတ်နိုင်သလောက်တော့ရုန်းထွက်၊ မလွတ်ဘူးဆိုရင် ကိုယ့်အတွက်အသုံးချ ကျည်တစ်တောင့်ကျန်ပါစေ၊ ဒါဟာ ကိုယ့်တိုင်းပြည်ကိုယ့်တစ်မျိုးသားလုံး ဖက်ဆစ်လက်အောက်က

mgyoe.com

mgyoe.com


လွတ်မြောက်ရေးအတွက် အသက်ကိုပေးလှူခြင်းဖြစ်တယ်"

ရဲဘော်များသည် ဖက်ဆစ်စစ်သားများ ဝိုင်းရံထားသည့်ကြားမှ အစွမ်းကုန် ရုန်းကန်တိုက်ခိုက်ထွက်ကြသည်။ အချိန်အတန်ကြာမျှထို နေရာနီးပါးတစ်ဝိုက်တွင် ပစ်သံခတ်သံများ မိုးမွှန်အောင်ဆူညံသွားသည်။

ထိုတိုက်ပွဲ၌ပင် စစ်ခေါင်းဆောင်ရဲဘော်ညို့ထွန်းနှင့် နယ်မြေစည်းရုံး ရေးရဲမေ မနှင်းလှတို့အပါအဝင် ရဲဘော်၊ ရဲမေ ဆယ်ယောက်တိတိကျ ဆုံးခဲ့ရလေသည်။

○

mgyoe.com

mgyoe.com

# [ ၃ ]

ဦးထွန်းလူဇာတိသည် ကျောက်ကလပ်ဖြစ်သည်။ ဒေါ်ငြိမ်းသာက မန်ကျည်းရှိုင်ရွာသူ။

ရွာအမည်ကွဲပြားသော်လည်း ရွာချင်းက တစ်ဆက်တည်းလိုရှိသည်။ ကျောက်ကလပ်၊ မန်ကျည်းရှိုင်၊ အဆင်းရှိုင်။ သည်ရွာငယ်သုံးရွာသည် လယ်မြေကလေးသုံးလေးကွက်ခြားရုံ၊ စင်တန်းကလေးများ တစ်စုနှစ်စုမျှ ကာဆီးနေရုံဖြင့် ကိုယ့်အမည်နှင့် ကိုယ့်ရွာဖြစ်နေကြသည်။ ထားပါတော့၊ ဒါက မြန်မာကျေးလက်ဒေသတို့၏ သဘာဝ။

ယင်းရွာကလေးသုံးရွာသည် ကမ်းနီးပင်လယ်၏ ကုန်းတွင်းပိုင်း တစ်နေရာတွင် တည်ရှိနေသည်။ ရွာနေလူအားလုံး၏ အသက်မွေးမှုမှာ တူညီသည်ဟု ဆိုရမည်။ သုံးရွာစလုံးပင် နွေရာသီနှင့်ဆောင်းရာသီတွင် ရေလုပ်ငန်းသမားများဖြစ်ကြသည်။ မိုးရာသီ၌မူ လယ်ယာလုပ်ခွင်ဝင်ကြသည်။ သို့ရာတွင် လယ်မြေလက်မဲ့၊ နွားကျွဲလက်မဲ့ဖြစ်သော အိမ်ထောင်စု အချို့တို့မှာမူ နွေမိုးဆောင်း၊ ဥတုသုံးပါးစလုံး၌ပင် ရေလုပ်ငန်းတစ်ခု တည်း၌သာ စွဲမြဲ၍လုပ်ကိုင်ကြသည်။

ကိုသုဝေတို့လူစု ဟိုင်းကြီးပင်လယ်ငါးလုပ်ငန်းကို လုပ်ကိုင်၍ တစ်နှစ်တင်းတင်း ပြည့်သောအခါတွင်မူ နောက်လုပ်ငန်းတစ်ခုကို တိုးချဲ့လုပ်ကိုင်ရတော့သည်။

စင်စစ် သူတို့လူစု အဓိကထားပြီး လုပ်ကိုင်ချင်သည်မှာ ကမ်းဝေး

mgyoe.com

mgyoe.com


ပင်လယ်ငါးဖမ်းလုပ်ငန်းဖြစ်သည်။ ထိုအတိုင်းလည်း လုပ်ခဲ့ကြပြီ။ တစ်နှစ်တင်းတင်း ပြည့်ခဲ့ပြီ။ သို့ရာတွင် မိမိတို့တိုင်းပြည်အနေနှင့် ရေရှည်တွင် သည်လုပ်ငန်းတစ်ခုတည်းဖြစ်ပါ့မလား။ ကုမ္ပဏီအနေနှင့် အရှည်သဖြင့် ရပ်တည်နိုင်ပါ့မလား။ သူတို့တစ်တွေ အပင်ပန်းအဆင်းရဲ ခံရသလောက် တွက်သားကိုက်ပါ့မလား။ မိမိတို့ပိုင် ပင်လယ်ထဲကငါးနှင့် မိမိတို့၏အကြံအား၊ ဉာဏ်အား လုပ်အားစွမ်းသည် နိုင်ငံခြားငွေရှင်ကြေးရှင်ကြီးများ၏ အကျိုးစီးပွားအတွက် ဖြစ်နေလေသလား။

လုပ်သက်တစ်နှစ်ပြည့်သောအခါ ထိုအကြောင်းအချက်များကို သူတို့လူစု အလေးအနက် သဘောထားလာရသည်။ ညှိညှိနှိုင်းနှိုင်း ပြုလုပ်ကြရသည်။ နီးစပ်ရာ ခင်မင်ရာမိတ်ဆွေအပေါင်းအသင်းများထံ ချဉ်းကပ်မေးမြန်းကြရသည်။ အကြံဉာဏ်တောင်းခံခြင်း ပြုရသည်။ အစုရှယ်ယာဝင်တစ်ယောက်ဖြစ်သည့် သခင်စိန်မောင်ကိုယ်တိုင် မကြာမီကပင် စင်ကာပူနှင့် ဘန်ကောက်သို့ သွားရောက်လေ့လာခဲ့သည်။

ဤတွင် အဖြေတစ်ခုတော့ ထွက်လာသည်။

ဆုံးဖြတ်ချက်တစ်ရပ်ကို အပြီးသတ် ချမှတ်လိုက်ကြသည်။ လက်ရှိလုပ်ကိုင်နေသော ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့်ပူးတွဲလျက် ပြည်တွင်းစားသောက်ကုန်ဖြစ်သော ငါးပိငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည် စသည့်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်ရန် ဟူ၍ဖြစ်သည်။

ယင်းဆုံးဖြတ်ချက်အတိုင်း လုပ်ငန်းကို အကောင်အထည်ဖော်ကြ သည်။ တာဝန်အသီးသီး ခွဲဝေဆောင်ရွက်ကြသည်။ နောက်ထပ် အဆောက်အအုံအသစ်များ ထပ်မံဆောက်လုပ်ရသည်။ လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း ဝယ်ခြမ်းရလေသည်။ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူသိုလှောင်ရသည်။ ရေလုပ်သားများ ငှားရမ်းခြင်း၊ ငါးပုစွန်အဝယ်ဒိုင်များ ဖွင့်လှစ်ခြင်းစသည်များကိုလည်း ပြုလုပ်ကြရလေသည်။

သို့ပြင် လွန်ခဲ့သောတစ်နှစ်က "ဟိုင်းကြီးပင်လယ်ငါးလုပ်ငန်း အခြေစိုက်စခန်း" ဟူသော ဆိုင်းဘုတ်စာတန်းအဖြစ်မှ "ဟိုင်းကြီးပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ရေထွက်ကုန်ပစ္စည်းလုပ်ငန်း စခန်း" ဟူသော စာတန်းဆိုင်းဘုတ်အဖြစ်သို့ ပြောင်းလဲရောက်ရှိခဲ့လေသည်။

mgyoe.com

mgyoe.com


သည်လို လုပ်ငန်းတိုးချဲ့မှုကြောင့်ပင် ကျောက်ကလပ်ရွာမှ ဦးထွန်းလူတို့ မိသားစုမြေးအဘိုးလေးဦးဟိုင်းကြီးစခန်းသို့ ရောက်ရှိလာခြင်း အကြောင်းဆက်ဖြစ်ရသည်။

လုပ်ငန်းတိုးချဲ့ရေးအတွက် သူတို့တွင် အထိုက်အလျောက် ရင်းနှီးမြှုပ်နှံနိုင်အားရှိသည်မှာမှန်သည်။ မလုံလောက်သေးလျှင် အစ်မကြီးဒေါ်နှင်းမြနှင့် ကိုကြည်ဖေတို့နှစ်ဦးက ငွေတစ်သိန်းစီ ထပ်မံထုတ်ပေးရန် သဘောတူကြပြီးဖြစ်သည်။ သို့နှင့်မလုံလောက်သေးလျှင် ငွေငါးသိန်း ခြောက်သိန်းလောက်ကို သက်သက်သာသာနှင့် ရနိုင်မည်။ ကိုကြည်ဖေ ကိုယ်တိုင်က တာဝန်ယူထားသည်။ ငွေအတွက်တော့ ဘယ်လိုမှ ပူပန်စရာ မလို။

"လိုနေသေးရင် ငွေငါးသိန်းခြောက်သိန်းကို ဘဏ်တိုးသက်သက်သာသာနဲ့ရဖို့ ကျွန်တော်တာဝန်ယူတယ်ဗျာ၊ တစ်လောတုန်းကတောင် အဘိုးကြီးကမေးသေးတယ်ဗျ၊ 'ဟေ့မောင်ကြည်ဖေ၊ မင်းတို့လုပ်ငန်းအရင်းအနှီး ဘယ်လိုနေသလဲ၊ လုံလောက်မှုရှိရဲ့လား' တဲ့၊ ကျွန်တော်က ပြန်ပြောလိုက်တယ်၊ 'လုံလောက်ပါတယ်ဦး၊ ခုအတိုင်းလုပ်ငန်းကို ထပ်မချဲ့ဘူး ဆိုရင် ငွေလေးငါးခြောက်သိန်းအမြဲတမ်းပိုနေပါတယ်' လို့၊ ဒီတော့ ကိုသုဝေ ငွေအတွက် မကြောင့်ကြပါနဲ့ဗျာ၊ လိုလာရင် အဘိုးကြီးကို ပြောရမှာ ပေါ့"

ကိုကြည်ဖေပြောသော အဘိုးကြီးဆိုသူမှာ သူ့ဇနီး ရီရီသန့်၏ ဖခင်၊ သူ့ယောက္ခမ ဦးပေါ်ညွန့်ဖြစ်သည်။ အဘိုးကြီးသည် စီးပွားရေးအကွက် မြင်သူဖြစ်သည်။ ရိုးသားဖြောင့်မတ် ဂုဏ်လည်းရှိသည်။ နိုင်ငံခြားနှင့်လည်း အတော်ပင်အဆက်အသွယ်ရှိသည်။ ကိုသုဝေတို့ ဟိုင်းကြီး ပင်လယ်ငါးဖမ်း လုပ်ငန်းအတွင် ငါးဖမ်းသင်္ဘော တိုင်ယိုမားရူးကို အဘိုးကြီး၏ အဆက်အသွယ်နှင့် ဂျပန်ကုမ္ပဏီတစ်ခုမှ ငှားရမ်းပေးထားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရလာသည့်အခါ ဦးပေါ်ညွန့်တို့လို စီးပွားရေးရွက်ပုန်းသီးတွေထွက်ပေါ်လာသည်။ ကိုယ့်လူကိုယ့်အစုပူးပေါင်းကြသည်။ ကုန်တိုက်တွေ ဖွင့်လှစ်ကြသည်။ ကုမ္ပဏီတွေ ဖွင့်ကြသည်။ သွင်းကုန်၊ ထုတ်ကုန်လိုင်စင်တွေ လျှောက်ကြသည်။ ဆန်စပါး၊ ပဲ။ ပြောင်း၊ ဓာတ်သတ္တုအရောင်းအချတွေ လုပ်လာကြသည်။ ဆူးလေဘုရား လမ်း၊

mgyoe.com

mgyoe.com


ဗိုလ်ချုပ်လမ်း၊ မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်း၊ ဗိုလ်အောင် ကျော်လမ်း၊ ကုန်သည်လမ်း၊ ကမ်းနားလမ်းတစ်လျှောက် တိုက်ခန်းမှန်သမျှ၊ တိုက်နံ့ရှိသမျှ ဆိုင်းဘုတ်တွေချိတ်ကြသည်။ ရန်ကုန်မြို့သည် တကယ့်ခေတ်မီ အရောင်းအဝယ်မြို့တော်အသွင်ဖြစ်လာသည်။

သည်တွင် လူအစိတ်သုံးဆယ်ရှိသော ဦးပေါ်ညွန့်တို့ အုပ်စုကလည်း "အမျိုးသားစီးပွားရေးဘဏ်" ဟူသော အမည်ဖြင့် ဘဏ်တစ်ခုဖွင့်လှစ်ကြသည်။ ကုန်သည်လမ်းနေရာတစ်ခုတွင်ဖြစ်သည်။ မြေရှင်ကလေးများ၊ လုပ်ငန်းရှင်ကလေးများနှင့် အလယ်အလတ်တန်းစားများအား ငွေကြေးထုတ်ချေးသည်။

ဖ–ဆ–ပ–လ အစိုးရက တိုင်းရင်းသားကုန်သည်များအား ရာခိုင်နှုန်းအများဆုံး လိုင်စင်ချပေးသည့်ခေတ် ဖြစ်သည်။ လွတ်လပ်ပြီးစ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အရင်းရှင်ကြီးများနေရာတွင် တိုင်းရင်းသား အရင်းရှင်များ နေရာဝင်ယူလိုက်ခြင်းဖြစ်သည်။ အစားထိုးဝင်ရောက်လာ ခြင်းဖြစ်သည်။

ကိုကြည်ဖေယောက္ခမ ဦးပေါ်ညွန့်သည် အမျိုးသားစီးပွားရေးဘဏ်တစ်ခု၏ ဒါရိုက်တာ အဖွဲ့ဝင်တစ်ယောက်ဖြစ်သည်။

ယင်းသို့ ငွေကြေးအတွက် လိုအပ်မှုမရှိသည့်အခါ ထိုလုပ်ငန်းနှင့် သက်ဆိုင်သော အလုပ်သမားကိစ္စ၊ ငါးပုစွန်စသော ရေထွက်ကုန်ဝယ်ယူရရှိရေးကိစ္စ လုပ်ငန်းကိစ္စအဝဝပေါ်တွင် တကယ်တမ်းကျွမ်းကျင်နားလည်မှုက လိုအပ်လာပြန်သည်။

ယင်းကိစ္စများအတွက် စိတ်ချယုံကြည်ရမည့်သူ၊ ရေလုပ်သားများနှင့် အဆက်အစပ်ရှိသူ၊ လုပ်ငန်းသဘာဝအရပ်ရပ်ကိုလည်း အသေးစိတ်ထိတွေ့မှုရှိထားရှိသူ။ သည်လိုလူမျိုးကို ကိုသုဝေတို့လူစု စဉ်းစားရသည်။ ထိုသူမျိုးရှိပါမှလည်း ဖြစ်မည်။ သူတို့က လုပ်ငန်းကြီးတစ်ခုလုံးကို အုပ်ချုပ်နိုင်သည်မှာမှန်သည်။ ငွေရေး၊ ကြေးရေးအရင်းအနှီးမြှုပ်နှံခြင်းပြုနိုင်သည်မှာလည်း မှန်သည်။ ဈေးကွက်နှင့် အဆက်အသွယ်ပြုနိုင်ကြ သည်မှာလည်း မှန်သည်။

ဒါပေမဲ့ ရေလုပ်သားများနှင့် ဆက်သွယ်ရန်၊ ကုန်ထုတ်လုပ်သည့် အလုပ်သမားများနှင့် ဆက်ဆံရန်၊ ယင်းတို့၏ အထာ၊ ယင်းတို့၏ သဘာဝ၊

mgyoe.com

mgyoe.com

ယင်းတို့နှင့်ဆက်စပ်ပုံ ဆက်ဆံနည်းသည် အချက်အလက်များ ကိုလည်း ခြေသိမ်းခေါင်းပိုက်သိထားဖို့က လိုသေးသည်။ အနည်းဆုံး ထိုလူမျိုး တစ်ယောက်လောက်တော့ ရှိထားမှဖြစ်မည်။ ပြီး ထိုသူမှာလည်း သူတို့လုပ်ငန်းအတွက် စိတ်ချယုံကြည်ရမည့်သူဖြစ်ဖို့လိုသည်။ အလုပ်သမားနှင့် အလုပ်ရှင်နှစ်ဦးကြားတွင် သမာသမတ် မျှတစွာဖြင့် ကြည့်တတ် ဝေဖန်တတ်သူဖြစ်ရပေမည်။

တကယ်ဆိုတော့ သူတို့လုပ်ငန်းက မမြင်မတွေ့ရသေးသော ပင်လယ်ရေပြင်အောက်မှ ငါးပုစွန်ကို စိတ်ကူးဖြင့် မျှော်မှန်းလျက် ငွေကြေးအရင်းအနှီး မြှုပ်နှံရသော စွန့်စားရမှု အလုပ်တစ်ခုဖြစ်လေသည်။

ထိုအခါ သူ့သဘော သူ့အထာကို မသိလျှင်တော့အခက်သား။ ကိုယ့်ဘက်က အမာခံမရှိလျှင် သူပြောတိုင်းခေါင်းညိတ်နေရမည်။ ငွေကိုတင်းတောင်းနှင့် ခြင်ထားရမည့် အဖြစ်။

ယင်းကိစ္စကို သူတို့လူစု ဆွေးနွေးကြသောအခါ....

"အမှန်တော့ အဲဒီကိစ္စ၊ အဲဒီလုပ်ငန်းတွေဘက်က နားလည်တတ်ကျွမ်းတဲ့လူ တစ်ယောက်စ နှစ်ယောက်စရှိဖို့လိုတယ်ဗျာ။ ဒိုင်ဖွင့်ပြီး အဝယ်အခြမ်းလုပ်ရင်လည်း ရေလုပ်သားတွေနဲ့ အဆက်အဆံရှိတဲ့လူ တစ်ယောက်၊ သူတို့အကြောင်း သူတို့အထာကို သိတဲ့လူတစ်ယောက်ပေါ့ ဗျာ၊ အဲဒီလူမျိုးတော့ ကျွန်တော်တို့မှာ လိုလိမ့်မယ်"ဟု ကိုသက်တင်က ပြောသည်။

သည်တွင် ကိုသုဝေက ပြောလိုက်သည်။

"အဲသလို လူတစ်ယောက်တော့ ကျောက်ကလပ်ရွာမှာရှိတယ်ဗျ၊ ဦးထွန်းလူတဲ့၊ တစ်သက်လုံး ရေလုပ်ငန်းနဲ့အသက်မွေးလာတာ၊ ဒီအလုပ်တွေကို အောက်ခြေသိမ်းနားလည်တယ်၊ ဒီနယ်တစ်ဝိုက်က ရေလုပ်သားတွေနဲ့လည်း အဆက်အသွယ်ရှိတယ်။ လူရိုး လူကောင်းကြီးတစ်ယောက်၊ ကျွန်တော်နဲ့ သခင်စိန်မောင်မိတ်ဆွေကြီးဆိုပါတော့။ ဟိုင်းကြီးစခန်း မဖွင့်ခင် ကျွန်တော်နဲ့သခင်စိန်မောင် ဦးထွန်းလူဆီ သုံးလေးခေါက် ရောက်ကြသေးတယ်၊ အဲဒီတော့ မနက်ဖြန်ပဲ ကျွန်တော်ကျောက်ကလပ် သွားလိုက်မယ်၊ ဦးထွန်းလူကို ကျွန်တော်ခေါ်လာခဲ့မယ်၊ ခင်ဗျားတို့ သူနဲ့တွေ့ပြီး

mgyoe.com

mgyoe.com


ဆွေးနွေးကြည့်ကြဦးပေါ့ဗျာ"

"ကောင်းသားပဲ၊ လူရိုး လူကောင်းတစ်ယောက်ဆိုရင် ကျွန်တော်တို့ ဆီမှာပဲ အလုပ်တစ်ခုပေးထားတာပေါ့ဗျာ၊ အဲသလိုက ပိုကောင်းပါတယ်၊ ကျွန်တော်တို့ မသိတဲ့ ကိစ္စဆိုသူ့ကိုမေးရမြန်းရ၊ တိုင်ပင်ရတာပေါ့"

ကိုကြည်ဖေကပြောသည်။

"အားလုံးသဘောတူရင် မနက်ဖြန်ပဲ ကျောက်ကလပ်ကို ကျွန်တော် သွားမယ်" ကိုသုဝေက ကျန်သူများ၏ ဆန္ဒကို သေချာအောင် ထပ်မေး သည်။

"တူပါတယ်ဗျာ၊ တူပါတယ်"

သို့နှင့် နောက်တစ်နေ့မနက် စောစောတွင် ကိုသုဝေ ဟိုင်းကြီးစခန်းမှ ကျောက်ကလပ်သို့ ထွက်ခွာသွားသည်။ ညနေပိုင်းတွင် ပြန်ရောက်လာ သည်။

ကိုသုဝေနှင့်အတူ လူတစ်ယောက်ပါလာသည်။ အသက်အရွယ် ခြောက်ဆယ်ခန့်၊ အသားညိုညို၊ ကိုယ်သဏ္ဍာန်ခပ်သွယ်သွယ်။ သူ့မျက်နှာအမူအရာမှာ စိတ်ထားကောင်းမွန်ဟန်၊ အားနာတတ်ဟန်ရှိသည်။ သို့ ရာတွင် ဘဝ၏ပင်ပန်းဆင်းရဲမှုဒဏ်ကြောင့် အရွယ်နှင့်မလိုက်အောင် အို စာနေပြီ။ နေလောင်ထားသော မျက်နှာနှင့် အကြောပြိုင်းပြိုင်းထနေသော လက်မောင်းလက်ရိုးများသည် အလုပ်ကြမ်းကို အလူးအလဲ ခံခဲ့ရသူဖြစ် ကြောင်း သက်သေထူနေသည်။

"ဒါ.....ဦးထွန်းလူ"

သခင်စိန်မောင်မှအပ ကျန်သူလေးယောက်အား ကိုသုဝေက ဦးထွန်း လူနှင့် မိတ်ဆက်ပေးသည်။

သည်တစ်ကြိမ် သူတို့လူစု ဆွေးနွေးကြသည်မှာ ဟိုင်းကြီးစခန်း၌ ဖြစ်သည်။ ဒေါ်နှင်းမြတစ်ယောက်မှလွဲ၍ ကျန်သူခြောက်ယောက် လူစုံ တက်စုံ။ အိမ်မှုကိစ္စတာဝန်များနှင့် နောက်ထပ်လုပ်ငန်းတာဝန်များကြောင့် ဟိုင်းကြီးစခန်းသို့ ဒေါ်နှင်းမြမလာရောက်နိုင်။ သည် လူခြောက်ယောက် စီစဉ်သမျှ အားလုံးသဘောတူကြောင်း ဆန္ဒပေးပြီးပြီ။

ထိုအခါ ဦးထွန်းလူအား မေးရမြန်းရ၊ ဆွေးနွေးရမည့် ကိစ္စမှစလျက်

mgyoe.com

mgyoe.com


နောက်ပိုင်းတွင် လုပ်ကိုင်ရမည့် တာဝန်မှန်သမျှသည် ခြောက်ယောက် တာဝန်၊ သည်ခြောက်ယောက်ကသာ တိုင်ပင်ညှိနှိုင်းလျက် လုပ်ငန်းသစ်တစ်ခုကို အကောင်အထည်ဖော်သွားကြရပေလိမ့်မည်။

ယခုဆိုလျှင် သူတို့သိချင်သော အကြောင်းအချက်မှန်သမျှ ဦးထွန်းလူကိုမေးရမြန်းရသည်။ ရေလုပ်သားကိစ္စ၊ ငါးပုစွန်အဝယ်အခြမ်းကိစ္စ၊ ငွေအပေးအချေကိစ္စ၊ နောက်တော့ ငါးပိငါးခြောက်၊ ပုစွန်ခြောက်မှစလျက် ယင်းလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းများကိစ္စ။ အမျိုးပေါင်းစုံတကာ အစေ့ပင်။

မေးသူကခြောက်ယောက်။

ဖြေသူက တစ်ယောက်တည်း ဒိုင်ခံ။

ဟိုင်းကြီးစခန်းတွင် ဦးထွန်းလူ နှစ်ညအိပ်ကြာသွားသည်။ နှစ်ဦး နှစ်ဝ အကျိုး ပြီးစီးကြသည်။ အားလုံးကျေနပ်ကြသည်။ ဟိုင်းကြီး ကုမ္ပဏီဘက်က အလိုဆန္ဒပြည့်ဝမှာ ဖြစ်သလို ဦးထွန်းလူအနေနှင့်လည်း ဝမ်းအသာကြီးသာလိုက်သည့်ဖြစ်ခြင်း၊ ရွှေထုပ်ကြီးတစ်ခု ကောက်ရသလိုပင်။

ဟိုင်းကြီးစခန်းမှအပြန်တွင် လမ်းတစ်လျှောက်လုံး ဦးထွန်းလူ စိတ်ဓာတ်တွေအကြီးအမား လှုပ်ရှားလာသည်။ ရင်ထဲက တဖျပ်ဖျပ်ခုန်နေသည်။ သူ့တစ်ကိုယ်လုံး သွေးတိုးနှုန်းတွေ မြန်နေသည်။ လူမှာ မြူးမြူးကြွကြွ ရိုးတိုးရွတဖြစ်နေသည်။ သူ့ရွာကလေး ကျောက်ကလပ်ကို ရောက်ချင်လှပြီ။ သူ့အိမ်ကိုရောက်ချင်လှပြီ။ လိုက်ပို့သော မော်တော်စက်ကိုပင် အသွားနှေးလွန်းရန်ကောဟု ဦးထွန်းလူထင်မိသည်။

သို့နှင့် ကျောက်ကလပ်ရွာကမ်းကို မော်တော်ဦးထိုးကပ်လိုက်သည်။ လိုက်ပို့သော မော်တော်မောင်းသည့် သူငယ်ကိုပင် နှုတ်ဆက်ရကောင်း မှန်း ဦးထွန်းလူ သတိမထားနိုင်ပါ။ နေအိမ်ငယ်ရှိရာသို့ ဦးထွန်းလူ အပြေး အလွှား တက်ရောက်ခဲ့သည်။

"မငြိမ်းသာ၊ မငြိမ်းသာ၊ မငြိမ်းသာရေ"

ဖြစ်ရပုံများ အိမ်ပေါက်တွင်ငုတ်တုတ်ကြီးထိုင်နေသော ဇနီးသည်ကို မြင်လျက်နှင့် ဦးထွန်းလူအဆက်မပြတ်ခေါ်သည်။ နောက်တော့ အမောတကော ပြောလိုက်သည်။

mgyoe.com

mgyoe.com


"ကျုပ်တစ်သက်မှာ ခုလိုဝမ်းသာရမယ့် အဖြစ်မျိုးနဲ့ ဒီတစ်ခါပဲကြုံဖူးသေးတယ် မငြိမ်းသာရေ၊ ကျုပ်တို့ ရှင်မတို့ အတွက်ထက် ကျုပ်မြေးအတွက်ကို ကျုပ်ဝမ်းအသာဆုံးပဲကွ။ ဆရာလေးကိုသုဝေတို့၊ ဆရာကိုစိန်မောင်တို့ကျေးဇူးဟာ ကျုပ်တစ်သက်ဆပ်လို့မကုန်တော့ပါဘူးကွာ၊ ခုကြည့်စမ်း ကျုပ်တို့ညည်းတို့ကိုလည်း သူတို့ဆီမှာ အလုပ်တွေဘာတွေပေးထားဦးမယ်တဲ့၊ ကျုပ်မြေးကိုလည်း ဟိုမှာရှိတဲ့ သူငယ်နှစ်ယောက်နဲ့အတူ စာရင်းလေးအင်းလေး ရေးဖို့မှတ်ဖို့ အလုပ်တစ်ခုပေးထားမယ်တဲ့၊ အင်း....အဲဒါဟာ ဟိုပုသိမ်ကို ပြောင်းသွားတဲ့ ကိုငြိမ်းမောင်ရဲ့ ကျေးဇူးကွ၊ ဆရာကိုငြိမ်းမောင်ကြောင့် ကျုပ်တို့မြေးဟာ ခုလိုအထက်တန်း ကျောင်းတွေဘာတွေနေရပြီး ပညာတတ်ကလေးတစ်ယောက် ဖြစ်လာ တာပေါ့၊ ဒီတော့ကျုပ်တို့မင်းတို့ ဟိုင်းကြီးစခန်းမပြောင်းခင် ကျုပ်မြေးကို ဆရာလေးကိုငြိမ်းမောင်ဆီလွှတ်ပြီး ကန်တော့ခိုင်းရဦးမယ်၊ အလုပ် အကိုင်များလည်းနေရာကျပြီဆိုတာ အပြောခိုင်းရဦးမယ်၊ ဆရာလေးကြိုက်တဲ့ ကကူရံငါးခြောက်လည်း ပေးလိုက်ရဦးမယ်၊ ဆရာလေးကိုငြိမ်းမောင်တစ်ယောက်ကျန်းမာချမ်းသာရှိပါစေဗျာ"

၀

mgyoe.com

mgyoe.com

[ ၄ ]

ကိုငြိမ်းမောင်ဟူသော ကျောက်ကလပ်ရွာရောက် ဆရာတစ်ယောက်၏အကြောင်းကို မပြောခင် ဦးထွန်းလူမြေးအဘိုးအကြောင်း ဆက်လက်၍ ပြောရပါဦးမည်။ အဘိုးကြီးသည် သူ့မြေးအပေါ် အသက်လောက်ချစ်မြတ်နိုးသည်။ မဆန်းလှပါ။

အဘိုးအဘွားများအနေနှင့် မြေးမြစ်များအပေါ် အချစ်သံယောဇဉ်ကြီးမားကြသည်မှာလည်း ဓမ္မတာပင်မဟုတ်လား။ သားသမီးအချစ်၊ မြေးအနှစ်ဆိုထုံးစကားလည်း ရှိပါသည်။ ဒါပေမဲ့ သူ့မြေးအပေါ် ဦးထွန်းလူချစ်သည်မှာ သူတကာဘိုးဘေးတွေထက် အဆတစ်ရာ ပိုသည်ဟု ဒေါ်ငြိမ်းသာယူဆသည်။

ဒေါ်ငြိမ်းသာအမြင်၊ ဒေါ်ငြိမ်းသာအယူအဆသာမဟုတ်ပါ။ ကျောက်ကလပ်၊ မန်ကျည်းချိုင်၊ အဆင်းချိုင်။ သည်ရွာသုံးရွာစလုံးမှ လူအများကလည်း ဒေါ်ငြိမ်းသာမြင်သလို မြင်ကြသည်။ ဒေါ်ငြိမ်းသာထင်သလိုထင်ကြသည်။

"ဒီလူကြီးနှယ် အဖြစ်သည်းလွန်းရန်ကော" ဟု ကွယ်ရာထောက်ရာမှ နေလျက် သည်လိုပင်ပြောတတ်ကြသည်။

"သူ့မြေးသူ ဘယ်လိုများအောက်မေ့နေပါလိမ့်" ဆိုသူက ဆိုကြသည်။

"အစကတော့ ကျုပ်တို့အနေနဲ့ တထိတ်ထိတ်ပေါ့။ ဒီကောင်လေးကို အသေသတ်ပြီး ပင်လယ်ထဲများ ပစ်ချလိုက်မလား"ဟု အတိတ်ကို အစ

mgyoe.com

mgyoe.com


ဖော်သူကလည်း မရှား။

"သွေးဟာ သွေး၊ ဒီလိုပြောလို့ဘယ်ဖြစ်မလဲဟာ၊ သူ့သမီးချောခင်က မွေးတဲ့ သူ့မြေး၊ သူ့သွေး၊ နင်တို့ ကိုယ်ချင်းစာ ကြည့်မှပေါ့" ဒါက ဓမ္မဓိဋ္ဌာန်ကျသူများစကား။

မည်သူတွေ မည်သို့ဆိုပါစေ။ အဘိုးကြီးက သူ့မြေးအပေါ် အချစ်ကြီးလွန်းသည်လည်း မှန်သည်။ အဖြစ်သည်းလွန်းသည်လည်း မှန်သည်။ အချစ်ကြီးတော့ အဖြစ်သည်းရာကျသည်။

ထိုအခါ.....

ကမ္ဘာမီးလောင်သားကောင်ချနင်း ဆိုသောစကား၊ ကိုယ်မချို အမိသော်လည်း သားတော်ခဲဆိုသော စကားများသည် အဘိုးကြီးဦးထွန်းလူ အနေနှင့် မမှန်နိုင်ပါ။ ကေန်ကေဟုလည်း လက်မခံနိုင်ပါ။

အဘိုးကြီးသည် ပင်လယ်ပြင်ခရီးကို ငါးဖမ်းထွက်သည့် အခါများ၌ပင် သူ့မြေးကို အမြဲသတိရနေတတ်သည်။ သူ့မြေးကို မြင်ယောင်နေတတ်သည်။ အခိုက်အလှည့်မသင့်၍ ပင်လယ်ပြင်တွင်မုန်တိုင်းမိပြီဆိုလျှင်လည်း လောလောဆယ်သူ့သေရေးရှင်ရေးထက် အိမ်တွင်ကျန်ခဲ့သော သူ့မြေး ဂျပန်၏ရှေ့ရေးကို ပြေး၍သတိရတတ်သည်။ တွေးတော၍ပူပန်သောက ရောက်တတ်သည်။

ခုနေ ငါများသေသွားမှဖြင့်၊ သည်အတွေးအတောက ဦးထွန်းလူခေါင်းထဲသို့ အပြေးအလွှား ဝင်ရောက်လာတတ်သည်။ ခက်ပါကလား။

သူ့မြေးကိုယ်တိုင်ကလည်း ဦးထွန်းလူ သံယောဇဉ်ကြီးမားလောက်သည့်မြေး။

သူ့ဘိုးအေပင်လယ်ပြင် ထွက်ပြီဆိုလျှင် ရွာ့အပြင် သောင်စပ်မှ မျှော်ကြည့်ရင်း အငေးအငိုင်သား ကျန်နေတတ်သည်။ မှုန်ရီမှိုင်းဝေသော ပင်လယ်ပြင်တွင် သူ့အဘိုးလှေကွယ်ပျောက်သွားလေလျှင် ရွာတော့မည့်မိုးလို ဂျပန့်မျက်နှာ ညှိုးငယ်သွားလေတော့သည်။ မျက်ဝန်းအိမ်တွင် မျက်ရည်ကလေးများ ဝန်းစို့လာတတ်သည်။ သူ့အဘိုးလှေပြန်မရောက်မချင်း ဂျပန်မရွှင်မလန်းဖြစ်နေတတ်သည်။

ဘွားအေကြီးချော့လိုမရ၊ သူ့အမေချောခင် ချော့လို့မရ။

mgyoe.com

mgyoe.com


"ခက်ပါတယ်အမေရယ်၊ ဒီကောင်ကလေးကြောင့် သမီးသိပ်စိတ်ရှုပ်တာပဲ၊ အဘကို အောက်မေ့ပြီး လွမ်းနာကျနေသလား မသိဘူး၊ ညတုန်းကလည်း တစ်ညလုံးကောင်းကောင်းကိုမအိပ်ဘူး"

ချောခင် ညည်းညည်းညူညူ ပြောသည်။

ဒေါ်ငြိမ်းသာ ကိုယ်တိုင်မှာလည်း စိတ်ရှုပ်စိတ်ညစ်ရုံ၊ စိတ်မကောင်းရုံမှလွဲပြီး ဘယ်လိုမှ မတတ်နိုင်။

သို့နှင့် ဆယ့်လေးငါးခြောက်ရက် ကုန်လွန်သွားသည်။ ထိုအခါ ပင်လယ်ပြင်မှ ပိုက်လှေတွေ ပြန်ဝင်လာကြပြီ။

ဂျပန်သည် သူ့ဘိုးအေကို အပြေးအလွှား သွားရောက်ကြိုဆိုသည်။ ဘိုးအေ၏ လက်တစ်ဖက်ကို တင်းတင်းရင်းရင်းဆုပ်လိုက်သည်။ ဦးထွန်းလူက ကောက်ယူချီပွေ့လိုက်သည့်အခါ ဘိုးအေ၏လည်ပင်းကို သိမ်းဖက်လိုက်သည်။ ဘိုးအေပါးနှင့်သူ့ပါးအား တအားဖိကပ်လိုက်သည်။

ဦးထွန်းလူအမောပြေရပြီ။ ပင်လယ်ပြင်တွင် ကြုံတွေ့ခံစားခဲ့ရသမျှ နေဒဏ်၊ လေဒဏ်၊ မုန်တိုင်းဒဏ်မှန်သမျှ လွင့်စဉ်ပပျောက်ရလေပြီ။

သည်တုန်းက ဂျပန်လေးနစ်သားကျော်ကျော်၊ ငါးနှစ်ရွယ်ရောက်လုနီး။

"အဘကိုယ်က ငါးညှီနံ့နံ့တယ်၊ နေစော်နံ့တယ်၊ အဘအသားတွေက ဆားပက်ထားသလိုပဲ၊ တအားကြီးမဖက်ရဘူးကွ"

"ညကျရင် သားသားဘဘနဲ့ အိပ်မယ်နော် ဘဘ"

"အေးပေါ့ကွ၊ အိပ်ရမှာပေါ့ကွာ၊ အဘ ပြန်လာမှဟာ"

ဂျပန်က သူ့ဘိုးအေပါးကို တရှုပ်ရှုပ်နမ်းလိုက်သည်။

ဦးထွန်းလူရင်ထဲတွင် နွေးထွေးသွားရသည်။ သည်ဝေဒနာကို ဦးထွန်းလူ မက်မောသာယာမိသည်။

"နောက်ဆိုရင် ရွှေကမ်းထိပ်သစ်ပင်ရိပ်အောက်မှာစောင့်ကွ"

ဦးထွန်းလူက ပြောလိုက်သည်။

"ဘာဖြစ်လို့လဲဟင် အဘ"

"သောင်ပြင်ကို မပြေးရဘူးကွ၊ ပြေးတော့ မတော်မဆ လဲပြိုဖြစ်တတ်တယ်။ မြေးရဲ့ခြေထောက်ကလေးတွေ၊ အသားကလေးတွေက နုနုနယ်နယ်လေး၊ ကျောက်ဆောင်စွန်းနဲ့ထိမိတိုက်မိရင် ပေါက်ပြဲဖြစ်မယ်၊ သွေးတွေ

mgyoe.com

mgyoe.com


ထွက်မယ်၊ အနာအဆာဖြစ်မယ်"

ဂျပန်တွေနေသည်။ သူ့ဘိုးအေစကားကို စဉ်းစားသလားတော့မပြော တတ်။ အတောင်အလက်မစုံသေးသည့်တိုင် သတ္တဝါတို့၏ ဗီဇနိယာမက ရသလောက် အခွင့်အရေး၊ ပေးသလောက် အသိဉာဏ်နှင့်ပင် လူးလွန့် လှုပ်ရှားလိုကြသည်မှာ ဓမ္မတာသဘော။

"အဘပြောတာ မှတ်ထားနော်"

ပခုံးထက်မှ ငြိမ်နေသော မြေးကို ဦးထွန်းလူထပ်ပြောလိုက်သည်။

"ပြေးတော့ ဘာဖြစ်တာလဲဟင် အဘ၊ ဟို ခွေးညိုတို့ရော ပြေးတာပဲ"

"သူတို့ပြေးပေမဲ့ မြေးမပြေးရဘူး၊ လဲတော့ သွေးတွေထွက်လာမယ်၊ အနာအဆာဖြစ်လာမယ်၊ မပြေးရဘူးနော်၊ ဟုတ်လား"

"သားသားက အဘနဲ့ ပင်လယ်ကိုလိုက်ချင်တာဗျ"

မြေးစကားကြောင့် ဦးထွန်းလူရင်ထဲတွင် ဒိတ်ခနဲ လှုပ်ရှားသွားသည်။ ရုတ်တရက်ဘာစကား ပြန်ပြောရမည်မသိ၊ ထူပူသွားသည်။ နောက်တော့ ပြောလိုက်သည်။

"ပင်လယ်ပင်ဖျားဆိုတာ ကလေးမလိုက်ရဘူးကွ"

"ကြီးတော့မှ လိုက်ရမယ်၊ ဟုတ်လားအဘ"

"ကြီးလည်း မလိုက်ရပါဘူးကွာ၊ ပင်လယ်ဆိုတာ ကြောက်စရာ အင်မတန်ကောင်းတယ်၊ လှိုင်းကြမ်းလေကြမ်းနဲ့ မုန်တိုင်းတွေအင်မတန်ကြီး မားတယ်"

"အဘက မကြောက်ဘူးနော်"

"အဘလည်း ကြောက်တာပ မြေးရယ်၊ မကြောက်ဘဲရှိပါ့မလားကွဲ့၊ ဒါပေမဲ့ ပင်လယ်သွားမှ ငါးတွေပုစွန်တွေရမယ်၊ ငါးတွေ ပုစွန်တွေရမှ အဘတို့ ငါ့မြေးတို့ ထမင်းတစ်ဝမ်းစားရမယ်"

"ပင်လယ်ထဲမှာ လူတွေမရှိဘူးလားအဘ"

"ဘယ်ရှိမှာလဲကွာ၊ အဘတို့လို ငါးဖမ်းထွက်တဲ့လူတွေလောက်ပဲ ရှိတာပေါ့"

"ငခွေးတို့ ကြွက်နီတို့လို ကလေးတွေကော"

"မရှိဘူးကွ"

mgyoe.com

mgyoe.com


"အိမ်တွေကောမရှိဘူးလား"

"မရှိပါဘူးကွာ"

"ပန်းတွေ၊ ငှက်တွေ၊ အုန်းပင်တွေကော"

"အဲဒါတွေလည်း တစ်ခုမှမရှိဘူး"

"ကျွဲတွေ၊ နွားတွေ၊ လိပ်ပြာကလေးတွေကော"

"ဘာဆို ဘာမှမရှိဘူး"

"ဒါဖြင့် ပင်လယ်ထဲမှာ ဘာတွေရှိလဲ အဘ"

"ငါးတွေ၊ ပုစွန်တွေရှိတာပေါ့ မြေးရာ"

"သူတို့ ထမင်းဆာရင် ဘယ်သွားစားလဲ အဘ"

သူ့မြေး ဂျပန်၏မေးခွန်းကို အတန်ကြာ ဦးထွန်းလူစဉ်းစားလေသည်။ နောက်တော့ အဖြေပေးလိုက်သည်။

"ပင်လယ်ထဲမှာ စားတာပေါ့"

"အိပ်တော့ကော"

"ပင်လယ်ထဲမှာ အိပ်တာပေါ့"

ဂျပန်အတန်ကြာတွေးနေသည်။ သူ့ ဘိုးအေ၏ အဖြေကိုဂျပန်ကျေနပ်ဟန်မတူ။ ပြီးတော့ ထပ်မေးလိုက်လေသည်။

"ဒါနဲ့ အဘပြောတော့ အိမ်မရှိဘူးဆို၊ အိမ်မရှိရင် သူတို့ဘယ်လို အိပ်မှာလဲ"

ဦးထွန်းလူသူ့မြေးကို သဘောအကျကြီးကျသွားသည်။ တဟားဟား ရယ်မောလိုက်ပြီးမှ

"ငါးတို့၊ ပုစွန်တို့ဆိုတဲ့ ရေသတ္တဝါတွေဟာ ရေထဲမှာစားတယ်၊ ရေထဲ မှာပဲအိပ်တယ်ကွ၊ မြေးရ"

"သူတို့ သိပ်ချမ်းမှာပဲနော်"

"မချမ်းပါဘူး မြေးရာ၊ သူတို့က အကျင့်ရနေပြီကွဲ့"

"သူတို့ရေထဲမှာ ဘယ်လိုလုပ် အိပ်သလဲ၊ သားသားကြည့်ချင်လိုက် တာ အဘရာ"

"မြေးကို ကျောင်းထားရမယ်ကွ၊ နောက်တစ်ခေါက်အဘပင်လယ်က ပြန်တက်လာရင် မြေးကျောင်းနေရမယ်၊ စာတွေတတ်အောင်သင်ရမယ်၊

mgyoe.com

mgyoe.com


ဆရာကိုငြိမ်းမောင်ကျောင်းမှာ နေရမယ်။ ပင်လယ်ဆိုတာ မကောင်းပါဘူးကွာ၊ မလိုက်ချင်ပါနဲ့။ အင်မတန်ဘေးအန္တရာယ်များတယ်။ မြေးကျောင်းနေမယ်မဟုတ်လား"

ဂျပန်ခေါင်းညိတ်သည်။

"ရွာကျောင်းကပြီးရင် ငပုတောမြို့ကျောင်းနေရမယ်၊ ပညာတွေအများကြီးတတ်အောင် မြေးသင်ရမယ်၊ ဟုတ်လား၊ ပညာတွေတတ်တော့ ငါ့မြေးဟာ အဘတို့လို တံငါအလုပ်မလုပ်ရဘူး၊ ဟုတ်ပလား"

ဂျပန်ခပ်လေးလေး ခေါင်းဆတ်လိုက်သည်။

"မြေးကြီးရင် ဘာလုပ်မလဲ"

"ဆရာ ကိုငြိမ်းမောင်လုပ်မယ်"

"အင်း....ဒီအလုပ်မျိုးကလည်း ကောင်းပါတယ်လေ၊ ကုန်းပေါ်မှာ အေးအေးချမ်းချမ်းနေရပြီး ကလေးတွေစာသင်ပေးရတာဆိုတော့ ကုသိုလ်လည်းရ ဝမ်းလည်းဝပေါ့"ဟု ဦးထွန်းလူအတွေးရောက်ရှိလေသည်။

သူ့မြေးဂျပန်က အစဖော်ပေးလိုက်သောကြောင့်လည်း ကျောင်းဆရာကိုငြိမ်းမောင်နှင့် ဆက်စပ်သည့်အကြောင်းရပ်များဆီသို့ ဦးထွန်းလူစိတ်ရောက်ရပြန်လေသည်။ စင်စစ် ကိုငြိမ်းမောင်ဟူသည် ဦးထွန်းလူတို့ကျောက်ကလပ်ရွာမူလတန်းကျောင်းမှ တစ်ဦးတည်းသော ကျောင်းဆရာဖြစ်သည်။ ကျောက်ကလပ်၊ မန်ကျည်းချိုင်၊ အဆင်းချိုင်ရွာသုံးရွာပေါင်းမှ မူလတန်ကျောင်းတစ်ကျောင်းတည်း။ ဆရာဆိုလျှင်လည်း စေ့စေ့ပေါက်ပေါက် ကိုငြိမ်းမောင်တစ်ယောက်တည်း။ သို့တိုင် ရွာသုံးရွာပေါင်းမှ ကျောင်းသားနှစ်ဆယ်အစိတ်ပင်မပြည့်တတ်။ တစ်ခါတစ်ခါတော့ ဆရာနှင့်တပည့်နှစ်ယောက်တည်းဖြစ်နေတတ်သည့်ကျောင်း။

ဆရာကိုငြိမ်းမောင်သည် လူပျိုလူလွတ်တစ်ယောက်ဖြစ်၏။ စိတ်နေသဘောထား ရိုးသားကောင်းမွန်၏။ လခမှာတစ်ရာကျော်ကလေးဖြစ်၏။ ဆွေဆွေမျိုးမျိုးတွေ ရှိပင်ရှိသော်လည်း ဝေးလှမ်းသောဒေသတွင်ဖြစ်၏။ လခထုတ်လျှင် ဦးထွန်းလူတို့ကျောက်ကလပ်ရွာမှ ခုနစ်မိုင်၊ ရှစ်မိုင် ကွာဝေးသော ငပုတောတွင်သွားရောက်ထုတ်ယူရ၏။ ငပုတောတွင်မူ အထက်တန်းကျောင်းရှိ၏။ ကျောက်ကလပ်နှင့်ငပုတောခရီးမှာ ရေကြောင်းလမ်း

mgyoe.com

mgyoe.com


တစ်လမ်းတည်းသာရှိ၏။ ကျောက်ကလပ်နှင့် ငပုတောသို့ပြေးဆွဲခုတ် မောင်းနေသော ပုဂ္ဂလိကပိုင်မော်တော်ကလေးတစ်စင်း ရှိသော်လည်း စက်ပျက်နေသည်က များ၏။ ခုနစ်ရက်တစ်ကြိမ်ပင် မှန်အောင်မထွက်နိုင်။ မော်တော်ထွက်ပြီဆိုလျှင်လည်း ခေါင်မိုးပေါ်ရော၊ စက်ခန်းထဲရော၊ အိမ်သာထဲရော ခရီးသည်တွေပြည့်သိပ်နေတတ်၏။ ထို့ထက်ပိုပြီး ဆိုးသည်မှာ လမ်းခရီးတွင် မော်တော်ပျက်ပါက ခရီးသည်တွေမှာ ထမင်းအငတ်ငတ်၊ ရေအပြတ်ပြတ်ဖြစ်ကုန်ကြတော့၏။

ထို့ကြောင့် ငပုတောသို့ ဆရာကိုငြိမ်းမောင်လခထုတ်သွားသည့်အခါများတွင် ဦးထွန်းလူက လှေနှင့်လိုက်ပို့ပေးရသည်။ အခငွေကြေးဘယ်ရွေ့ဘယ်မျှရမှဟု ဦးထွန်းလူမပြော။

"ဆရာလေး စေတနာရှိသလောက်ပေးဗျာ၊ မပေးလည်းရပါတယ် ဆရာလေး"

ဦးထွန်းလူက ပြောသည်။ လောကွတ်ပျူငှာစကားမဟုတ်၊ ဦးထွန်းလူ၏ သဘောမှန် စေတနာအရိုးခံဖြစ်သည်။ သည်တွင် ဆရာလေးကိုငြိမ်းမောင်နှင့် ဦးထွန်းလူတို့စတင်ကာ ခင်မင်ရင်းနှီးသူဖြစ်လာကြသည်။ သည်လို ခင်မင်ရင်းနှီးမှုမှ စတင်လျက် နောက်တော့ ဆရာလေးကိုငြိမ်း မောင်က ဦးထွန်းလူတို့မိသားစုအိမ်တွင် ထမင်းလခနှင့်ကျွေးရန်ပြောသည်။ ဦးထွန်းလူတို့ဇနီးမောင်နှံက ထမင်းတစ်ဝမ်းအတွက် လခပေးစရာမလိုကြောင်း၊ ရွာဆရာ၊ ရပ်ဆရာတစ်ဦးအား ကျွေးမွေးပြုစုရမည့်တာဝန်မှာ သူတို့တွင်ရှိကြောင်းပြောလျက် ထမင်းပွဲရှေ့ရောက် ကျွေးမွေးပြုစုသည်။

ချောခင်ကိုယ်တိုင်ကလည်း အစ်ကိုတစ်ယောက်လို သဘောထားလျက် ဆရာကိုငြိမ်းမောင်၏ အဝတ်အထည်ဟောင်းများကို လျှော်ဖွပ်ပေး သည်။ အစုတ်အပြဲများကို ချုပ်စပ်ဖာထေးပေးသည်။ ထိုအချိန် ထိုအ ကြောင်းများမှ စတင်ကာ သူတို့တစ်တွေသည် ဆွေမျိုးရင်းချာများပမာ ဖြစ်ခဲ့ကြသည်။ တစ်ဦး၏အတွင်းရေး အတွင်းအကြောင်းများကိုလည်း တစ်ဦးက သိရှိခဲ့ကြလေသည်။

ထိုအတွင်း ဂျပန်ကိုကျောင်းအပ်ရန် တိုင်ပင်ကြသည့်အခါ ဆရာကိုငြိမ်းမောင်က ဦးထွန်းလူတို့ မိသားစုအား ပြောသင့်ပြောထိုက်သည့်

mgyoe.com

mgyoe.com


စကားတစ်ခွန်းကို ပြောလေသည်။

"ဦးကြီးတို့မိသားစုကို ဝတ္တရားရှိတဲ့အတိုင်း အကြံတစ်ခုတော့ ကျွန်တော် ပေးချင်တယ်၊ အဲဒါ ဘာလဲဆိုတော့ ဒီကလေးကို ခုလိုကျောင်းအပ်မယ် ဆိုရင် စကတည်းက သူ့နာမည်ကိုပြောင်းလိုက်ရင် ကောင်းမယ်ဗျ၊ ဘာကြောင့်လဲဆိုတော့ ကျောင်းအပ်တဲ့အချိန်မှာ ဂျပန်ဆိုတဲ့နာမည်ရင်းနဲ့ စာရင်းသွင်းလိုက်ရင် နောင်အခါမှာ သူ့အရည်အချင်းအရ ငပုတောကျောင်း တို့၊ ပုသိမ်ကျောင်းတို့ရောက်တဲ့အထိ ဒီနာမည်ဟာ တွင်သွားလိမ့်မယ်၊ အဲဒီအချိန်ကျတော့ ပြောင်းချင်ဖျက်ချင်လို့ သိပ်မလွယ်ဘူးခင်ဗျ၊ အဲဒီတော့ ခုကတည်းက စဉ်းစားရင်ကောင်းပါတယ်၊ ကျွန်တော်ပြောချင်တာက ဒါပါပဲ၊ အဖေနာမည်က ဦးမောင်မောင်သန်း ဒါကဖြစ်ပါတယ်"

ဝတ္တရားတစ်ခုအနေနဲ့ ပြောပင်ပြောရသော်ငြားလည်း ဆရာကိုငြိမ်း မောင်အနေနှင့်မူ ချောခင်ကိုအားနာသား။

ဦးထွန်းလူတို့မိသားစုသုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။ အချိန်အတန်ကြာသည်အထိ မည်သူ့နှုတ်ကမျှ စကားသံထွက်မလာ။ ဦးထွန်းလူတစ်ယောက်ကသာ ဆရာကိုငြိမ်းမောင် ၏မျက်နှာကို မျက်လုံးအဝိုင်းသားနှင့် ငေးကြည့်နေသည်။ သူ့နှုတ်ခမ်းသည် တလှုပ်လှုပ်တရွရွ ရှိသော်လည်း သူ့ဆန္ဒတွေအပြင်ထွက်မလာ။ ရုတ်တရက်တော့ ဆရာကိုငြိမ်းမောင်ပင် ဝေခွဲမရအောင်ဖြစ်ရသည်။

ငါပြောတာ မကြိုက်လို့များလား၊ စိတ်များဆိုးကြလေသလား။

"ကျွန်တော်ပေးတဲ့အကြံကို ဦးကြီးထွန်းတို့ အဒေါ်ကြီးဒေါ်ငြိမ်းသာတို့ မနှစ်ခြိုက်ရင်...."

ထိုအခါ ဆရာကိုငြိမ်းမောင်စကားမဆုံးခင် ဦးထွန်းလူနှုတ်မှ အယောင် ယောင်အမှားမှားနှင့် စကားတွေထွက်လာသည်။

"ကြိုက်....ကြိုက်ပါသော်ကော ဆရာလေးရယ်၊ ကြိုက်မှသိပ်ကြိုက် တာပေါ့ဗျာ၊ အင်မတန်ကောင်းပါတယ်၊ အဲ...အဲ....ဒါပေမဲ့ ကျုပ်ကမပြော တတ်ဘူးဗျ၊ ကျုပ်မပြောတတ်ဘူး....ဟီး....ဟီး..."

ပြုံးဖြဲဖြဲကြီးဖြစ်နေသော ဦးထွန်းလူအဖြစ်ကိုကြည့်၍ ဆရာကိုငြိမ်း မောင်ကရယ်ဏာသက်မိလေသည်။ မြေးအပေါ်အချစ်ကြီးသလောက် ရိုးသား

mgyoe.com

mgyoe.com


မှုအနေနှင့်လည်း အပြစ်ကင်းလှပါကလားဟု ဆရာကိုငြိမ်းမောင်အမှတ်ပြုမိလေသည်။

"ဘာကို မပြောတတ်တာလဲ ဦးကြီးရ"

"ကျုပ်မြေးကို ဘယ်လိုနာမည်မျိုးပေးရမယ်ဆိုတာပေါ့ဗျာ၊ အဲဒါကို ကျုပ်မပြောတတ်ဘူး၊ ကျုပ်ကိုယ်တိုင် မကြာမကြာ အတွေးမိသားဗျ၊ ဒီဂျပန်ဆိုတဲ့နာမည်ကို တစ်ရွာလုံးကခေါ်နေလို့ ကျုပ်ကခေါ်နေရတာ၊ ကျုပ်အနေနဲ့တော့ မကြိုက်ပေါင်ဗျာ၊ ဗမာဟာ ဗမာနာမည်ပေါ့ဗျ၊ ကျုပ်ပြောတာမဟုတ်ဘူးလား ဆရာလေးရာ"

သည်တစ်ကြိမ်တော့ ဆရာကိုငြိမ်းမောင်ပြုံးလိုက်မိသည်။ နောက် တော့ ချက်ချင်း ဣန္ဒြေဆည်သည်။ စကားကို ရှေ့ဆက်လိုက်သည်။

"ဒီလိုဆိုရင် ဦးကြီးမြေးအတွက် ကျွန်တော်ပဲ နာမည်ရွေးပေးရမလား"

"ရွေးပေးပါ ဆရာလေးရာ၊ ရွေးပေးစမ်းပါဗျာ၊ ဆရာလေးပေးတဲ့နာမည်ဆိုတော့ အင်မတန်ကောင်းမှာပါဗျာ"

"ဟုတ်ပြီ....ဟုတ်ပြီ....၊ ဒီလိုဆိုရင် ဦးကြီးထွန်းမြေးအတွက် ကျွန်တော်စဉ်းစားထားတဲ့ နာမည်တစ်ခုရှိပါတယ်၊ မကြိုက်တော့လည်း ပြောကြပြင်ကြပေါ့ခင်ဗျာ၊ ဦးကြီးမြေးဟာ စနေသား၊ သူ့ရုပ်ရည်ကလည်း ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းကြီးဗျာ၊ ဒီတော့ နေ့သင့်နံသင့်လည်းဖြစ်အောင် ရုပ်ရည်နဲ့လည်း ဟပ်မိအောင် သန့်စင်ထွန်းလို့ပေးရင်မကောင်းဘူးလားခင်ဗျ၊ အဲလိုဆိုတော့ ဦးကြီးနာမည်ထဲက ထွန်းတစ်လုံးလည်း ပါသွားမယ်၊ နောက်ပြီး ဦးကြီးတို့မိသားစုမှာ သူတစ်ယောက်က ထွန်းပေါက်ထွန်းကားတဲ့ သဘောလည်းဆောင်မယ်ခင်ဗျ၊ ကြိုက်ရဲ့လားဦးကြီး...."

ဆရာကိုငြိမ်းမောင်က အားတက်သရော မေးလိုက်သည်။ သို့တိုင် ဦးထွန်းလူနှုတ်ဆိတ်နေသည်။ သူ့ရင်ထဲက သူ့မြေးအမည်ရွတ်ဆိုကြည့်သည်။

"သန့်စင်ထွန်း" တဲ့။

ဒေါ်ငြိမ်းသာနှင့် ချောခင်တို့ကိုယ်တိုင်မှာလည်း ခုအချိန်အထိ ငြိမ်နေသည်။ ဦးထွန်းလူနည်းတူပင် စိတ်ထဲကတော့ ရွတ်ဆိုကြည့်ကြလေသည်။ သန့်စင်ထွန်း....သန့်စင်ထွန်း။ သို့နှင့် အချိန်အတော်ကြာ ငြိမ်

mgyoe.com

mgyoe.com


သက်နေရာမှ ဆရာကိုငြိမ်းမောင်က မေးလိုက်သည်။

"ဘယ်လိုလဲဦးကြီး၊ ကျွန်တော်ပေးတဲ့နာမည် မကြိုက်ဘူးလား"

"ဟာကြိုက်ပါတယ်ဆရာလေး၊ ကြိုက်ပါတယ်ဗျ၊ ဆရာလေးပေးတဲ့ နာမည်ဟာ အင်မတန်ကောင်းပါတယ်ဗျာ၊ ဒါပေမဲ့ ဆရာလေးရာ..."

ဦးထွန်းလူ စကားဆုံးအောင် မပြောနိုင်၊ ခပ်တွေတွေရှိနေသည်။

"ဒါပေမဲ့ ဘာပြုလဲ ဦးကြီး"

"အဲ....အဲ.... ရွာက ရပ်ကလူတွေဟာ ဒီ....ဒီ...သန့်စင်ထွန်း...."

"တော့်နှယ်တော် ကိုယ့်မြေးကိုယ်ပေးတဲ့ ဥစ္စာ၊ ကိုယ်ကြိုက်သလိုပေး မှာပေါ့တော့၊ တကတဲမှတော်"

တစ်ချိန်လုံးနှုတ်ဆိတ်နေသော ဒေါ်ငြိမ်းသာက ခပ်တင်းတင်းခပ် ပြတ်ပြတ်ဝင်ပြောလိုက်သည်။ ဦးထွန်းလူအဖြစ်ကို ဒေါ်ငြိမ်းသာရိပ်မိ သည်။ ဂျပန်အမည်မှ သန့်စင်ထွန်းအမည်ကို သူ့ယောက်ျားအခေါ်ရခက် နေဟန်တူသည်။ ဟုတ်တော့ဟုတ်သည်။ အမည်က မြို့ဆန်လွန်းသည်။ ဒါပေမဲ့ ဆရာလေးကိုငြိမ်းမောင်အကြံဉာဏ်ကိုတော့ ဒေါ်ငြိမ်းသာမပယ် ဖျက်ချင်ပါ။ ထွန်းထွန်းခေါ်ချင်ခေါ်၊ အထွန်းခေါ်ချင်ခေါ် အဖြစ်သားပဲ။

"ရှင့်အနေနဲ့ အခေါ်ရခက်ရင် ထွန်းထွန်းလို့ခေါ်ပေါ့၊ ကျုပ်ကတော့ ဆရာလေးပေးတဲ့နာမည်ကို သိပ်ကြိုက်တယ်"

"သမီး....ကြိုက်ရဲ့မဟုတ်လား"

ချောခင်ဘက်သို့ ဦးထွန်းလူလှည့်မေးလိုက်သည်။ ချောခင်က ချက် ချင်းအဖြေပေးသည်။

"ကောင်းပါတယ် အဘရဲ့၊ အစ်ကို ကိုငြိမ်းမောင်ပေးတဲ့နာမည် အကောင်းသားပဲ၊ သမီးလည်း ကြိုက်တယ်၊ အဘ အခေါ်ရခက်နေရင် အမေပြောသလို အထွန်းလို့ခေါ်ပေါ့"

"ကဲ....ကောင်းပါတယ် ဆရာလေးရာ၊ ကျုပ်တို့မိသားစု အားလုံး လည်း ကြိုက်ပါတယ်ဗျာ၊ ဒီနာမည်နဲ့ပဲ ကျောင်းစာရင်းသွင်းလိုက်ပေါ့ ဗျာ"

ထို့ကြောင့် သန့်စင်ထွန်းအမည်အတည်ဖြစ်သွားသည်။ ဒါက ကျောင်းဆရာလေးကိုငြိမ်းမောင် ပေးသည့်အမည်။ အဘိုးကြီး ဦးထွန်းလူ ကမူ ချစ်စနိုးနှင့် အထွန်းဟုခေါ်သည်။ သည်ကောင်လေးသည် နှယ်နှယ်

mgyoe.com

mgyoe.com


ရရ မဟုတ်။ သုံးမည်ရ၊ သုံးဘွဲ့ခံ။ သန့်စင်ထွန်း၊ အထွန်း၊ ဂျပန်။ သို့ရာတွင် ကျောက်ကလပ်၊ မန်ကျည်းချိုင်၊ အဆင်းချိုင်၊ ယင်းသုံးရွာမှ ရွာသူရွာသားအားလုံးတို့ကမူ သည်ကောင်လေးကို ခေါ်ဝေါ်သမုတ်နေကြသည်မှာ ဂျပန်။

ယခုအချိန်၌မူ ဆရာကိုငြိမ်းမောင်သည် ကျောက်ကလပ်ရွာတွင် မရှိတော့ပြီ။ ဂျပန်ခေါ် သန့်စင်ထွန်းလေးတန်းအောင်သည့် နှစ်မှာပင် ငပုတောအထက်တန်းကျောင်းသို့ ပြောင်းရွှေ့သွားသည်။

ထို့ကြောင့်ပင် မဟုတ်လား။ ဆရာလေး ကိုငြိမ်းမောင် ကိုယ်တိုင်ကလည်း အတုံ့အလှည့်ကျေးဇူးပြုလျက် သန့်စင်ထွန်းအား ငပုတောအထက်တန်းကျောင်းတွင် ဆက်လက်၍ပညာသင်ကြားနိုင်ရေးအတွက် အရာရာအစစ တာဝန်ယူစောင့်ရှောက်ခြင်း ပြုခဲ့လေသည်။

ယင်းသို့လျှင် ဆရာကိုငြိမ်းမောင်၏ များစွာသောကျေးဇူးတုံ့ပြန်မှုတို့ကြောင့်ပင် သန့်စင်ထွန်းသည် ငပုတောမြို့အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာကိုဆည်းပူးနိုင်ခဲ့ခြင်းဖြစ်လေသည်။

၀

mgyoe.com

mgyoe.com

[ ၅ ]

အဘိုးကြီးဦးထွန်းလူသည် သူ့မြေးကို အလွန်အလိုလိုက်သည်။ ပင်လယ်မှပြန်တက်လာလျှင်လည်း အိမ်တွင်သူ့မြေးနှင့်သာ အချိန်ကုန်တတ်သည်။ ပင်လယ်ကမ်းစပ်မှ ကောက်ယူခဲ့သော ခရုတွေ၊ ကဏန်းတွေ၊ ယောက်သွားတွေကို သူ့မြေးအတွက် ကစားစရာအမျိုးမျိုးလုပ်ပေးသည်။ သူ့မြေးကြိုက်တတ်သည့် ပင်လယ်ငါး၊ ပုစွန်များကိုလည်း နည်းမျိုးစုံအောင်ပင် ချက်ပြုတ်၍ ကျွေးမွေးတတ်သည်။

ကစားဖော်မရှိ၍ သူ့မြေးက ပူဆာလျှင်လည်း သူကိုယ်တိုင်ကလေးလုပ်၍ ကစားရသည်။ မြေးကအုန်းရည်သောက်မည်ဆိုလျှင် အပင်ပေါ်ချက်ချင်းတက်ခူးသည်။

အမြင်မတော်လွန်းသည့်အခါ ဒေါ်ငြိမ်းသာကပြောလိုက်သည်။

"ခက်တာပါပဲတော်....ဒီကလေးအလိုလိုက်ပြီး ဒီကလေးခိုင်းတိုင်းသာ လျှောက်လုပ်နေ၊ ဘယ်နေ့အုန်းပင်ပေါ်ကပြုတ်ကျပြီးပေါင်ကျိုးသေမလဲ"

သည်အဖြစ်မျိုးကလည်း တစ်ကြိမ်နှစ်ကြိမ်မဟုတ်၊ အကြိမ်ပေါင်းအခါပေါင်းများလှပြီ။

သူ့မြေးလုပ်သမျှ ဘယ်တော့မှ ဦးထွန်းလူကမကန့်ကွက်။

"အဘ....အဘ ဆင်၊ ဆင်ကြီးလုပ်ပါဦး" ဟု ဆိုလျှင်လည်း ဦးထွန်းလူမနေနိုင်။ ထိုင်ရာမှ ကမန်းကတန်းထရသည်။ ပုဆိုးတစ်ထည်ကို နဖူးတွင် ဆင်နှာမောင်းလိုလိမ်ကျစ်ကာ လေးဖက်ထောက်လျက် တဝူးဝူး

mgyoe.com

mgype.com


အော်ပြရသည်။ မြေးဖြစ်သူက အိမ်တစ်အိမ်လုံး လှည့်ပတ်ပြေးလွှားသည်။ ဦးထွန်းလူက ဆင်တစ်ကောင်လို နှာမောင်းနှင့် လိုက်ရိုက်ရသည်။

ထိုအခါမျိုးတွင် ဂျပန်သည် သဘောအကျကြီးကျလျက် တခစ်ခစ်၊ တဟားဟား ဖြစ်နေတတ်သည်။

တစ်ဖန် "ကျား ကျားကြီးလုပ်ပါဦး ဘဘ"ဟု ခိုင်းပြန်လျှင်လည်း မနေသာ၊ ချက်ချင်းပင် ဆင်တစ်ကောင်အဖြစ်မှ ကျားတစ်ကောင်အဖြစ်သို့ ဦးထွန်းလူ ဘဝပြောင်းရပြန်သည်။

တစ်ချိတစ်ချိတော့ သူ့မြေးဂျပန်ကို ပခုံးပေါ်ထမ်းပြီး အိမ်ပေါက်စေ့ လျှောက်လည်သည့်အကျင့်၊ ငါးခြောက်လှမ်းစင်၊ ပုစွန်လှမ်းစင် ရှိသမျှ သွားသည့်အကျင့် ရွာအပြင် ခပ်လှမ်းလှမ်းရှိ ထုံးဖြူဖွေးဖွေး စေတီတော် ကလေးသို့လည်း မကြာမကြာရောက်သည့်အကျင့်၊ ကျောက်ကလပ်နှင့် ရွာချင်းဆက်စပ်နေသော မန်ကျည်းချိုင်နှင့်အဆင်းချိုင်ရွာများဆိုလျှင် တော့ ပြောစရာပင် မရှိ၊ ခြေရာချင်းထပ်နေလေပြီ။

တကယ်ဆိုတော့ ယင်းသို့ သွားလာလှုပ်ရှားနေရမှုကလည်း ဦးထွန်း လူသဘောအတိုင်း မဟုတ်ရှာပါ။ သူ့မြေး ဂျပန်အလိုကျ သူ့မြေးလက်ညှိုး ညွှန်သည့်အတိုင်း အဘိုးကြီးဦးထွန်းလူခမျာ လျှောက်လှမ်းနေရခြင်းပါ။ ထိုအခါ ဘိုးအေပခုံးအထက်မှ ဂျပန်သည် အလောင်းစည်သူလက်သစ် လို လက်ညှိုးညွှန်ရာ ရေဖြစ်နေသည်။

ရွာအပြင်တစ်နေရာတွင် ကျောက်ကလပ်ကြီးတစ်ခုရှိသည်။ ပင်လယ် ကမ်းစပ်တစ်နေရာတွင်ဖြစ်သည်။ ကျောက်ကလပ်ဆိုသည့်အတိုင်း ကလပ်ကြီးတစ်ခုသဏ္ဌာန် ဖြစ်သည်။ ဦးထွန်းလူတို့၏ ရွာကလေးကို ကျောက်ကလပ်ရွာခေါ်ခြင်းကပင် ယင်းကို အစွဲပြုလျက် အမည်ပညတ် ပြုဟန်တူသည်။ ပင်လယ်ကမ်းခြေရေစပ်တွင် ဖြစ်သောကြောင့်လည်း ပင်လယ်ရေတက်ချိန်တွင် ကျောက်ကလပ်ကြီးထက်ဝက်လောက်မှာ ရေ အောက်ရောက်နေသည်။ ရေကျချိန်များ၌မူ သဲသောင်ဖွေးဖွေး၊ ကျောက် ကလပ်ဖွေးဖွေးရှိသည်။ ထိုအခါ ကမ်းစပ်သောင်ပြင်ထက်၌ မှိုပွင့်ကြီး တစ်ပွင့် ပေါက်နေသလားဟုပင် ထင်မှတ်ရလေသည်။

ပင်လယ်ရေထရက် တစ်ရက်တွင် သူ့မြေးက ပူဆာသောကြောင့်

mgype.com

mgyoe.com


ကျောက်ကလပ်ကြီးရှိရာသို့ သူ့မြေးဂျပန်ကို ဦးထွန်းလူလိုက်ပို့ပေးရလေသည်။ ရွာနှင့်ဆိုသော် တစ်မိုင်သာသာ ခရီးဖြစ်သည်။ ယင်း အကွာအဝေးတွင် သောင်ပြင်ကြီးပေါ်လျှောက်ရသည်မှာ မိုင်ဝက်လောက်နီးနီး။

မြေးကို ပခုံးထက်ထမ်းပြီး ကျောက်ကလပ်ကြီးရှိရာသို့ ဦးထွန်းလူ အရောက်လှမ်းခဲ့သည်။ တကယ်ဆိုတော့ သူတို့မြေးအဘိုးနှစ်ယောက်တည်းမဟုတ်ပါ။ အခြားကလေးတစ်ယောက်လည်း အတူပါလာသည်။ ဂျပန်နှင့်ရွယ်တူဖြစ်သည်။ သူ့မြေးနှင့် ကစားဖော်ကစားဖက်ရအောင်ဆို ပြီး ဦးထွန်းလူခေါ်ဆောင်လာခဲ့ခြင်းဖြစ်လေသည်။

ကလေးနှစ်ယောက်သည် ကျောက်ကလပ်သောင်ပြင်ပေါ်တွင် ပြေးလွှားဆော့မြူးကြသည်။ အနီးတစ်ဝိုက်ရှိ ခရုခွံ၊ ယောက်သွားခွံများ လိုက်လံ၍ ကောက်ယူကြသည်။ ကလေးတို့ သဘာဝအတိုင်း ပျော်ရွှင်မြူးကြနေကြသည်။

ကလေးနှစ်ယောက်ကို သောင်ပြင်ပေါ်လွှတ်ပေးထားလိုက်ပြီး မလှမ်းမကမ်းမှ ဆေးလိပ်သောက်ရင်း ဦးထွန်းလူစောင့်ကြည့်နေလေသည်။ ခုမှပဲ ဦးထွန်းလူအမောဖြေဖျောက်ရရှာသည်။ နောက်ပိုင်းတွင် ကျန်ရှိနေသော အလုပ်ကိစ္စများကိုလည်း ခုမှပဲခေါင်းထဲသွင်းနိုင်တော့သည်။

ပိုက်ခေါင်းကြီးတချို့ အသစ်လဲရဦးမှာပါလား။

ပိုက်ကွင်းအချို့ အစားထိုးရဦးမှာပါလား။

သို့နှင့် အတွေးဘယ်မျှလောက်ကြာညောင်းသွားသည်မသိ၊ သူ့နားထဲတွင် ရေသံတွေ တဝုန်းဝုန်း တဝေါဝေါကို အဆက်မပြတ် ကြားလိုက်ရသည်။ လေသံတွေမှာလည်း တဝီးဝီးအော်မြည်တိုက်ခတ်လာသည်။ သဲမှုန့်သဲပွင့်များကလည်း လေပြင်းနှင့်အတူ ရောထွေးလွင့်ပါလာသည်။ ထိုအခါမှ ဝန်းကျင်ကို ဦးထွန်းလူ သတိပြုလိုက်မိလေသည်။

ပင်လယ်ဒီရေများသည် ကျောက်ကလပ်ကြီးအနီးသို့ပင် ရောက်လုနီးနေပြီ။ ပို၍ ထိတ်လန့်ချောက်ချားဖွယ်ကောင်းသည်မှာ အနောက်တောင်ဘက်မှ လေပြင်းကလေးကလည်း အရှိန်အဟုန်ကြီးမားစွာဖြင့် တိုက်ခတ်လာခြင်းပင်ဖြစ်သည်။

ဦးထွန်းလူအထိတ်တလန့်ဖြစ်ရပြီ။ တွေတွေငေးငေးထိုင်နေရာမှ
mgyoe.com

mgyoe.com


ဆတ်ခနဲထရပ်လိုက်သည်။ ချက်ချင်းပင် ကလေးနှစ်ယောက်ရှိရာသို့ ခြေကုန်သုတ်ပြေးချသည်။ ကလေးနှစ်ယောက်ကလည်း အထိတ်တလန့် အော်ဟစ်လျက် ဦးထွန်းလူရှိရာပြေးလာသည်။

မကြာမီ ဦးထွန်းလူနှင့်ကလေးနှစ်ယောက် ဆုံမိသည်။ ကလေးနှစ်ယောက်ကို တစ်ဖက်တစ်ယောက် ဦးထွန်းလူဖမ်းဆွဲလိုက်၏။ ပြီး မဆိုင်းမငံ့ပင် နှစ်ယောက်လုံးပခုံးတစ်ဖက်တစ်ချက်ထမ်းလိုက်၏။ ထို့နောက် တော့ ရွာငယ်ရှိရာသို့ တရကြမ်းပြေးလေသည်။

သဲသောင်ပြင်ကြီးကို လွတ်အောင် ကျွတ်အောင် ပြေးရမည်မှာ တစ်မျှော်တစ်ခေါ်ကြီးပါလား။ မိုင်ဝက်လောက်နီးနီးဖြစ်သည်။ ကလေးနှစ်ယောက်က ပခုံးထက်တွင် တစ်ဖက်တစ်ယောက်။ လေဆင်နှာမောင်း၏ အရှိန်သည် ဒီရေကို ပို၍အတက်မြန်ဆန်စေမည်ဟု ဦးထွန်းလူနားလည်သည်။ သည်နေရာ သည်ဒေသက ဦးထွန်းလူငယ်မွေးခြံပေါက်။

ပြေးရင်းလွှားရင်း ရွာငယ်ရှိရာသို့ ဦးထွန်းလူမျှော်ကြည့်လိုက်၏။ ရွာကမ်းခြေသည် သဲမုန်တိုင်းအောက်တွင် ကွယ်ပျောက်နေ၏။ ကမ်းနဖူးထိပ်ရှိ အုန်းပင်ကြီးများသည်လည်း ဆောက်တည်ရာမရ၊ ရပ်တည်ရာမရ ရှိကြ၏။ လေပြင်း၏ ဆွဲကိုင်လှုပ်ယမ်းမှုတွင် သွက်သွက်ခါ ယိမ်းထိုးနေ၏။ ခါးလယ်မှ ပြုတ်ကျလေမလား။ မြေလွှာမှ ကျွတ်ထွက်လေမလား။ ကြောက်ခမန်းလိလိ မြင်ကွင်းသည် ရွာငယ်ကို လွှမ်းမိုးထား၏။

ရွာအထက်ပိုင်း၊ အောက်ပိုင်းကမ်းခြေနှင့် ပင်လယ်ပြင်မှ သုံးဖက်သုံးတန်ရောက်လာသော ဒီရေများကလည်း မာန်စောင်ကြီးသည့် ရေနဂါးကြီးများဟု ထင်မှတ်လောက်သည်။ အသက်လု၍ပြေးသည့်တိုင် ဒီရေဘေးမှ လွတ်များမှ လွတ်ပါ့မလား။ ရွာကလူများသည် ဦးထွန်းလူနှင့်ကလေးနှစ်ယောက်အဖြစ်ကို သိကြပုံမပေါ်။ ရွာငယ်သုံးရွာစလုံးရှိ များသည် သဲမုန်တိုင်းကြောင့် ဗျာများနေကြလေသည်။ သည်လို မုန်တိုင်းနှင့် သည်လိုဒီတက်ပုံစံမျိုးက တစ်ခါတစ်ခါတော့ ပင်လယ်ကမ်းခြေရှိ ရွာငယ်ကလေးများကို မျိုဝါးတိုက်စားသွားတတ်သည် မဟုတ်လား။ မြို့ကြီးပေါ်က ဝေါဟာရနှင့်တော့ ထူးကဲဒီရေပေါ့။

အရှိန်အဟုန်ပြင်းစွာ တက်ရောက်လာသည့် ပင်လယ်ရေသည် သောင်

mgyoe.com

ပြင်ကြီးတစ်နေရာကို ပြေးလမ်းကလေးတစ်ခုပမာ ကွက်ကွက်တန်းတန်း ကလေးလောက်သာ ကျန်တော့သည်။ ထိုနေရာ ပြေးလမ်းကလေးပေါ်သို့ ဒီရေများမဖုံးလွှမ်းခင် ဦးထွန်းလူရွာကမ်းပေါ်သို့ ခြေချမိရန်လိုသည်။ သို့မဟုတ်လျှင် သူ့ကိုရော ကလေးနှစ်ယောက်ကိုပါ ဒီလှိုင်းများက ပင်လယ်ရေပြင်အောက်သို့ ဆွဲဆောင်သွားပေလိမ့်မည်။ သေမင်းလက်တွင်း ဝကွက်အပ်နံ့ပေလိမ့်မည်။

သူချည်းတစ်ယောက်တည်းဆိုသော် ကိစ္စမရှိတန်ပါ။ သေတော့မှ သေရော၊ ဒီလှိုင်းလုံးထဲ မျောပါသွားလျှင်လည်း အကြောင်းမဟုတ်။ လူငယ်နှင့် စာလျှင် လူကြီးသည် လူ့ဘဝတွင် အနေကြာလာပြီး သေရမည်ဆိုလျှင်လည်း သေပျော်သည်။ ခုတော့ ကလေးနှစ်ယောက်က ပါနေသည်။ သည်ကလေးနှစ်ယောက်အသက်အတိုင်းဆိုပါက လူ့ဘဝတွင် နေကြရန် အချိန်ကာလတွေ အများကြီးကျန်သေးသည်။ မသေသင့်သေး၊ မသေထိုက်သေးဟု ဦးထွန်းလူတွက်ဆမိသည်။

ပြေးရင်းလွှားရင်း သည်အတွေးအတောက အဘိုးကြီးဦးထွန်းလူ ခေါင်းထဲသို့ လျှပ်တစ်ပြက်သည့်နှယ် ဝင်ရောက်လာသည်။ ထိုအခါ....

ငါလွတ်အောင် ပြေးမှပါလား၊ မလွတ်လွတ်အောင် ပြေးမှပါလား။ ပြေးနိုင်မှလွတ်မယ်၊ လွတ်မှ ငါ့မြေးရော ဟိုကလေးရော ချမ်းသာရာရလိမ့်မယ်။

ဦးထွန်းလူပြေးရင်းတွေးသည်။ တွေးရင်းပြေးသည်။ အသက်ရှူမိသလား၊ မရှူမိဘူးလား အမှတ်မထားနိုင်ရှာပါ။ ကလေးနှစ်ယောက်၏ လွတ်မြောက်ရေးအာရုံဇောက တစ်ကိုယ်လုံးကို လှုံ့ဆော်နှိုးဆွပေးနေသည်။

သို့နှင့် သဲလမ်းကလေးပေါ်သို့ ဒီရေမရောက်မီ ရွာကမ်းခြေပေါ်သို့ ဦးထွန်းလူခြေချလိုက်နိုင်သည်။ အောင်မြင်ခြင်းသရဖူကိုဆောင်းနိုင်သည်။ ယင်းအချိန်နှင့်မရှေးမနှောင်း၌ပင် သဲသောင်ပြင်ကြီးတစ်ခုလုံးကိုလည်း ကြောက်မက်ဖွယ်ဒီရေများက အကြွင်းအကျန်မရှိအောင် ဖုံးလွှမ်းလိုက်လေသည်။

"ဟေး" ခနဲ ဦးထွန်းလူနှုတ်မှ ယောင်ယမ်းဟစ်ကြွေးလိုက်မိလေသည်။ ပခုံးထက်မှ ကလေးနှစ်ယောက်ကိုလည်း မြေပြင်ပေါ်ချလိုက်သည်။

mgyoe.com


ပင်ပန်းရမှန်း၊ မောနွမ်းရမှန်း သတိမထားနိုင်ရှာပါ။ လေပြင်းမုန် တိုင်းသည် အတော်အတန်လျော့ပါးသွားသည်မှအပ ဆက်လက်၍ တိုက်ခတ်နေဆဲ ပင်ဖြစ်လေသည်။ အဘိုးကြီးသည် ကလေးနှစ်ယောက်၏ လက်များကို တင်တင်းကျပ်ကျပ်ဆုပ်ကိုင်ရင်း လေပြင်းဒဏ်ကို ကြံ့ကြံ့ခံရင်း ရွာငယ်ရှိရာသို့ သုတ်ခြေတင်လျှောက်ခဲ့သည်။ နောက်ပိုင်းမလှမ်း မကမ်းတွင် ဒီလှိုင်းသံများ က တဝေါဝေါတဟဲဟဲ ဆူညံဟစ်ကြွေးနေဆဲပင်ဖြစ်ပါ ။ ကမ်းခြေသို့ ဒီလှိုင်းရိုက်သံများကလည်း တဝုန်းဝုန်း တဖြုန်းဖြုန်း မြည်ဟည်းကျန်ရစ်ခဲ့ လေသည်။

နောက်တော့ ထိုအဖြစ်ကို သိသည့်အခါ ထုံးစံအတိုင်း ဒေါ်ငြိမ်းသာ က အပြစ်ဆိုလေသည်။

"ဒီကလေးအလိုလိုက်ပြီး ဒီကောင်လေးခိုင်းတိုင်း ကျပ်ကျပ်လုပ်၊ ဘယ်တော့ လူမမြင် သူမမြင် မြေးအဘိုးနှစ်ယောက်ချောင်ပိတ်သေနေ မလဲ၊ သေလို့သေတောင် ကိုယ့်ချည်းဆိုတော်သေး၊ ဘာမဆိုင် ညာမဆိုင် သူများကလေးတွေပါ ရောပါနေမှဖြင့် ကျုပ်တို့သားအမိရာဇဝတ်ဘေးသင့် နေပါ့မယ်တော်"

သည်တစ်ချီတော့ အဘိုးကြီးဦးထွန်းလူ ဆင်ခြေဆင်လက်မတတ်နိုင် ရှာပါ။ သူ့အပြစ်နှင့်သူ ငြိမ်ခံနေရလေသည်။

၀

mgyoe.com

mgyoe.com

[ ၆ ]

ဆက်လက်၍ပြောရဦးမည်။

ဂျပန်ကို မွေးတုန်းက ဦးထွန်းလူရွာတွင်မရှိပါ။ ဂျပန့်အဖေသည် ဖြူဖြူလား၊ မည်းမည်းလား၊ ပိန်ပိန်လား၊ ဝဝလားဆိုသည်ကိုလည်း ဦးထွန်းလူမသိ။ ပြီး သူ့သမီးချောခင် လင်တစ်ယောက်ရလိုက်သည်ဆို၍လည်း လက်ဖက်တစ်ရိုး၊ ကွမ်းကလေးတစ်ယာကိုမျှ ဦးထွန်းလူ စားလိုက်ရ၊ ဝါးလိုက်ရခြင်း လုံးဝမရှိ။ သို့တစေ ဘုမသိ၊ ဘမသိနှင့် ဂျပန်ခေါ် မြေးတစ်ယောက်ကိုတော့ ကောင်းမွေခံ၊ ဆိုးမွေခံအဖြစ် ဦးထွန်းလူ ရရှိလိုက်ခြင်းဖြစ်ပေသည်။

ဂျပန်သည် ရွာက ရပ်ကပေးသည့် အမည်။

ထိုအကြောင်းသည် ရှုပ်ထွေးပွေလီသည့် လူ့လောကဓာတ်လမ်းဖြစ်၍။ သည်ထက်ပိုပြီး ကြီးကြီးကျယ်ကျယ် ပြောရလျှင်ထိုကိစ္စသည် သမိုင်းကြောင်းနှင့် မကင်းရာမကင်းကြောင်း အမွေပစ္စည်းလည်းဖြစ်၍။ စင်စစ် ဂျပန်ဘိုးအေဦးထွန်းလူ၏အဖြစ်သည် ကမ္ဘာ့သမိုင်းမှတ်တမ်းများနှင့် မြန်မာ့သမိုင်းမှတ်တမ်းကြီးများတွင် ဘယ်နေရာကမှ ဖော်ပြခြင်းမခံရသော်ငြား သမိုင်းအစဉ်ကြီးတစ်ရပ်လုံးတွင်မူ (ပြောခွင့်သာရမည်ဆိုပါက) ဦးထွန်းလူလို လူတွေ ဒုနှင့်ဒေး။

ထိုနေ့က ဦးထွန်းလူနှင့် အဖော်နှစ်ယောက်သည် ပင်လယ်ပြင်စနွားမှ ငါးပုစွန်များကို ယူဆောင်ရန်အတွက် ဂါးမော်တော်တစ်စင်းဖြင့် ပင်လယ်

mgyoe.com

mgyoe.com


ပြင်စန္ဒားရှိရာသို့ ထွက်ခဲ့ကြသည်။

စောစီးသော နံနက်ခင်းဖြစ်သောကြောင့်လည်း ပင်လယ်ပြင်သည် အေးချမ်း ငြိမ်ဆိတ်နေသည်။ ရေပြာလှိုင်းအိအိကလေးများ ခပ်ရွရွလှုပ်ရှားရုံရှိသည်။ လေကလည်းတိုက်ခတ်သည်ဟု ဆိုရရုံ ညင်းညင်းညှံ့ညှံ့ဖြစ်သည်။ သို့ရာတွင် ဘယ်တော့မဆို မျှော်လေတိုင်း ဝေးလံသီခေါင်သော ပင်လယ်၏အမြင်မှာမူ ရီဝေအုံ့ပျလျက် ပြုတော့မည့်မိုးအလား အုံ့ပျပျ ရှိလေသည်။

သို့နှင့် စန္ဒားသို့ရောက်သည့်အခါ လူပေါင်းငါးယောက်ဖြစ်သွား သည်။ ထိုငါးယောက်သည် စန္ဒားရှိ ငါးနှင့် ပုစွန်များကို ဂါး မော်တော် ပေါ်သို့ ပြောင်းရွှေ့တင်ကြသည်။ အချိန်အနည်းငယ်အတွင်း ကိစ္စအားလုံး ပြီးစီးသွားသည်။ ဂါးမော်တော်သည် စန္ဒားမှ ခွာခဲ့သည်။

ဂါး မော်တော်သည် ရွာဆီဦးတည်ခုတ်မောင်းနေသည်။ စန္ဒားနှင့် ဝေးမှန်းမသိ ဝေးလာခဲ့သည်။ ခရီး၏ သုံးချိုးတစ်ချိုးသာသာသို့ ဦးထွန်းလူ တို့ရောက်ခဲ့ပေပြီ။ လေမိုးငြိမ်သက်သောကြောင့်လည်း ကျယ်လောင်သော ဂါးစက်သံသည် ပတ်ဝန်းကျင်ကိုလွှမ်းမိုးနေသည်။

ထိုအချိန် ထိုအခိုက်၌ပင် ဘယ်လိုမှ မမျှော်လင့်သော အန္တရာယ်နှင့် ရင်ဆိုင်တိုးရပေပြီ။ ရှေးဦးစွာ ကြားလိုက်ရသည်မှာ လေထဲတွင် အရာဝတ္ထု တစ်စုံတစ်ခု၏ ပေါက်ကွဲသံ။

ရှူးရှူးစွာပေါက်ကွဲပေါ်ထွက်လာသော အသံသည် ဦးထွန်းလူတို့သုံး ယောက်အား တုန်ခိုက်သွားစေသည်။ တဖုန်းဖုန်းမြည်ဟည်းနေသည့် မော်တော်စက်သံကိုလည်း လွှမ်းမိုးသွားစေသည်။ နောက်ထပ် ဆက်၍ လည်း ပေါက်ကွဲသံနှစ်ချက်ကို ဆင့်ကဲဆင့်ကဲ ကြားလိုက်ရသည်။ ဦးထွန်းလူ တို့သုံးယောက်စလုံး သေနတ်သံကြားရာဆီသို့ လှမ်းကြည့်လိုက် ကြသည်။

အတွေ့သစ် အမြင်သစ်မို့ မထိတ်မိ၊ မလန့်မိကြသေး။ သုံးယောက် စလုံးက ကျောချမှ ဓားပြမှန်းသိမည့်လူစားတွေ။

နောက်ထပ်သေနတ်သံတစ်ချက်သည် သူတို့သုံးယောက်၏ ခေါင်း ပေါ်မှ ကျော်ဖြတ်လျက် လေထဲတွင် ပေါက်ကွဲသွားသည်။

mgyoe.com

mgyoe.com


သက်ရှည်သည် သူ့မော်တော်စက်ကို ချက်ချင်းရပ်လိုက်သည်။

မကြာခင် တန်ကေးနှစ်စင်းနှင့် စက်လှေကြီးတစ်စင်းသည် သူတို့မော်တော်ရှိရာသို့ ခုတ်မောင်းလာနေသည်။ တန်ကေးတစ်စင်းပေါ်မှ ဂျပန်စစ်သား လေးငါးယောက်သည် သူတို့ရှိရာသို့ ရိုင်ဖယ်သေနတ်နှင့် ချိန်ရွယ်ထားသည်။

သိပ်တော့မကြာပါ။ တန်ကေးနှစ်စင်းက ဦးထွန်းလူတို့မော်တော်ဘေးသို့ တစ်ဖက်တစ်စင်း ဝင်ကပ်လိုက်သည်။ နှစ်စင်းစလုံးတွင် ဂျပန်စစ်သားတွေအပြည့်ဖြစ်သည်။ မော်တော်ထဲမှ ငါးပုစွန်များကိုတွေ့လိုက်သည့်အခါ ဂျပန်စစ်သားအချို့သည် သားကောင်ကိုတွေ့သော ကျားသတ္တဝါအလား စူးစူးဝါးဝါးအော်ဟစ်သည်။ ဂျပန်စစ်သားတစ်ယောက်က မော်တော်ပေါ်သို့ လွှားခနဲခုန်တက်လိုက်သည်။

တိုတောင်းသောအချိန်ပိုင်းကလေးအတွင်း ဂျပန်စစ်သားတွေ တစ်ယောက်ပြီးတစ်ယောက် ဦးထွန်းလူတို့မော်တော်ပေါ်ရောက်လာကြသည်။ ပတ်ဝန်းကျင်သည် ဦးထွန်းလူတို့နားမလည်မကြားဖူးသော အသံဗလံများဖြင့်ဆူညံသွားသည်။

ဦးထွန်းလူမျက်လုံးများပြာလာသည်။ သူကြားရသော အသံများသည် ပင်လယ်၏ ရယ်မောသံလား၊ ဂျပန်စစ်သားများ၏ ရယ်မောသံလား မခွဲခြားတတ်။ သောသောညံသွားသည်တော့ အမှန်။

ဦးထွန်းလူ သက်ရှည်ရှိရာ လှမ်းကြည့်လိုက်သည်။ သူ့လူသက်ရှည်မှာလည်း မေ့ဆေးမိထားသလို ကြောင်စီစီ ငိုင်နေသည်။

တန်ကေးနှစ်စင်းပေါ်တွင် ထားဝယ်သားလေးယောက်၊ စက်လှေပေါ်တွင် ငါးယောက်၊ ကျန်တာတွေအားလုံး ဂျပန်တွေ။ ဘုန်းတော်ကြီး ဦးကေတုမိန့်ကြားဖူးသော ရွှေဂျပန် ငွေဂျပန်တွေ။ ယခုတော့ ကျောက်ကလပ်ရွာသားသုံးယောက် နဖူးတွေ့ ဒူးတွေ့ တွေ့ကြုံကြရပြီ။

ထိုအခိုက် စက်လှေဦးပိုင်းတွင် ထူးထူးခြားခြား ဂျပန်တစ်ယောက်ပေါ်လာသည်။ သူက အားလုံးသော ဂျပန်များနှင့်မတူ ထူးခြားသည်။ အဝတ်အထည် အားဖြင့်လည်း ခြားနားသည်။ ရုပ်ရည်အားဖြင့်လည်း သားနားသည်။ အထူးခြားဆုံးမှာ သူ့ခါးတစ်ဖက်တွင် ချိတ်ထားသော

mgyoe.com

mgyoe.com


ဓားလွယ်ကြီးဖြစ်သည်။

"သူ ဗိုလ်ဖြစ်ရမယ်" ဦးထွန်းလူစိတ်ထဲက အမှတ်ပြုလိုက်မိသည်။

မှန်သည်။ ဦးထွန်းလူယူဆသည့်အတိုင်း စက်လှေဦးပေါ်မှ ဂျပန်စစ်ဗိုလ်သည် ဦးထွန်းလူတို့မော်တော်ထဲသို့ ရှုးစမ်းသလိုအထက်စီးမှ လှမ်းကြည့်သည်။ ပြီးလျှင် သူ့အနီးတွင် ရပ်နေသော ဂျပန်စစ်သားနှင့် ခပ်ငယ်ငယ် ဂျပန်ကလေးတစ်ယောက်အား တစ်စုံတစ်ရာပြောလိုက် သည်။

"ဒီမယ်ဟေ့၊ မင်းတို့လိုက်ခဲ့ရမယ်၊ မာစတာပြောတယ်"

ငယ်ငယ်ရွယ်ရွယ်ဂျပန်ကလေးတစ်ယောက်ဟု ဦးထွန်းလူအမှတ်ပြုမိသော စကားပြန်သူငယ်က ဦးထွန်းလူရှိရာ လှမ်းပြောလိုက်သည်။

ဦးထွန်းလူရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ဘယ်ကိုလိုက်ရမှာပါလိမ့်ဟု တွေးသည်။ ချိုသည်ခါးသည် ဘာတစ်ခွန်းမျှ ပြန်မပြော။ ကောင်လေးကိုမကြောက်ပေမဲ့ ဂျပန်စစ်သားတွေလက်ထဲက သေနတ်ကိုကြောက်သည်။

အားကိုးတကြီးဖြင့် သက်ရှည်ရှိရာသို့ လှမ်းကြည့်ပြန်သည်။ စင်စစ်အားဖြင့် သူတို့သုံးယောက်တွင် သက်ရှည်က လူစွာ။ အသက်အားဖြင့်လည်းငယ်ရွယ်သူဖြစ်သည်။ ပြီးလျှင် စန္ဒားလုပ်ငန်းပိုင်ရှင်၏ လက်ရုံးတစ်ယောက်ဆိုလျှင်လည်း ဟုတ်သည်။ ကျန်တစ်ယောက်မှာ ဦးဖိုးဆယ်၊ သူကတော့ လိုက်မယ်၊ မလိုက်ဘူး ဘာတစ်ခွန်းမှ ပြောမည့်သူမဟုတ်၊ ခမျာမှာ နှုတ်ဆွံ့နေသည့်ဒုက္ခတကြီး။

ဂျပန်စစ်ဗိုလ်စက်လှေထဲ ပြန်ဝင်သွားသည်။

စက်လှေဦးပေါ်တွင် စကားပြန်ကောင်ကလေးနှင့်အတူ ရပ်ကျန်နေ သော တပ်ကြပ်ကြီးသည် ဦးထွန်းလူတို့ မော်တော်ပေါ်မှ ဂျပန်စစ်သား များအား တစ်စုံတစ်ရာပြောလိုက်သည်။ မော်တော်ပေါ်မှ ဂျပန်စစ်သား များ တစ်ယောက်ပြီးတစ်ယောက် စက်လှေပေါ်သို့တွယ်ကပ်လျက် ပြန်တက်သွားကြသည်။

ခပ်စောစောက စက်ရပ်ထားသော တန်ကေးနှစ်စင်းသည် စက်ပြန်နှိုးသည်။ ဦးထွန်းလူတို့ မော်တော်ဘေးမှထွက်ခွာသွားသည်။ စက်လှေမှစက်သံကိုလည်းကြားရသည်။

mgyoe.com

mgyoe.com


မကြာမီရေလှိုင်းများလှုပ်ရှားလာခြင်းနှင့်အတူ စက်လှေနှင့်တန်ကေးနှစ်စင်းမှာလည်း တရွေ့ရွေ့ခုတ်မောင်းစပြုလေပြီ။ ကျောက်ကလပ်ရှာရှိရာကိုတော့မဟုတ်။ တောင်ဘက်စူးစူးအရပ်သို့ ဦးတည်ကာ ခုတ်မောင်းနေခြင်းဖြစ်သည်။

"ဘယ့်နှယ်လုပ်မလဲ"

ဦးထွန်းလူက သက်ရှည်ကိုလေသံနှင့်မေးသည်။

ဒုက္ခိတကြီးဦးဖိုးဆယ်သည် ဦးထွန်းလူကိုတစ်လှည့်၊ သက်ရှည်ကိုတစ်လှည့် မျက်လုံးအဝိုင်းသား ကြည့်သည်။ နှုတ်ဆွံ့၍ စကားမပြောနိုင်သည့်တိုင် ကြုံတွေ့နေရသော အဖြစ်ကိုတော့ ဦးဖိုးဆယ်အတန်အသင့်သဘောပေါက်သည်။

သုံးယောက်စလုံးကတော့ စစ်တပ်က သူတို့ကိုချောဆွဲသည့်သဘောကိုနားမလည်ကြ၊ သည်မှာဘက်က သူတို့တွင် အတွေ့အကြုံလုံးဝမရှိ။

"ဘယ်လိုလဲ သက်ရှည်"

ငိုင်နေသော သက်ရှည်ကို ဦးထွန်းလူထပ်မေးပြန်သည်။

ထိုအခါမှ သက်ရှည်လှုပ်ရှားလာသည်။ အယောင်ယောင်အယမ်းယမ်းဖြင့် စက်လှေနှင့်တန်ကေးနှစ်စင်းရှိရာသို့ လှမ်းကြည့်လိုက်ပြီး....

"ဟာ သူတို့ခေါ်တိုင်း လိုက်လို့ဘယ်ဖြစ်မလဲဗျ၊ ဘယ်ခေါ်မှန်းမှမသိတာ"

ပြောပြောဆိုဆို ခုမှမော်တော်စက်ကို သက်ရှည်ဖွင့်သည်။ တဖုန်းဖုန်းအသံမြည်ဟည်းလာသည်။ စက်သံကဆူညံလှသည်။ လူချင်းနီးကပ်နေသော်လည်း အသံကုန်အော်ပြောတော့မှ တော်ကာကျသည်။ သက်ရှည်သည် သူ့မော်တော်ကို ရွာဆီသို့ဦးတည်ခုတ်မောင်းသည်။ မောင်းသမှစက်ကုန်ဖွင့်ပြီးမောင်းသည်။ ရွာရောက်အောင်တော့ ဂျပန်တွေမလိုက်တန်ရာ၊ လွတ်အောင်မောင်းပြေးမည်ဆိုသည့်သဘော။

သို့ရာတွင် အရှည်အဝေး သက်ရှည်တို့မပြေးနိုင်ပါ။ တစ်မိနစ်ခန့်အချိန်ကလေးအတွင်း သေနတ်သံနှစ်ချက်ဆင့်ပြီး ကြားလိုက်ရသည်။ မော်တော်တစ်စင်းလုံးလျှောင်ချက်မိသလားထင်လိုက်ရသည်။ သွက်သွက်ခါလှုပ်ယမ်းသွားသည်။ ဂါးမော်တော်ဦးပိုင်းမှ ဦးဖိုးဆယ်ခွေကျသွား သည်။

mgyoe.com

mgyoe.com

ဂါးဦးပေါ်တွင် တစ်ချက်နှစ်ချက်သာလူးလွန့်နိုင်ပြီး ပင်လယ်ထဲသို့ ခွေကျသွားသည်။

ဂါးမော်တော်ဦးပေါ်တွင် သွေးများအိုင်ထွန်းကျန်ရစ်သည်။

ဦးထွန်းလူ တုန်ခိုက်သွားသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အမြင်ပါကလား။ တိုတောင်းသောအချိန်ပိုင်းကလေးအတွင်း၌ပင် လူ့အသက်တစ်ချောင်း ဆုံးရပါလေပြီ။ ဦးထွန်းလူတစ်ကိုယ်လုံး ပူထူနေသည်။ ဦးဖိုးဆယ်ကျသွားရာသို့ လှမ်းကြည့်လိုက်သည်။ တစ်စုံတစ်ရာအရိပ်အယောင်မတွေ့တော့။ ပင်လယ်ရေပြင်ကြီးပေါ်တွင် ဆန်ကောဝိုင်းလောက်ရှိသော သွေးကွက်ကြီး။ ဦးထွန်းလူထိုင်ရမလို၊ ထရမလို ယောင်နနဖြစ်သွားသည်။ ရင်ထဲက တဒိတ်ဒိတ်တဆတ်ဆတ်ခုန်နေသည်။

သက်ရှည်ကိုယ်တိုင်မှာလည်း ဂါးမော်တော်စက်ကို ရပ်ပစ်လိုက်ရသည်။ ရှေ့ဆက်လက် မမောင်းရဲ။ လက်ဖျစ်တစ်တီးအမြင်သည် သက်ရှည်လိုလူစွာကိုပင် တုန်ခိုက်ချောက်ချားသွားစေသည်။ ဂျပန်စစ်သားဆိုတာဒီလိုပါလားဟူသော အသိကိုလည်း ဦးထွန်းလူနှင့်သက်ရှည်တို့ ရိုးတိုးရိပ်တိပ် သိလိုက်ကြပြီ။ ကျောအချမ်းကြရပြီမဟုတ်လား။

တန်ကေးနှစ်စင်းသည် သက်ရှည်တို့ဂါးမော်တော်ဘေးတွင် ဝင်ကပ်လိုက်သည်။ ဂျပန်စစ်သားတွေအားလုံး မျက်နှာက ခက်ထန်ကြမ်းကြုတ်သည့်အသွင်ဆောင်နေသည်။ မျက်လုံးတွေ မီးတောက်နေသည်။ လူတွေလား၊ ဘီလူးသဘက်တွေလား။

ဂျပန်စစ်သားလေးယောက်သည် ဂါးမော်တော်ပေါ်ခုန်ဆင်းလိုက်ကြသည်။ စောစောက စက်လှေဦးပေါ်တွင် စကားပြန်ကောင်လေးနှင့်အတူရပ်ကျန်ရစ်သော တပ်ကြပ်သည် ဦးထွန်းလူနှင့်သက်ရှည်အနီးရောက်လာသည်။ မျက်နှာတစ်ပြင်လုံး နီရဲနေသည်။

တပ်ကြပ်ဂျပန်သည် ဦးထွန်းလူနှင့် သက်ရှည်တို့နားမလည်သော စကားလုံးများနှင့် တရူးရူးဆဲရေးသည်။ သက်ရှည်ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်ရိုက်နှက်သည်။ ဦးထွန်းလူမျက်လုံးထဲတွင် မီးပန်းမီးရှူးတွေလွှတ်နေသလား ထင်ရသည်။ ဆဲလိုက် ဆိုလိုက်သည်မှာလည်း ရစရာ

mgyoe.com

mgyoe.com


မရှိ။

ယင်းသို့အားရအောင်နှိပ်စက်ပြီးမှ ဂျပန်စစ်သားသုံးယောက် ဂါးမော်တော်ထဲရှိ ငါးနှင့်ပုစွန်အချို့ကို တန်ကေးတစ်စင်းပေါ်သို့ ပြောင်းရွှေ့တင်သည်။ ပြီးသော်ဂျပန်တပ်ကြပ်ကြီးသည် သေနတ်ကိုင်ဂျပန်စစ်သားနှစ်ယောက်ကို မော်တော်ပေါ်တွင်အစောင့်ထားခဲ့ပြီးနောက် စစ်သားတစ်ယောက်နှင့်အတူ တန်ကေးပေါ်သို့ ပြန်တက်သွားသည်။ နောက်တော့ တန်ကေးနှစ်စင်းစလုံး စက်လှေကြီးရှိရာသို့ ခုတ်မောင်းသွားသည်။

ဦးထွန်းလူတို့ဂါးမော်တော်မှာလည်း ဂျပန်စစ်သားနှစ်ယောက် အမိန့်အတိုင်း တန်ကေးနှစ်စင်းနောက်သို့ ခုတ်မောင်းလိုက်ပါသွားရလေသည်။

မည်သည့်နေရာ၊ မည်သည့်အရပ်ရောက်အောင် ခေါ်ဆောင်သွားလိမ့်မည်မသိ။ အိမ်တွင်ကျန်ရစ်သော ဇနီးနှင့်သမီးအတွက် ဦးထွန်းလူစိတ်ပူစပြုရပြီ။

သူ့သမီးချောခင်သည် အပျိုအရွယ်ဖြစ်နေပြီ။ တစ်ယောက်တည်းသော သမီးဖြစ်သည်။ ရပ်ရွာအနေဖြင့်မူ စိုးရိမ်ကြောင့်ကြစရာမရှိပါ။ သူတို့တောလေ့တောစရိုက်ဆိုသည်မှာ သွေးသားမတော်စပ်ဟု သဘောမထား။ အမြင်မတော် အကြားမတော်က ဆုံးမမှု၊ စောင့်ရှောက်မှုရှိကြသည်။ နာခံသူကလည်း နာခံသည်။

သို့ပေမဲ့ ခုအတိုင်းဆိုက ကာလပျက်ပြီ။ ရွာခြေမတည်၊ အိမ်ခြေမကျ ဖြစ်တော့မည်။ သားသမီးကို လက်ကဆွဲပြီး အသက်လုပြေးရမည့်အဖြစ်မျိုး။ ပြီး တောမီးလောင်လျှင် တောကြောင်လက်ခမောင်းခတ်သည်။ သူ့သမီးအတွက် ဦးထွန်းလူစိတ်မဖြောင့်နိုင်။ တစ်ဖန်အိမ်သူအိမ်သားတွေဘက်ကလည်း သူတို့အတွက် အပူကြီးပူကြပေလိမ့်မည်။ ဂျပန်စစ်သားတွေ ဖမ်းသွားကြောင်း၊ ခေါ်ဆောင်သွားကြောင်း မည်သူတစ်ဦးတစ်ယောက်မျှ သိကြမြင်ကြသည် မဟုတ်ပါ။ သူတို့ကို ခေါ်ဆောင်လာသည်မှာ ပင်လယ်ပြင်လွင်တီးခေါင်ခေါင်ကြီး။ ထိုအချိန် ထိုအခိုက်က သူတို့အနီးပတ်ဝန်းကျင်တွင် လူသူလေးပါးနှင့် လှေငယ်တစ်စင်းဆို၍လည်း တစ်စုံတစ်ရာရှိနေသည်မဟုတ်။

အင်း ပင်လယ်ထဲလူမမြင်ကွယ်ရာမှာ မော်တော်နစ်ပြီး သုံးယောက်

mgyoe.com

mgyoe.com


စလုံး သေကုန်ပြီထင်ကြမလား၊ လူဆိုးစားပြတွေကပဲ ဖမ်းသွားပြီထင်လေမလား။ ဦးထွန်းလူတွေးတောသည်။ ဦးထွန်းလူသက်ပြင်းချလိုက် သည်။

သက်ရှည်က ဦးထွန်းလူကို တစ်ချက်မော့ကြည့်လိုက်သည်။ တစ်စုံတစ်ရာဘာမျှမပြော။ ဂါးမော်တော်စက်ကိုသာ ဂရုစိုက်မောင်းနေသည်။

စင်စစ်မူ သက်ရှည်အနေနှင့် ဦးထွန်းလူလို နောက်ဆံတင်းစရာအကြောင်းမရှိ။ သက်ရှည်က လူပျို၊ လူလွတ်၊ တစ်ကိုယ်တည်းသမား။ စန္ဒားပိုင်ရှင်အိမ်တွင် နှစ်ပေါက်ဖြင့် လူငှားဝင်နေသူ။ အသက်အရွယ်ကလည်း လူငယ်တစ်ယောက်။ ထိုအခါ လူငယ်လူရွယ်တို့ သဘာဝအတိုင်း မရှိပျော်ပျော်၊ ရှိပျော်ပျော် နေတတ်သည်။ ဖြစ်သမျှအကြောင်း အကောင်းချည်းသဘောပိုက်မည်။

ဦးဖိုးဆယ်အဖြစ်ကိုလည်း ဦးထွန်းလူမြင်ယောင်နေသည်။ သွေးအလူးလူးဖြင့် ပင်လယ်ထဲသို့ ထိုးကျသွားသော အဖြစ်။ ကြည့်ရက်စရာမြင်ရက်စရာ မရှိ။ ရင်နာစရာ ကောင်းလှသည်။ ဦးဖိုးဆယ်နှင့်သူသည် နှစ်ပေါင်းများစွာ တွဲဖက်များဖြစ်သည်။ စန္ဒားလူငှား၊ ပိုက်လူငှား၊ မျှင်ထောင်သမား၊ ခမင်းထောင်သမား စသည်ဖြင့် ရေလုပ်သားဘဝတွင် အတူတွဲကာ ကျင်လည်ခဲ့ကြသူတွေ။

စင်စစ် ဦးဖိုးဆယ် ဘဝက သူ့ဘဝထက်ပင် ပိုဆိုးသည်။ သားတွေသမီးတွေက တပြုံတမကြီး။ တစ်ထည်စိုလို့မှ တစ်ထည်လဲစရာမရှိ။ ပင်လယ်ထဲထွက်လျှင်လည်း ကျောမွဲ၊ ကျောပြောင်ကြီး။ မနှစ်ဆောင်းဦးပေါက်ကတော့ လုံကွင်းတစ်ထည်နှင့် အကျီတစ်ထည်ကို ဦးထွန်းလူကပေးလိုက်ရသေးသည်။

တွေးမိတွေးရာ အကြောင်းများကို ဦးထွန်းလူတွေးလာသည်။ ဂါးမော်တော်သည် တန်ကေးနှစ်စင်း၏နောက်မှ အစဉ်အစိုက် ခုတ်မောင်းလိုက်ပါခဲ့ရသည်။ သူတို့ရှေ့ဆုံးမှ စက်လှေ။

တစ်ခါတစ်ခါတော့ တန်ကေးနှစ်စင်းပေါ်ရှိ ထားဝယ်သားလေးယောက်ကို ဦးထွန်းလူလှမ်းကြည့်မိသည်။ ထားဝယ်သားများမှာလည်း မျက်စိမျက်နှာမကောင်းကြ။ ငူငူငိုင်ငိုင်ကြီးတွေ။ အင်း ခများတွေလည်း တို့အတူပါပဲလားဟု ဦးထွန်းလူတွေးလိုက်မိသည်။

mgyoe.com

m g

ဂျပန်စစ်သားနှစ်ယောက်ကိုလည်း ဦးထွန်းလူလှမ်းကြည့်မိသည်။ သူတို့က ဂါးမော်တော်၏ ဦးပိုင်းတွင်ဖြစ်သည်။ ဦးထွန်းလူနှင့်သက်ရှည်က ဂါးမော်တော်၏ပဲ့ပိုင်းတွင်ဖြစ်သည်။ ဂျပန်စစ်သားနှစ်ယောက်သည် ဦးထွန်းလူတို့ကို နောက်ကျောခိုင်းလျက် ထိုင်နေခြင်းဖြစ်သည်။ စစ်သားနှစ်ယောက်စလုံး သေနတ်ကို ရင်ခွင်ပိုက်ထားသည်။ စကားတပြောပြောရှိနေကြသည်။

စစ်သားနှစ်ယောက် ဂါးမော်တော်ပေါ်ရောက်ပြီး မကြာမီပင် ဂါးမော်တော်ဦးပိုင်းမှ သွေးများကို ဦးထွန်းလူအားဆေးကြောသုတ်သင်ခိုင်းသည်။ တကယ်ဆိုတော့ ဂါးမော်တော်၏ ဦးပိုင်းက ပဲ့ပိုင်းထက် နားသက်သာသည်။ စက်ဆီအညှော်နံ့နှင့် ငါးအညှီနံ့လည်း သက်သာသည်။ ဒါလောက်တော့ ဂျပန်စစ်သားနှစ်ယောက်က နားလည်သဘောပေါက်သည်။

မြစ်ကမ်းဘေးတစ်လျှောက်မှ အမြင်များသည် တဖြည်းဖြည်းချင်းပြောင်းလဲလာသည်။ စောစောတုန်းကလို အကျယ်အပြန့်ကြီးမဟုတ်တော့။ ကမ်းဟိုဘက်သည်ဘက်ကို မြင်သာလာသည်။

တစ်ဖက်က လယ်ကွက်တွေ၊ အခြားတစ်ဖက်က လဟာပြင်နှင့်ကိုင်းဘောတွေ၊ အိမ်ရာဟူ၍တော့ မတွေ့ရသေး။ သို့ရာတွင် ကမ်းခြေကမ်းရိပ်ကို မြင်ရခြင်းကပင် စောစောအချိန်ကထက်တော့ ဦးထွန်းလူစိတ်သက်သာမိသည်။

သို့ရှိခိုက် သက်ရှည်အားပေးစကားပြောသည်။

"စိတ်ညစ်မနေပါနဲ့ဗျာ၊ မော်တော်ထဲဆီသိပ်မများပါဘူး၊ မနက်က ကျွန်တော် ဆီတစ်ဂါလန်တည်း ထည့်လာတယ်။ လက်ကျန်ဆီနဲ့မှ အလွန်ရှိမှတစ်ဂါလန်ခွဲနှစ်ဂါလန်ပေါ့၊ ဆီကုန်ရင် ကျွန်တော်တို့ကို ရောက်တဲ့နေရာထားခဲ့မှာပါဗျ"

ဦးထွန်းလူအဖြစ်ကို သက်ရှည်ရိပ်မိဟန်တူသည်။ သည်အတိုင်းလည်း သူကိုယ်တိုင်က အတွေးရောက်နေဟန်တူသည်။ သူပြောသည့်အတိုင်းဆိုပါက သိပ်တော့မဆိုးလှ။

ဘယ်နည်းနဲ့ထားခဲ့ထားခဲ့၊ ရွာကိုတော့ရောက်အောင်ပြန်နိုင်သည်။ သို့ရာတွင် သက်ရှည်ပြောသလို ဖြစ်ချင်မှလည်းဖြစ်မည်။ ဂါးမော်တော်

mgyoe.com

mgyoe.com

ကို ဆိကုန်သည့်နေရာတွင် ထားခဲ့ပြီး လူကိုခေါ်သွားနိုင်သည်။ ပြီးစက်လှေကြီးနှင့် တန်ကေးနှစ်စင်းပေါ်တွင် အင်ဂျင်ဆီတွေ၊ ရေနံဆီတွေပါမလာဟု မပြောနိုင်။

၀

mgyoe.com

mgyoe.com

[ ၇ ]

မင်္ဂလာဒုံ။

မင်္ဂလာဒုံဆိုသောဒေသကို ဦးထွန်းလူရောက်ဖူးဖို့ဝေးစွ။ ကြားတောင် မကြားဖူးပါချေ။ ယခုကြားရခြင်းသည် ပထမဦးဆုံး။

မြို့ကြီးပြကြီးဆိုလျှင်လည်း ပုသိမ်နှင့်ငပုတောမြို့လောက်ကိုသာ ဦးထွန်းလူရောက်ဖူးသည်။ ပုသိမ်ကိုပင် အများဆုံးသုံးခေါက်သာ ရောက်ဖူးသည်။ အချိန်ကာလရှိသမျှ နေ့ရှိသမျှ သွားလာလှုပ်ရှားနေသည်မှာ ပင်လယ်ရေပြင်ကြီးထဲ၌သာ ဖြစ်သည်။

ဦးထွန်းလူနှင့်စာလျှင်တော့ သည်တစ်ချက်တွင် သက်ရှည်က လူရေး အတွေ့အကြုံသာသည်။ ရန်ကုန်ကိုသက်ရှည်ရောက်ဖူးသည်။ မင်္ဂလာဒုံ ဆိုသောအသံကို သက်ရှည်ကြားဖူးနေပြီ။

သက်ရှည်အလုပ်လုပ်သော စန္ဒားပိုင်ရှင်သည် ကြည့်မြင်တိုင်ရှိ ငါးပိ ငါးခြောက် ကုန်သည်ပွဲစားများနှင့် အဆက်အဆံရှိသည်။ ရံဖန်ရံခါ အရောင်းအဝယ်ကိစ္စ၊ ငွေရေးကြေးရေးကိစ္စများဖြင့် ရန်ကုန်လာရသည်။ ယင်းအခါများတွင် သက်ရှည်အားလက်တိုလက်တောင်းအဖြစ် ခေါ်ဆောင် လာလေ့ရှိသည်။ ထို့ကြောင့် ရန်ကုန်မြို့ကြီးကို သက်ရှည်လေးငါးခြောက် ခေါက်ရောက်ဖူးသည်။

ထိုအခါ မင်္ဂလာဒုံ၊ အင်းစိန်၊ ကမာရွတ်စသော ဘတ်စ်ကားနောက် လိုက်များ၏ အော်ဟစ်သံကို ထိုစဉ်ကပင် သက်ရှည်ကြားဖူးနေပြီ။

mgyoe.com

mgyoe.com


ဂျပန်စစ်တပ်သည် ဦးထွန်းလူနှင့် သက်ရှည်တို့အပြင် ထားဝယ်သား လေးယောက်တို့ကို မင်္ဂလာဒုံရောက်အောင်ခေါ်ဆောင်လာခြင်းဖြစ်သည်။ ယင်းထားဝယ်သားလေးယောက်သည် တန်ကေးနှစ်စင်းမှဖြစ်သည်။

သက်ရှည်ပြောသည့်အတိုင်း သူတို့၏ ဂါးမော်တော်သည် လမ်းတစ်နေရာတွင် ဆိုက်ကပ်သွားသည်။ ဒါပေမဲ့ သက်ရှည်ယူဆထားသလိုတော့ ဖြစ်မလာ။ တက်တက်စင်လွဲသွားသည်။

ဂျပန်စစ်တပ်သည် ဦးထွန်းလူနှင့် သက်ရှည်တို့အား စက်လှေကြီးပေါ်သို့ပြောင်းရွှေ့လိုက်သည်။ ဂါးမော်တော်ကို ဓာတ်ဆီလောင်းသည်။ မီးရှို့သည်။ မြစ်ရေကြောမျောလိုက်သည်။ "ခုတ်စပြီး လှီး စပြတ်" သဘော ပင်ဖြစ်သည်။

သို့နှင့် ရှေ့ခရီးချီပြန်သော် တန်ကေးနှစ်စင်းသည် တစ်စင်းက တစ်နေရာတွင် ဆိုက်ကပ်သွားသည်။ တစ်စင်းက စက်ချွတ်ယွင်းသည်။ ထိုနှစ်စင်းမှာလည်း စောစောက ဂါးမော်တော်နည်းတူပင် သွားမြဲလမ်းပို့လိုက်သည်။

တန်ကေးပေါ်မှ လူလေးယောက်မှာလည်း မျက်စိပျက်မျက်နှာပျက်၊ နှာရည်တချွဲချွဲဖြင့် စက်လှေကြီးပေါ်ရောက်လာကြသည်။ သည်လိုနှင့် သန်းခေါင်ကျော်လာသည်။ နှစ်နာရီထိုးလုဆဲဆဲတွင် စက်လှေသည် ကြည့်မြင်တိုင်ဆိပ်ကမ်းရောက်လာသည်။ မှောင်နှင့်မည်းမည်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ကြည့်မြင်တိုင်။

တစ်ခါတစ်ခါတော့ မီးရောင်ကလေးများ လက်ခနဲမြင်လိုက်ရသည်။ ထိုအတွင်းမှ အော်လိုက်ဟစ်လိုက်ကြားလိုက်ရသည်မှာ ဂျပန်စစ်သားများ၏အသံ။ ယင်းအသံပင် ပျောက်ကွယ်သွားလျှင် ကြည့်မြင်တိုင်ဆိပ်ကမ်းတစ်ခုလုံးမှာလည်း ချောက်ချားတိတ်ဆိတ်သော ညအမှောင်ထုအောက် တွင် နစ်မြုပ်ငြိမ်သက်သွားပြန်သည်။

သည်လိုအချိန်ကာလနှင့် သည်လိုအခြေအနေတွင် ကျောက်ကလပ်ရွာမှရေလုပ်သားကြီးဦးထွန်းလူတစ်ယောက် ရန်ကုန်မြေပေါ်သို့ ခြေချမိခြင်းဖြစ်သည်။

"ဟုတ်တော့ ဟုတ်တယ်ဗျ၊ ရန်ကုန်တော့ ရန်ကုန်၊ စက်လှေသမား

mgyoe.com

mgyoe.com


ပြောတယ်၊ ဒါကြည့်မြင်တိုင်တဲ့၊ ကျွန်တော် အရင်ကကြည့်မြင်တိုင်ကို ရောက်ဖူးပါတယ်၊ အခုလိုတော့မဟုတ်ဘူး၊ မီးတွေလင်းထိန်နေတာဗျ၊ မော်တော်ကားတွေ၊ မြင်းလှည်းတွေ၊ ဈေးဆိုင်တွေနဲ့ သိပ်စည်ကားတာပဲ"

သက်ရှည်ဦးထွန်းလူကို နှစ်ကိုယ်ကြားပြောသည်။

ထိုအခိုက် ဂျပန်စစ်သားတစ်ယောက် သူတို့အနီး ရောက်လာသည်။ ဦးထွန်းလူနှင့်သက်ရှည်တို့အား ခြေနှင့်ကန်ကာ အထခိုင်းသည်။ ပြီးလျှင် လက်ပြခြေပြဖြင့် ခေါ်ဆောင်သွားသည်။ နောက်တော့ ထားဝယ်သားလေးယောက်နှင့်အတူ စက်လှေကြီးဝမ်းခေါင်းထဲရှိ ဂျပန်တို့၏ပစ္စည်းနှင့် ရိက္ခာများကို ကုန်းပေါ်သို့ထမ်းပိုးတင်ကြရသည်။

ဂျပန်များခိုင်းစေနေသည်မှာ သက်ရှည်တို့နှစ်ယောက်နှင့် တန်ကေးသမားလေးယောက်တို့သာဖြစ်သည်။ စက်လှေသမားငါးယောက်ကိုမူ တစ်စုံတစ်ရာစေခိုင်းခြင်းမပြုပေ။ ခိုင်းစရာရှိလျှင် ဆယ့်တစ်ယောက်စလုံး ခိုင်းထိုက်သည်ဟု သက်ရှည်စိတ်ထဲက တွေးသည်။ မကျေမနပ်လည်း ဖြစ်မိသည်။

မကြာပါ။ ထိုကိစ္စအဖြေပေါ်လာသည်။

"မင်းတို့ခြောက်ယောက်ဟာ မော်တော်ထဲ၊ တန်ကေးထဲမှာ ဆိပြည့်စုံအောင် ထည့်မထားဘူး၊ နောက်ပြီး ထွက်ပြေးဖို့ ကြိုးစားတယ်၊ ဒါကြောင့် မင်းတို့ခြောက်ယောက်ကို မဂ်လာဒုံခေါ်သွားရမယ်၊ မာစတာကြီးက မင်းတို့ခြောက်ယောက်ကို သိပ်ပြီးစိတ်ဆိုးနေတယ်"

ကုန်းပေါ်သို့ ပစ္စည်းတွေအားလုံး ထမ်းတင်ပြီးသည့်အခါ စကားပြန်ကောင်လေးက ဦးထွန်းလူတို့ခြောက်ယောက်ကို ပြောသည်။ ဦးထွန်းလူ ရင်တစ်ခုလုံး ပွင့်ထွက်သွားသလားထင်မိသည်။

ဘီလူးဖန်ဆင်းသော ရေကန်အတွင်း ဆင်းသက်မိသူလို အပြန်လမ်းသည် မလွယ်တော့ပါချေကလား။ သို့တွေးတောမိသည့်တိုင် ထွက်ပြေးဖို့ မစဉ်းစားရဲ။ သူ့အနေနှင့် ရန်ကုန်ကြည့်မြင်တိုင်ဆိုသည်ကို ယခုမှရောက်ဖူးသည်။ ပြီး ဦးဖိုးဆယ်အဖြစ်ကို မျက်လုံးထဲမြင်နေသည်။ ထားဝယ်သားလေးယောက်ကို ဦးထွန်းလူလှေ့လာသည်။ တုတ်တုတ်မှမလှုပ်ကြ။ ကြက်ဖကြီးခေါင်းထုထားသလို လေးယောက်စလုံးလည်စင်းနေသည်။

mgyoe.com

mgyoe.com


သက်ရှည်ကို ဦးထွန်းလူအကဲခတ်သည်။ ကုပ်ချောင်းကုပ်ချောင်း ငိုင်တွေတွေ။

"ဘယ်လိုလုပ်မလဲ သက်ရှည်"

ချုပ်တည်းမနေနိုင်သည့်အဆုံး ဦးထွန်းလူသက်ရှည်အား တိုးတိုး တိတ်တိတ်မေးရသည်။

"အိုဗျာ၊ သတ်တော့ မပစ်တန်ပါဘူး၊ ခေါ်ချင်ခေါ်စမ်းပါစေ၊ ခုနေ ထွက်ပြေးလို့တော့ မဖြစ်သေးဘူး၊ သေနတ်စာမိသွားမယ်၊ နောက်ပြီးခက် တာက ကျွန်တော်တို့ဆီမှာ ပိုက်ဆံဆိုလို့ တစ်ပြားမှပါတာမဟုတ်ဘူး၊ အခြေအနေကြည့်သေးတာပေါ့ဗျာ"

သူ့လူသက်ရှည်အပြောနှင့် ဦးထွန်းလူက ကျေနပ်ရသည်။

တကယ်ဆိုတော့ သက်ရှည်ကိုသာ ဦးထွန်းလူအားကိုးရတော့မည်။ သက်ရှည်ပြောသမျှ သူခေါင်းညိတ်ရပေမည်။ ရှေ့တွင်ဆက်လက်ပြီး ကြုံ တွေ့ရမည့် ကိစ္စများတွင် သက်ရှည်ကသာခေါင်းဆောင်ဖြစ်ပေလိမ့်မည်။ သည်အတိုင်း ဦးထွန်းလူ ဆုံးဖြတ်ချက်ပြုလိုက်သည်။

မကြာမီ သူတို့အနီးသို့ လော်ရီကားကြီးတွေရောက်လာသည်။

ဦးထွန်းလူတို့ခြောက်ယောက်သည် စုပုံထားသောပစ္စည်းများကို လော် ရီကားကြီးများပေါ်သို့ ထမ်းပိုးတင်ရပြန်သည်။

ဂျပန်စစ်သားလေးငါးယောက်က သူတို့ခြေထောက်ကို သေနတ်ဖြင့် ချိန်ရွယ်ထားသည်။ ပစ္စည်းအားလုံးတင်ပြီးသည့်အခါ ခြောက်ယောက် စလုံးကားပေါ်အတက်ခိုင်းသည်။

သို့ဖြင့် နံနက်ခင်း၏အလင်းရောင်ကလေးများ ထွက်ပြူစအချိန်၌ပင် လော်ရီကားကြီးများသည် ထိုနေရာမှ မောင်းနှင်ထွက်ခွာခဲ့ကြလေသည်။

မင်္ဂလာဒုံတစ်နေရာရှိ သံဆူးကြိုးဝင်းကာရံထားသော ဘားတိုက် အဆောက်အအုံများတွင် ဂျပန်စစ်တပ်စခန်းချရပ်နားသည်။

ဦးထွန်းလူတို့ခြောက်ယောက်အား ခေါ်ဆောင်လာသည့် ဂျပန်စစ် တပ်စခန်းချသော နေရာ၏ မြောက်ဘက်၌လည်း သံဆူးကြိုးဝင်းကာရံ ထားသည် အဆောက်အအုံတွေ အတော်များများရှိနေသည်။ အားလုံးမှာ ပုံစံတူအဆောက်အအုံတွေဖြစ်သည်။ ရှည်လျားပြီးမြင့်မားသော နှစ်ထပ်

mgyoe.com

mgyoe.com


တိုက်ငယ်များနှင့် ပုဝိုင်းဝိုင်းသဏ္ဌာန်ရှိသော တစ်ထပ်တိုက်ငယ်များ ဖြစ်သည်။

ခြံမြို့ဆိုရလျှင် အချိုးအစားပြေပြစ်သည်။ ကြည့်လို့လှပသည်။ သန့်ပြန့်သေသပ်မှုရှိသည်။ မြေကွက်လပ်များတွင် စိုက်ပျိုးထားသော ပန်းပင် သစ်ပင်များသည် ညီညာပြေပြစ်သည်။ သံဆူးကြိုးဝင်း တစ်ခုနှင့်တစ်ခု အကွာအလှမ်းသည် ပေကိုးဆယ်၊ တစ်ရာခန့် အကွာအလှမ်းဖြစ်သည်။

ယင်းသံဆူးကြိုးဝင်းများ၏ နောက်ပိုင်းအတန်ငယ်လှမ်းလှမ်းတွင် ရာဘာပင်များ၊ အခြားသော သစ်ပင်ကြီးများနှင့် တောင်ကမူငယ်များ၊ ချိုင့်ဝှမ်းများ၊ ချုံနွယ်ပိတ်ပေါင်းများ၊ ဝါးရုံတောများဖြင့် ထူထပ်သည့်တော ကလေးတစ်တောပမာရှိနေသည်။

ဦးထွန်းလူတို့ခြောက်ယောက်သည် နံနက်လေးနာရီထိုးသည်နှင့် အိပ်ရာမှထရသည်။ ထမင်းချက် ဂျပန်စစ်သားသည် လေးနာရီသံချောင်း ခေါက်သည်နှင့် မိုးပေါ်ကကျလာသလို ဦးထွန်းလူတို့ရှိရာသို့ရောက်လာသည်။ သူတို့ ခြောက်ယောက်အား သက်သက်ညှာညှာ ယဉ်ယဉ်ကျေးကျေး ခြေဖြင့်ကန်ပြီးနှိုးသည်။ ကမန်းကတန်းထရသည်။ အထလေး၍ အကြောအခြင်ဆန့်နေလျှင် ဗိုက်ပေါ်တက်နင်းသည်။

သူတို့ခြောက်ယောက်အိပ်ရသည်မှာ စောင်၊ ခေါင်းအုံး၊ ဖျာဟူ၍ လုံးဝ မရှိ။ သမံတလင်းပေါ်တွင် ကိုယ့်ပုဆိုးကိုယ်ခြုံကွေးရသည့် အဖြစ်။

ပထမတစ်ရက်နှစ်ရက်သုံးရက် လူချင်းကွာကွာအိပ်ကြသည်။ နောက်ည နောက်ညများတွင်မူ ကျောချင်းကပ်ကြသည်။ ဂျပန်နောက် လိုက်ခဲ့ရသည်မှာ ပုဆိုးပိုက်ကာ စောင်ပိုက်ကာမဟုတ်၊ ဘယ်သကောင့် သားမှ လန်ကွတ်တီ တစ်စုတ်အပိုမပါ။ ခြောက်ယောက်စလုံးအဝတ်တစ် ထည်ကိုယ်တစ်ခု။

ထမင်းချက်ဂျပန်စစ်သားသည် လေးငါးခြောက်ရက်လောက်တော့ ဦးထွန်းလူတို့ခြောက်ယောက်ကို လာရောက်ပြီး နှိုးသေးသည်။ နောက် တစ်ရက်တွင်မူ ဂျပန်ထမင်းချက်နှင့်အတူ စကားပြန်ကောင်လေးပါလာ သည်။

ဂျပန်ထမင်းချက်သည် ထုံးစံအတိုင်း ဦးထွန်းလူတို့ခြောက်ယောက် အားနှိုးသည်။ သည်နေ့တော့ အခါတိုင်းထက်ပိုဆန်းသည်။ ခြောက်

mgyoe.com

mgyoe.com

ယောက်စလုံးကို တန်းစီအရပ်ခိုင်းသည်။ နောက်တော့ ဆဲသည်။ ပြီးမှ တစ်ယောက်စီပါးကိုဘယ်ပြန်ညာပြန်ရိုက်နှက်သည်။

မိုးတောင်ပီပီပြင်ပြင် မလင်းတတ်သေး။ ဘာ အပြစ်ရှိလို့ပါလိမ့်။ ဦးထွန်းလူတွေးသည်။ တွေးမရ။

နောက်တော့မှ အဖြေပေါ်လာသည်။

"မင်းတို့ကို နေ့တိုင်း နေ့တိုင်း မနိူးနိုင်ဘူး၊ လေးနာရီသံချောင်းခေါက်တာနဲ့ ရေနွေးကျိုဖို့လာရမယ်၊ နားလည်လား"

စကားပြန်ကောင်လေးက ပြောသည်။

သံချောင်းခေါက်သည်မှာ အပေါက်ဝကင်းရုံမှဖြစ်သည်။ ဂျပန်စစ်သားသည် ထိုနေရာတွင် နေ့ညမပြတ်အချိန်မလပ်ရှိနေသည်။

"မင်းတို့အလုပ်က မနက်လေးနာရီထိုးရင် မာစတာတွေချိုးဖို့ မျက်နှာသစ်ဖို့ ရေနွေးကျိုရမယ်၊ အဲဒါပြီးရင် အိမ်သာကျင်းတွေကို ထုံးမှုန့်ဖျန်းရမယ်၊ အမှိုက်လှည်းရမယ်၊ အဲဒါပြီးရင် ဟိုနောက်ကတောမှာ ထင်းတုံးတွေ ပေါက်ရမယ်၊ ခြောက်အောင်နေလှန်းရမယ်၊ နောက်ပြီးမာစတာတွေ အဝတ်လျှော်ခိုင်း၊ ဖွပ်ခိုင်း ချုပ်ခိုင်းရင် လုပ်ပေးရမယ်၊ ထမင်းချက်မာစတာနှင့်နှစ်ယောက်က ခိုင်းရင် ဘာမဆိုလုပ်ပေးရမယ်၊ နားလည် လား"

ဦးထွန်းလူတို့ ခြောက်ယောက်စလုံး ငြိမ်ဆိတ်နေသည်။ စိတ်ထဲကတော့ တစ်ယောက်မျှမကျေနပ်။ အတော်ကြီး ခံပြင်းနေသည်။

ကောင်ကလေးကြည့်တော့ လက်တစ်ဆစ်လောက်နဲ့ သိပ်ကိုမိုက်ရိုင်းပါလားဟု သက်ရှည်စိတ်ထဲက ဒေါသဖြစ်မိသည်။ နင်းချေပစ်ချင်သည်။ တရားခံအစစ်ကို သက်ရှည်မမြင်။ ကောင်လေးသည် သူ့သဘောနှင့်သူ ပြောနေခြင်းမဟုတ်၊ ဂျပန်စစ်သားခိုင်းသည့်အတိုင်း မနေသာ၍ ပြောနေရခြင်းဖြစ်သည်။

"မင်းတို့ အလုပ်ကောင်းကောင်းလုပ်ပါတဲ့၊ ဒီမှာ အလုပ်ကောင်းကောင်းမလုပ်ရင် ဟိုအဝေးကြီး "ယင်းတဂေါ်" ပို့လိုက်မယ်တဲ့၊ (အင်းတကော်ကို စကားပြန်ကောင်ကလေးအသံက မပီသခြင်းဖြစ်သည်) ဟိုမှာ မြင်းတပ်ရှိတယ်၊ ဟိုရောက်သွားရင် မြင်းချေးကျုံးရမယ်....၊ မြင်းစာမြက်ရိတ်ရမယ်....၊ မြင်းထိန်းရမယ်၊ မြင်းတွေကိုနှိပ်ပေးရမယ်၊ ဒီမှာ

mgyoe.com

mgyoe.com


အလုပ်ကောင်းကောင်းမလုပ်တဲ့လူ ဟိုသွားရမယ်တဲ့"

ဦးထွန်းလူဝမ်းထဲ၌ ဘုရားတမိသည်။

စကားပြန်သူငယ်ပြောနေသည့်အခါ သူ့ဘေးမှဂျပန်စစ်သားသည် ပါးစပ်အပြဲသားနှင့် ခေါင်းတညိတ်ညိတ်ရှိသည်။

"စောင်ပေးပါ စောင်....၊ နောက်ပြီး လုံချည် အင်္ကျီပေးပါ"

လူခြောက်ယောက်ထဲမှ ထားဝယ်သားတစ်ယောက်၏ အသံဖြစ်၏။

ထိုသူသည် ခံပြင်းစိတ်နှင့် နာကြည်းမှုကြောင့် အသံကသာမဟုတ်၊ အသားဆတ်ဆတ်တုန်နေသည်။ အသက်အရွယ်မှာ သက်ရှည်နှင့်မတိမ်း မယိမ်း။ သူ့အမည် မြတ်သာကျော်။

မြတ်သာကျော်ကို ဦးထွန်းလူစိတ်ထဲက ချီးကျူးမိသည်။ တကယ် သတ္တိရှိတဲ့ သူငယ်၊ သူမို့ ပြောရဲတယ်။ သို့ရာတွင် ချက်ချင်းပင် ဦးထွန်း လူထိတ်လန့်မိသည်။ ပါးရိုက်များခံကြရဦးမှာလား။

"စောင် ဟုတ်လား၊ လုံချည် အင်္ကျီဟုတ်လား"

စကားပြန်ကောင်လေးက မြတ်သာကျော်ကိုမေးနေသည်။ ပြီးလျှင် မြတ်သာကျော်က နောက်ထပ်တစ်စုံတစ်ရာ အဖြေမပေးရသေးမီ ကောင် ကလေးက ထပ်ပြောသည်။

"စောင်လည်းမရှိဘူး၊ ပုဆိုးလည်းမရှိဘူး၊ ဘာဆိုဘာမှ သူတို့ဆီမှာ ငါမတွေ့ဘူး"

စင်စစ် ထိုစကားသည် ဂျပန်ထမင်းချက်က ပြောဆိုခိုင်းခြင်းတော့ မဟုတ်၊ သူ့အသိအမြင်နှင့် စကားပြန်ကောင်လေး ပြောခြင်းဖြစ်သည်။ တကယ်ဆိုတော့ ဂျပန်စစ်ဗိုလ်စစ်သားများနှင့် အနီးကပ်နေရသော စကား ပြန်သူငယ်သည် မြတ်သာကျော်လိုချင်သော ပုဆိုးသော်လည်းကောင်း၊ စောင်သော်လည်းကောင်း ဂျပန်များထံတွင် မရှိကြောင်း အစင်းသိဖြစ် သည်။

စကားပြန်သူငယ်စကားကြောင့် မြတ်သာကျော်ပို၍ လှုပ်ရှား လာသည်။

ထားဝယ်သံပါပါနှင့် စကားလုံးပေါင်းများစွာကို ရေနွေးအိုးကြီးဆူပွက် သလို မြတ်သာကျော်နှုတ်မှ ရေရွတ်သည်။ ပေါက်ပေါက်ဖောက်သလား ထင်ရသည်။

ထမင်းချက်သည် မြတ်သာကျော်အဖြစ်ကို ငေးကြည့်နေသည်။ သူ့

mgyoe.com

mgyoe.com


ကိုယ်တိုင်ကလည်း မြတ်သာကျော်ဘာတွေဖြစ်ပြီး ဘာတွေပြောနေမှန်း မသိ။

မြတ်သာကျော်နှုတ်ဖျားမှ စကားလုံးတွေသာ အပြင်းအထန် မရပ် မနား ထွက်ပေါ်နေသည်မဟုတ်။ မြတ်သာကျော်တစ်ကိုယ်လုံးယိမ်းထိုး လှုပ်ရှားနေသည်။ လက်ဟန် အမူအရာတွေလည်း ပါနေသည်။

စကားပြန်ကောင်လေးသည် မြတ်သာကျော်ကိုကြည့်နေရင်း မျက်လုံး ဝိုင်းလာသည်။ မြတ်သာကျော်၏ ဆိုလိုချက်များကို စကားပြန်ကောင် လေးသည်လည်း ပြည့်စုံအောင်နားမလည်။

ဦးထွန်းလူသည် မြတ်သာကျော်အတွက် စိုးရိမ်မိသည်။ မြတ်သာ ကျော်ဘာတွေပြောနေပါလိမ့်၊ ဂျပန်တွေအပေါ် မကျေမနပ်စိတ်နဲ့ ကျိန် ဆဲရေရွတ်နေသလား။

သူ့အဖော်ထားဝယ်သားသုံးယောက်ကလည်း ယခုအချိန်အထိ မဟန့် တား၊ မကန့်ကွက်။ မကြာမီ မတ်တတ်မှ မြတ်သာကျော်ထိုင်ကျသွားသည်။ ပြီးလျှင် မျက်နှာကိုလက်ဝါးနှစ်ဖက်ဖြင့် အုပ်သည်။ တဟည်းဟည်း ငိုချတော့သည်။ ခွီး၊ ခွီး၊ ခွီး ဟူသော စကားလုံးပေါင်းများစွာကို ဗလုံး ဗထွေး ရေရွတ်သည်။

ဦးထွန်းလူသက်ပြင်းရှိုက်လိုက်တယ်။

"ဒီကောင်ညက တစ်ညလုံးဖျားတယ်"

သက်ရှည်က ဦးထွန်းလူကို လက်တို့ပြောသည်။

ညက တစ်ညလုံး မြတ်သာကျော်ဖျားသည်မှာ မှန်သည်။ သူတို့ ပင်လယ်သားများမှာလည်း အမေမွေးကတည်းက ပင်လယ်အလုပ်နှင့် အသက်မွေးဝမ်းကျောင်းရသည့်အခါ ပင်လယ်ငှက်ဖျားတစ်မျိုးသည် သူ တို့တွင် စွဲကပ်နေသည်။ ဝမ်းထဲတွင် ဖေလုံးရှိနေသည်။ ယင်းဖေလုံးသည် မနေ့ညက တစ်ညလုံးလုံး မြတ်သာကျော်အား နှိပ်စက်သည်။ သူ့အဖော် ထားဝယ်သားသုံးယောက်လည်း ဘယ်လိုမှမတတ်နိုင်။

ဆေးမရှိဝါးမရှိ၊ စောင်မရှိ၊ အဝတ်အထည်မရှိ။ မရှိခြင်းဝေါဟာရ သည် သူတို့ခြောက်ယောက်တွင် အကြွင်းမဲ့ဖြစ်သည်။

မြတ်သာကျော်အဖြစ်ကို ဦးထွန်းလူမသိ။ မနေ့ကတစ်နေ့လုံး ပင်ပန်း ထားသဖြင့် တစ်ညလုံးဦးထွန်းလူအိပ်မောကျသွားသည်။ ပြီးလျှင် ညက

mgyoe.com

mgyoe.com


အိပ်သည်မှာ သူနှင့်မြတ်သာကျော်ကြားတွင် သက်ရှည်တစ်ယောက်လုံး ခြားနေသည်။

"ညက ဖျားတယ်၊ ဟုတ်လား"

စကားပြန် သူငယ်က သက်ရှည်ကိုမေးသည်။

သက်ရှည်က ခေါင်းညိတ်ပြသည်။

စကားပြန် သူငယ်သည် ထမင်းချက်ဂျပန်စစ်သားအား ညက မြတ်သာကျော်ဖျားကြောင်း တစ်ဆင့်ပြောသည်။ စောင်တောင်းကြောင်း ပြောသည်။ ပုဆိုးအင်္ကျီတောင်းကြောင်းပြောသည်။

သို့နှင့် ငေးကြည့်နေသော ဂျပန်စစ်သားလှုပ်ရှားလာသည်။ မျက်နှာ အမူအရာအမျိုးမျိုးနှင့် မြတ်သာကျော်အား လှေ့လာသည်။ သူ့စိတ်ထဲတွင် တစ်စုံတစ်ရာ အတွေးပေါက်သွားဟန်တူသည်။ စကားပြန်သူငယ်အား တစ်စုံတစ်ရာ ပြောကြားခြင်းပြုပြန်သည်။

"စောင်လိုချင်ရင် မာစတာဗိုလ်ကြီးကို ပြောပေးမယ်တဲ့"

ကိစ္စမှာ သည်တွင်အဆုံးသတ်သွားသည်။ ဂျပန်စစ်သားနှင့် စကား ပြန်သူငယ်သည် ထိုနေရာမှ ထွက်ခွာသွားသည်။

ဦးထွန်းလူတို့လူစုတွင် ထွက်ပေါက်ရှာလိုသူတစ်ယောက်ပါသည်။

သူကား သက်ရှည်။

မြတ်သာကျော်အဖြစ်ကို မြင်ပြီးကတည်းက သက်ရှည်ခေါင်းထဲတွင် အတွေးတစ်ခုဝင်လာသည်။ လည်စင်းအသေခံမလား၊ လွတ်မြောက်ရေး အတွက် စွန့်စားအားထုတ်မလား။

သက်ရှည်တွင် အကျင့်ကောင်းတစ်ခုရှိသည်။ သူ့ကိုယ်သူ ယုံကြည် ခြင်းနှင့် စွန့်စားလိုစိတ်ရှိခြင်းပင်ဖြစ်သည်။

ကြည့်ပါ၊ ဂျပန်များလက်တွင်းမှ လွတ်မြောက်အောင် ဂါးမော်တော် ကိုစက်ကုန်ဖွင့်လျက် မောင်းပြေးခဲ့သည်မဟုတ်လား။

အခြေအနေချင်းက ကွာခြားလွန်း၍သာ သက်ရှည်အညံ့ခံလိုက်ရခြင်း ဖြစ်သည်။ ဒါပေမဲ့ သက်ရှည်အားမလျှော့။ သင်းတို့လက်က တစ်နေ့တော့ ငါလွတ်မြောက်ရမည်ဟူသော စိတ်ဓာတ်။

သက်ရှည်တို့နေထိုင်ရသော ဝင်း၏တစ်ဖက်တွင် နောက်ထပ်ဝင်း

mgyoe.com

mgyoe.com

တစ်ခုရှိနေသည်။ သက်ရှည်တို့ဝင်းထဲကလို ပုံစံတူအဆောက်အအုံဖြစ်သည်။

အကယ်၍ မိမိသည် သံဆူးကြိုးဝင်းနှစ်ခုကို ကျော်နိုင်လွှားနိုင်လျှင်သော်လည်းကောင်း၊ သို့မဟုတ် အောက်ခြေမှနေလျက် ခေါင်းလျှိုပြီးဝင်သွားနိုင်မည်ဆိုလျှင် သော်လည်းကောင်း ဟိုမှာဘက်မြောက်ဘက်ဝင်းကို ရောက်မည်။

သို့ရာတွင် အရေးကြီးသည်မှာ ဂျပန်များမမြင်ဖို့ဖြစ်သည်။ ဂျပန်မိသွားခဲ့လျှင် သက်သာလိမ့်မည်မဟုတ်၊ အနှိပ်စက် အညှဉ်းဆဲခံရမည် မှာ သေချာသည်။

ထို့ထက်ပိုပြီးအရေးကြီးသည်မှာ လမ်းပေါက်ပိတ်လမ်းစပျောက်သွားမည့် အရေးဖြစ်သည်။ ခုပုံအတိုင်းဆိုသော် လွတ်မြောက်ရန်အတွက် ထွက်ပေါက်လမ်းစသည် မြောက်ဘက်တစ်လမ်းတည်းသာရှိသည်။ တောင်ဘက်ဝင်းသည် ဂျပန်တွေနေသော ဝင်းပင်ဖြစ်သည်။

ဟိုမှာဘက်ဝင်းကို အကူးအသန်းလုပ်ရန် မဆိုထားနှင့်၊ လှမ်းကြည့်သည်ကိုပင် ဂျပန်စစ်သားများက မကြိုက်။ တစ်ခါက မြောက်ဘက်ဝင်းကို သက်ရှည်အတော်ကြာကြာ ငေးကြည့်နေမိသည်။ ထိုအခိုက် ဖြုန်းခနဲ သူ့နောက်မှနေလျက် ဂျပန်စစ်သားက တအားကုန်ဆောင့်ဆွဲလိုက်သည်။ အရှိန်လွန်ပြီး သက်ရှည်လဲကျသွားသည်။ ဂျပန်စစ်သားက ဗိုက်ပေါ်တအားဆောင့်နင်းသည်။ အသက်ရှူမှားမတတ်ခံရဖူးပြီ။

သူတို့ခြောက်ယောက်တွင် ဦးထွန်းလူမှအပ ကျန်သူငါးယောက်မှာ မြောက်ဘက်ဝန်းကိုလှမ်းကြည့်မှုအတွက် အရိုက်ခံရသူချည်းဖြစ်သည်။ ထိုအထဲတွင် သက်ရှည်ပထမဖွေဆော်ဦး၊ အပြင်းအထန် မှတ်လောက်သားလောက်ခံရသူ။

"မင်းတို့ကို မာစတာပြောတယ်၊ ဟိုဘက်ဝင်းကို လုံးလုံးမကြည့်ရ ဘူး၊ နောက်ဆိုရင် ကြည့်တဲ့လူကို နေပူလှန်းမယ်၊ ဒဏ်ပေးမယ်၊ ထမင်း မကျွေးပဲထားမယ်တဲ့"

သက်ရှည်တို့လူငါးယောက်ကို စီတန်းရပ်စေပြီး စကားပြန်သူငယ်မှတစ်ဆင့် ဂျပန်တပ်ကြပ်ကြီးက ပြောခိုင်းသည်။

mgyoe.com

mgyoe.com


မြောက်ဘက်ဝင်းနှင့်ပတ်သက်လာလျှင် သူတို့ကို ဘယ်ဂျပန်စစ်သားကမှ ချမ်းသာခွင့်မပေး။ ရိုပ်ခနဲမသင်္ကာဖွယ်မြင်လိုက်ရလျှင်ပင် ဂျပန်စစ်သားသည် ကျားတစ်ကောင်လိုမာန်ဖီပြီး ပြေးလာတော့သည်။ ပါးနားကိုထူပူသွားအောင် ရိုက်နှက်သည်။ ခူရား၊ ခူးရားဟု အဆက်မပြတ်ဆဲရေးသည်။

ဂျပန်တွေအနေနှင့် မြောက်ဘက်ဝင်းကို သည်မျှလောက် ဘာကြောင့်မလိုမလားဖြစ်နေရပါလိမ့်။ လူငယ်ငါးယောက်တွင် လေးယောက်သာမတွေးတောသော်လည်း သက်ရှည်က တွေးတောသည်။

သို့ရာတွင် အဓိပ္ပာယ်၏ ဇာစ်မြစ်မူလကိုတော့ သက်ရှည်တွေးတောလို့မရ။ ဘယ်လိုမှ သက်ရှည်ခြေရာမကောက်တတ်။

ဟိုမှာဘက်က လူတွေသည် လှုပ်လှုပ်ရှားရှားရှိသည်။ ကျွက်စီကျွက်ညံပြုလုပ်သည်။ သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ၊ ငါးယောက်ခြောက်ယောက်တစ်တွဲ။ အပေါင်းအစုပြုလျက် ဝင်းအပြင်နှင့် ဝင်းအထဲသွားချည်ဝင်ချည်ရှိကြသည်။ သူတို့တွေ လွတ်လပ်ပုံရသည်။ ဝင်းချင်း၊ အဆောက်အအုံချင်းက ဝေးလှမ်းသဖြင့် သူတို့တစ်တွေပြောကြဆိုကြသည့် စကားလုံးများကိုကား ကွဲကွဲပြားပြား သက်ရှည်မကြားရ။

သို့ရာတွင် ထိုသူတွေကိုကြည့်၍ သက်ရှည်အားကျသည်။ လွတ်လပ်မှု၏တန်ဖိုးကို သက်ရှည်ရိုးတိုးရိပ်တိပ်စမ်းဝါးမိသည်။ သူတို့လိုဆိုရင်လည်းအကောင်းသား။

လှုပ်ရှားရုန်းကန်လိုမှုသည် သက်ရှည်၏နှလုံးသားအတွင်းသို့ မသိမသာဝင်ရောက်စပြုခဲ့သည်။

မည်သို့ရှိစေ....

မြောက်ဘက်ဝင်းအပေါ်သက်ရှည်စိတ်ငင်စားသည်။

တစ်ခေါက်တစ်ကျင်း ရောက်ဖူးပေါက်ဖူးရှိချင်သည်။

စင်စစ်မူ သူတို့ရောက်စချိန်ကဆိုလျှင် မြောက်ဘက်ဝင်းတွင် ယခုလောက်လူတွေမစည်ကားသေး၊ ဖြိုးဖြိုးဖြောက်ဖြောက်ဖြစ်သည်။ အဆောက်အအုံတချို့တွင် လူသူကင်းမဲ့နေသယောင်ရှိသည်။

ယခုဆိုလျှင် သည်မင်္ဂလာဒုံသို့ သူတို့ရောက်ခဲ့သည်မှာ တစ်လကျော်

mgyoe.com

mgyoe.com


နှစ်လနားနီးကပ်ပြီ။ ယင်းအချိန်အတွင်း မြောက်ဘက်ဝင်းတွင် သီသီသာသာ လူတွေတိုးပွားလာသည်။ တစ်နေ့တခြား များများလာသည်။ စိုပြည်စည်ကားလာသည်။

ပို၍ထူးခြားသည်မှာ ညတိုင်းအိပ်ရာဝင်ချိန် ရောက်ပြီဆိုလျှင် မြောက်ဘက်အဆောက်အအုံများရှိရာမှ တဝေါဝေါပေါ်ထွက်လာသော အသံကြီးများဖြစ်သည်။ ထိုအသံသည် လူပေါင်းများစွာ ဝိုင်း၍ သီဆိုကြသော သီချင်းသံတစ်ခုဟု သက်ရှည်ယူဆသည်။ ဘာမျှ မသဲကွဲ။ အမှောင်ထဲတွင် ဘာမျှကြည့်လို့မမြင်ရ။ ထိုအသံများ ရပ်စဲသွားပြီး မရှေးမနှောင်း၌ပင် မြောက်ဘက်ဝင်းကြီး တစ်ခုလုံး ငြိမ်သက်သွားတော့သည်။

ဘာလုပ်ကြပါလိမ့်။ ဘယ်အရပ်က လူတွေပါလိမ့်။ သက်ရှည်တွေးသည်။ ညဘက်များတွင် သက်ရှည်တော်တော်နှင့်အိပ်လို့မပျော်။

မြောက်ဘက်ဝင်းကလူတွေနှင့်ပတ်သက်၍ ကျိန်းသေပေါက်သက်ရှည်သိရှိနေသည်မှာ ဂျပန်တွေမဟုတ်၊ မြန်မာတွေဖြစ်သည်ဆိုခြင်းပင်။

ထို့ကြောင့်လည်း မြောက်ဘက်ဝင်းအပေါ် ပို၍သက်ရှည်စိတ်ဝင်စားနေခြင်းဖြစ်သည်။ မြန်မာတွေ၊ မြန်မာတွေဟူသော အသိစိတ်ဓာတ်သည် သက်ရှည်ရင်ထဲ၌ လှိုင်းဂယက်ထနေသည်။

၀

mgyoe.com

mgyoe.com

## [ ၈ ]

စင်စစ် မြန်မာတွေဟူသောအသိကို သိရသည်မှာလည်း အချိန်မကြာလှသေး၊ လွန်ခဲ့သော တနင်္ဂနွေတစ်ပတ်ကမှ သိရသောအသိဖြစ်သည်။ သည့်အလျင်စောစောကတော့ မြောက်ဝင်းသားများလည်း ဂျပန်တွေဟု ယူဆထားသည်။

တကယ်ဆိုတော့ သက်ရှည်သာမဟုတ်၊ ဦးထွန်းလူအပါအဝင် ကျန်သူငါးယောက်တို့ကလည်း ဂျပန်စစ်သားတွေဟု ယူဆကြသည်။

ဖြစ်ပုံမှာ.....

လွန်ခဲ့သော တနင်္ဂနွေတစ်ပတ်နေ့တစ်နေ့က မြောက်ဘက်ဝင်းမှ လူတစ်ယောက်သည် သက်ရှည်တို့ဝင်း၏ သံဆူးကြိုးအနီးသို့ချဉ်းကပ်လာသည်။ ထိုသူသည် တစ်ဖက်သောဝင်း၏ သံဆူးကြိုးကိုကျော်လွှားလျက် ဒီမှာဘက်ဝင်း၏အနီးသို့ ချဉ်းကပ်လာခြင်း ဖြစ်ဟန်တူသည်။

သူ့ပုံသဏ္ဌာန်က စစ်သားတစ်ယောက်။

ထိုအခါ ထိုသူကို ဂျပန်စစ်သားတစ်ယောက်ဟူ၍ပင် သက်ရှည် အမှတ်ပြုလိုက်သည်။ ဟုတ်မှာပဲ၊ ဂျပန်စစ်သားဖြစ်မှာပဲ။ ထိုစဉ်က နောက်ဘက်တောထဲမှ ထင်းတစ်တုံးကိုသက်ရှည်ထမ်းပိုးလာခိုက်ဖြစ် သည်။ အစောင့်ဂျပန်စစ်သားသည် ထားဝယ်သားနှစ်ယောက်နှင့်အတူ ခပ်လှမ်းလှမ်းနောက်ပိုင်းတွင် ကျန်ရစ်ခဲ့သည်။

"ဒီမယ်ဗျို့၊ ဒီမယ်၊ ရှီး.....ရှီး"

mgyoe.com

mgyoe.com


သံဆူးကြိုးဘေးမှလူက သက်ရှည်ကိုလှမ်းပြီး အသံပြုလိုက်သည်။

သက်ရှည်ခြေလှမ်းများ တုံ့ဆိုင်းသွားသည်။ သို့ရာတွင် ထိုသူရှိရာ သို့ ရုတ်တရက်လှည့်မကြည့်နိုင်ပါ။ ပခုံးထက်တွင် လေးလံသောဝန်က ရှိနေသည်။

"ဒီမယ်ဗျ"

စောစောကထက် အသံကျယ်သည်။

သည်တစ်ကြိမ်တော့ သက်ရှည်ခြေလှမ်းတန့်လိုက်သည်။ ပခုံးထက် မှထင်းတုံးကို မနိုင်မနင်းထိန်းထားပြီး ထိုသူရှိရာသို့ သက်ရှည်လှမ်းကြည့် လိုက်သည်။

"ဒီဝင်းထဲမှာ ဗမာဘယ်နှစ်ယောက်ရှိသလဲ"

ထိုသူကမေးသည်။ ထိုသူသည် သက်ရှည်နှင့် ရွယ်တူဖြစ်သည်။

"ဗျာ ဗျာ ဗမာ ဟုတ်လား"

ရုတ်တရက်ဆိုတော့ မေးခွန်း၏လိုရင်းအဖြေကို သက်ရှည်မဖြေမိ။ ကြောင်အမ်းအမ်းဖြစ်နေသည်။

"ဟာ၊ ကိုယ့်လူ ဗမာမဟုတ်ဘူးလား"

သံဆူးကြိုးဘေးမှ လူရွယ်သည် စိတ်တိုသွားဟန်တူသည်။ အားမလို အားမရ ဖြစ်ဟန်ရှိသည်။ လေသံခပ်ထန်ထန်ပြောင်းသွားသည်။ သက် ရှည်ကို မေးမြန်းနေသည့်တိုင် သူ့မျက်လုံးများက ဂိတ်ပေါက်ဝဂျပန်ကင်း ရုံဆီသို့ ပြူးကြည့် ပြူးကြည့် ရှိနေသည်။

"ဟုတ်....ဟုတ်....ဟုတ်ပါတယ်"

သက်ရှည်အဖြေနောက်ကျသွားပြီ။

အော်ဟစ်ဆဲရေးသံနှင့်အတူ တဗုန်းဗုန်းပြေးချလာသော ဂျပန်စစ်သား ၏ ခြေသံကိုကြားလိုက်ရသည်။ နောက် စကားကိုသက်ရှည်မဆက်နိုင် သလို တစ်ဖက်ကလူ၏စကားကိုလည်း သက်ရှည်မစောင့်ဆိုင်းနိုင်တော့ ပါ။ ထိုနေရာမှ အမြန်ဆုံးထွက်ခဲ့ရသည်။ သို့ရာတွင် သူ့နားကိုစွင့်ထား သည်။ နောက်ပိုင်းကို သက်ရှည်အာရုံစိုက်ထားသည်။

နောက်ပိုင်းတွင် ပြဿနာပေါ်နေသည်။

ဂျပန်စစ်သားသည် သေနတ်တကားကားနှင့် သံဆူးကြိုးဘေးမှလူ

mgyoe.com

mgyoe.com


ရွယ်ကို မောင်းနှင်ထုတ်သည်။ ဂိတ်ဝကင်းရုံမှ ဂျပန်ကင်းစောင့်သည် ထိုနေရာသို့ အပြေးအလွှားရောက်လာသည်။

သံဆူးကြိုးဘေးမှ လူရွယ်သည် သူ့ကိုသဟောက်သဟက်လုပ်နေ သော ဂျပန်စစ်သားနှစ်ယောက်အား ခပ်တည်တည်နှင့် မျက်မှောင်ကြုတ် ကြည့်သည်။ ကိုယ်ခန္ဓာကို တောင့်တောင့်တင်းတင်းရပ်လိုက်သည်။ သူ့ ခြေထောက်များသည် ကျောက်ရုပ်ပမာ ထိုနေရာတွင် ခိုင်မြဲနေသည်။

ဂျပန်စစ်သားနှစ်ယောက်ကလည်း မောင်းထုတ်၍မရလျှင် တစ်စုံတစ် ရာ ပြုမည့်ပုံမျိုး။

"ရဲဘော်ပြေငြိမ်း၊ ရဲဘော်ပြေငြိမ်း"

နောက်ပိုင်း ဘားတိုက်တစ်ခုရှိရာမှ အသံတစ်သံပျံ့လွင့်လာသည်။ ဘားတိုက်ပေါ်မှ ရဲဘော်တစ်ယောက် ပြေးဆင်းလာသည်။

သံဆူးကြိုးဘေးမှလူရွယ်သည် တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်သည်။ နောက်တော့ ခြေလှမ်းခြေချမှန်မှန်နှင့်ပင် ထိုနေရာမှလှည့် ထွက်သွားသည်။ သူ့ရင်ထဲတွင် အတော်တော့ခံပြင်းသွားဟန်တူသည်။

ယင်းသို့သော အတွေ့အကြုံကြောင့် သက်ရှည်အားမာန်ရှိလာခြင်း ဖြစ်သည်။ လန်းဆန်းတက်ကြွလာခြင်းဖြစ်သည်။ သို့ရာတွင် တစ်ဖက် ကလည်း သူ့ကိုယ်သူ မချင့်မရဲဖြစ်မိသည်။ နှုတ်ထွက်လေးနေသည့် သူ့ အဖြစ်ကို အားမလိုအားမရဖြစ်ရသည်။

ဒီလူဘာပြောချင်လို့ပါလိမ့်။

သူ့ရင်ထဲမှမေးခွန်းက မကြာခဏ သူ့ကိုအလုပ်ပေးနေတော့သည်။ ကြာတော့ သက်ရှည်မနေတတ်၊ မထိုင်တတ် ဖြစ်လာသည်။ စိတ်ကျဉ်း ကျပ်လာသည်။

ထိုအဖြစ်ကို သူမှလွဲ၍ ကျန်သူငါးယောက်က သိပုံမရ။ အရင်းချာ ဆုံးဖြစ်သော ဦးထွန်းလူကိုယ်တိုင် ဘာတစ်ခွန်းမျှ မေးခြင်းမြန်းခြင်းမပြု။

ထိုအခါ သူကိုယ်တိုင်ကလည်း တစ်စုံတစ်ရာမပြောသေးဟု ဆုံးဖြတ် ထားလိုက်သည်။

သို့နှင့်နောက်နေ့ နောက်ရက်များတွင် နောက်ဘက်တောသို့သွားတိုင်း ပြန်တိုင်း ထိုသူနှင့်တွေ့လိုတွေ့ငြား သက်ရှည်သတိပြုသည်။ ထိုသူကို

mgyoe.com

mgyoe.com


အမျှော်လင့်ကြီး မျှော်လင့်သည်။ သို့ရာတွင် ထိုသူသည် စုပ်စမြုပ်စ ပေါ်မလာတော့။

သည်တွင် ထိုသူကို မျှော်လင့်နေလို့ အကြောင်းမထူးပြီ။ မိမိနှုတ် ထွက်လေးနေသဖြင့် အခွင့်အရေးတစ်ရပ်ဆုံးရှုံးရလေခြင်းဟု သက်ရှည် စိတ်မကောင်းဖြစ်ရလေသည်။

သို့ရာတွင် ရှေ့ဆက်ရမည့် ကိစ္စကိုတော့ သက်ရှည်စဉ်းစားတွေးတော သည်။ ထိုအခါ ဆုံးဖြတ်ချက်တစ်ခုကို သက်ရှည်အခိုင်အမာဆုံးဖြတ် သည်။

တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဗမာတွေရှိသော မြောက်ဘက်ဝင်းကို ကူးဖြစ်အောင်ကူးမည်။ ထိုကမှနေ၍ အခွင့်သာလျှင် တစ်ကြိုးတည်း လွတ်အောင်ပြေးမည်ဟူသော ဆုံးဖြတ်ချက်။ သည်လိုဆုံးဖြတ်ပြီးခါမှ အနှောင့်အယှက်ကြီးတစ်ခုက သက်ရှည်ခေါင်းထဲ ဝင်ရောက်လာသည်။ အနှောင်အဖွဲ့ကိစ္စ။ တခြားမဟုတ်၊ ဦးထွန်းလူ။

သည်တွင် ဦးထွန်းလူနှင့်ပတ်သက်၍ သက်ရှည်စဉ်းစားရပြန်သည်။

တကယ်တော့ ဦးထွန်းလူအပေါ် သက်ရှည်သံယောဇဉ်ရှိသည်။ ထောက်ထားငဲ့ကွက်ရမည့် အကြောင်းတွေကလည်း အမှန်ပင်ရှိသည်။ သူ့အနေနှင့် ဦးထွန်းလူအပေါ် ဦးမင်းသားချင်းအရင်းအချာတစ်ယောက် လို သဘောထားရမည်။ စင်စစ် ပင်လယ်ထဲငါးဖမ်းပိုက်ချထွက်ရာ၌ပင် သူ့အဖို့ဦးထွန်းလူ၏ သွန်သင်လမ်းညွှန်မှုမကင်း။ ထိုအခါ ဂျပန်လက် တွင်းက လွတ်မြောက်အောင် ကြိုးပမ်းရမည့်ကိစ္စမှာလည်း သူတစ်ယောက် တည်းတစ်ကိုယ်ကောင်း မကြံသင့်ဟု သက်ရှည်ယူဆသည်။

ဦးထွန်းလူကိုဖွင့်ပြောမှ ကောင်းမည်။ တိုင်ပင်မှ သင့်မည်။ သူတစ်ဦး တည်း ကျိတ်၍ကြံစည်ခြင်းထက် နှစ်ယောက်ဆိုတော့ ဘေးဆီးရန်ကာ သဘောမျိုးလည်းဖြစ်နိုင်သည်။

သို့နှင့်မြောက်ဘက်ဝင်းက လူအကြောင်းနှင့် မြောက်ဘက်ဝင်းနှင့် ပတ်သက်သော သူ့အကြံအစည်၊ သူ့ရည်ရွယ်ချက်၊ သူ့စိတ်ကူးကို သက်ရှည် ဦးထွန်းလူအား ဖွင့်ဟတိုင်ပင်သည်။

"အမယ်လေး၊ ဘုရား၊ ဘုရား၊ မင်းစိတ်ကူးနဲ့ မင်းအကြံအစည်ကြီး က ကြောက်ခမန်းလန့်ခမန်းကြီးပါလားကွသက်ရှည်၊ မြောက်ဘက်ဝင်း

mgyoe.com

mgyoe.com


ကူးဖို့ဟုတ်လား၊ ဂျပန်တွေက မြောက်ဘက်ဝင်းလုမ်းကြည့်တောင် ကြိုက်တာမဟုတ်ဘူးကွ၊ အေးလေ၊ ဒါတော့မင်းအသိပဲဟာ၊ မင်းအလုပ်က အသက်နဲ့ရင်းရမယ့်အလုပ်ကြီး၊ ဂျပန်နဲ့များတိုးရင်တော့ ဘာပြောကောင်းမလဲ၊ တစ်ယောက်မှသက်သာခွင့်ရမှာမဟုတ်ဘူး၊ ပိုဆိုးမှာက ဟိုစကားပြန်ကောင်လေးပြောတဲ့ ယင်းတကော် ပို့ခံရမှ ပိုပြီးဒုက္ခတွေ့မယ်"

ဦးထွန်းလူ မျက်လုံးပြူး မျက်ဆန်ပြူးပြောသည်။ အသက်ရှူဖို့ပင် သတိရှိပုံမရ။ သူ့လူ သက်ရှည်စိတ်ဖောက်ပြန်သွားပြီလား။ သက်ရှည် ဘယ်လိုစိတ်ရူးပေါက်ပါလိမ့်။ မြောက်ဘက်ဝန်း ကူးဖို့၊ သန်းဖို့၊ ကျော်လွှားဖို့ဆိုသည်မှာ မုန်တိုင်းဆင်နေသောပင်လယ်ပြင်သို့ ငါးဖမ်းထွက်ရမည့်အလုပ်ထက် စွန့်စားရမည့်ကိစ္စကြီး။ သည်လိုပင် ဦးထွန်းလူ ယူဆလိုက်သည်။

ဦးထွန်းလူအဖြစ်ကို သက်ရှည်ငေးကြည့်နေသည်။

"မင်းနှယ်ကွာ၊ သေမင်းကမခေါ်ခင် သေမင်းရှိရာကို ဝန်ထုပ်ဝန်ပိုးနဲ့ ကိုယ်က သွားမယ်ဆိုပါတော့၊ ဟုတ်စ"

ဦးထွန်းလူအကြီးအကျယ်တုန်လှုပ်ရသည်။ သူ့မျက်လုံးသည် ဂနာမငြိမ်သော ချောက်ချောက်ချားချား အကြည့်ဖြင့် ဝဲယာတောင်မြောက်ကို အထိတ်တလန့်လှည့်ပတ်ကြည့်သည်။

သည်တော့ သက်ရှည်လှုပ်ရှားလာသည်။

"ဦးလေးကလည်း ကြောက်တတ်ရန်ကောဗျာ၊ ကျွန်တော်ပြောတဲ့စကားကို သေသေချာချာ နားထောင်စမ်းပါဦးဗျ၊ ပြီးမှမဟုတ်ရင် မဟုတ်ဘူး၊ မတော်ရင် မတော်ဘူးပေါ့။ ကိုယ့်ကိုယ်ကိုယ်တော့ သေအောင်၊ ကျေအောင်အနှိပ်စက်ခံရအောင် ဘယ်သူလုပ်ချင်မှာတုန်း။ ဒါပေမဲ့ ဦးလေး...၊ ကျွန်တော့်အနေနဲ့တော့ တစ်ချီတစ်မောင်းစွန့်စားကြည့်ချင်တယ်၊ သေလည်းသေပေါ့ဗျာ၊ တစ်သက်မှာ တစ်ခါတော့သေရမှာပဲ၊ ခုလို နေ့ရှိသမျှ မဝရေစာစားပြီး အနှိပ်စက်ခံနေရတာထက် စွန့်စားလို့သေရတာက ပိုကောင်းပါတယ်၊ ဝင့်ကျွတ်တာပေါ့ဗျာ၊ ဒါပေမဲ့ ဟိုဟာက နှစ်လမ်းဗျ၊ လွတ်ခွင့်လွတ်လမ်းတွေ့နိုင်တယ်၊ နောက်ပြီး...."

ထိုအချိန်ထိ ဦးထွန်းလူငြိမ်ဆိတ်နေသည်။

mgyoe.com

mgyoe.com


"ဒီလူမေးတာ အကြောင်းထူးရှိရမယ်၊ ဗမာ ဘယ်နှယောက်ရှိလဲ မေးတာကိုး၊ ဒီတော့ ကျွန်တော့်စိတ်ကူးက မြောက်ဘက်ဝင်းကူးနိုင်ရင် ကျွန်တော်တို့အနေနဲ့ အဆက်အသွယ်ကောင်းရချင်ရမယ်၊ အကူအညီ ရချင်ရမယ်၊ လွတ်ပေါက် ပြေးပေါက်တွေ့ချင်တွေ့မယ်။ တစ်ခုရှိသေး တယ်၊ အဲဒါက ဘာလဲဆိုတော့ ကိုယ့်လူမျိုး အချင်းချင်းဟာ အကူအညီ မရဘူးထားဦး၊ ရက်ရက်စက်စက်တော့ မလုပ်တန်ပါဘူး၊ ဦးလေး စဉ်းစားကြည့်ဗျာ၊ ခုအတိုင်းငြိမ်ခံနေရင်တော့ ပွဲထဲဓာတ်ထဲကလို နတ်သိကြား က လာကယ်မှာမဟုတ်ဘူးဗျ၊ တစ်နေ့တခြား လုံးပါးပါးပြီး သေဖို့တစ် လမ်းပဲရှိတယ်"

လူကြီးတစ်ယောက်ဖြစ်သော်လည်း သက်ရှည်စကားကို ဦးထွန်းလူ စဉ်းစားရပြီ။

အမှန်သားပဲ၊ ခုအတိုင်း ငြိမ်နေလို့တော့ အဖြစ်ကောင်းနှင့်ကြုံကြိုက် ဖို့က မတွေးကောင်းသည့် ဘဝမျိုး။ သူတို့ယခုကြုံတွေ့ရသောအဖြစ်သည် ထောင်တစ်သက် လွတ်ရက်မရှိဟူသော အဖြစ်မျိုး။

ဦးထွန်းလူတွေးတောနေခိုက် သက်ရှည်က နောက်ထပ်စကားဆက် သည်။

"ကျွန်တော့်အနေနဲ့တော့ ပြတ်ပြတ်သားသားလုပ်ဖို့ ဆုံးဖြတ်တယ်"

သက်ရှည်စကားကြောင့် ဦးထွန်းလူ ဆတ်ခနဲလှုပ်ရှားသွားသည်။

"ဘယ်လိုကွ" ဟု ထိတ်ထိတ်ပျာပျာ မေးလိုက်သည်။

"တကယ်တော့ ဦးလေးရာ၊ ကျွန်တော်က ဦးလေးအပေါ်သံယောဇဉ် ရှိလို့ ဒီအထိပြောနေတာပါ၊ ဦးလေးနဲ့စာလိုက်ရင် ကျွန်တော်ကလူလွတ် တစ်ယောက်၊ ကြက်များလို ဈေးကျရာနေမယ်ဆိုလည်း ဖြစ်တယ်ဦးလေး"

သက်ရှည်စကားက အဓိပ္ပာယ်ရှိသည်။ ဦးထွန်းလူကိုအသိမပေးဘဲ၊ မတိုင်ပင်ဘဲ သူတစ်ဦးတည်း တစ်ကိုယ်ကောင်းလုပ်သွားလျှင်လည်း ဖြစ်နိုင်သည်။ ပြီး နောက်ပိုင်းတွင် ဦးထွန်းလူလို ပူစရာရှိသူမဟုတ်၍ ဖြစ်ရာဘဝတွင် ဖြစ်ချင်ရာဖြစ် နေမည်ဆိုလျှင်လည်း ဖြစ်ပါသည်ဟူသော အဓိပ္ပာယ်။

"အင်း မင်းပြောတာတွေ အားလုံးမှန်တယ် သက်ရှည်၊ သိပ်မှန်ပါ တယ်၊

mgyoe.com

mgyoe.com


ငါ့တူရယ် ဒီအကြောင်းဒီသဘောကို ဦးလေးကိုယ်တိုင်က တွေးခဲ့ ပေါင်းစဉ်းစားခဲ့ပေါင်းများပါပြီကွာ၊ ဒါပေမဲ့ ငါ့တူလုပ်ရမယ့်အလုပ်က အန္တရာယ်ကြီးလွန်းလို့ စိုးရိမ်ပြီးဦးလေးပြောတာပါ၊ အမှန်အတိုင်းဦးလေး ဖွင့်ပြောရမယ်ဆိုရင် ရွာမှာကျန်ခဲ့တဲ့ငြိမ်းသာတို့ သားအမိအတွက် တစ်နေ့မှ စိတ်အေးတယ်မရှိပါဘူးကွာ၊ နေ့တိုင်းသတိရ၊ သတိရတိုင်း ရင်မီးတောက် နေတာပေါ့ ငါ့တူရာ၊ နောက်ပြီး ဦးအပေါ်မှာ မင်းအနေနဲ့ သံယော ဇဉ်ရှိသလို ဦးလေးအနေနဲ့လည်း မင်းကိုတူတစ်ယောက်ကို သဘောထား ပါတယ်၊ အားလည်းကိုးပါတယ်ကွာ၊ ဆိုးတိုင်ပင် ကောင်းတိုင်ပင် လုပ်ရမှာကလည်း ဒီနှစ်ယောက်ပဲမဟုတ်လား”

“ဒါပေါ့ဦးလေးရာ၊ ကျွန်တော်အရမ်းမလုပ်ပါဘူး၊ အခြေအနေကိုလေ့လာပြီး သေချာပြီ၊ စိတ်ချလောက်ပြီဆိုမှ လုပ်မှာပါ၊ ဦးလေးစိတ်အေးအေးထားစမ်းပါဗျာ၊ တစ်ခုပဲရှိတယ်၊ ကျွန်တော် ဟိုဘက်ကူးနေတုန်း ကျွန်တော့်အတွက် ဦးလေးတတ်နိုင်သလောက်ကာကွယ်ပေးပါ၊ နောက်ပြီး ဒီကိစ္စဟိုကောင်လေးယောက်ကို အသိမပေးနဲ့ဦး၊ ဟိုဘက်ဝင်းက အခြေအနေကို သိရပြီးမှ ပြောသင့်ပြောမယ်”

ထိုနေ့မှအစပြုလျက် အနောက်ဘက်တောသို့ ထင်းခုတ်သွားတိုင်း သံဆူးကြိုးဘယ်ပုံဘယ်နည်း ကျော်ရမည်နည်း သက်ရှည်လေ့လာသည်။ တစ်နေ့တည်း နှစ်နေ့တည်းမဟုတ်။ နေ့ဆက်ရက်ဆက်ဖြစ်သည်။ အသွားရော အပြန်ရော ဖြစ်သည်။ အခေါက်ခေါက်အခါခါ မလွတ်တမ်းလေ့လာသည်။

သို့နှင့် တနင်္ဂနွေနှစ်ပတ်ကုန်လွန်လာသည်။

နေရာတစ်ခုကိုတော့ သက်ရှည်တွေ့ထားပြီ။

တောစပ်ရောက်ခါနီးတွင်ဖြစ်သည်။ ဆယ့်လေးငါးဂိုက်ခန့်ကွာ မည်။ ထိုနေရာတွင် အောက်ခြေမှ သံဆူးကြိုးတန်းသည် အနည်းငယ်ကျဲသည်။ သို့ရာတွင် သည်အတိုင်းတော့ လူတစ်ကိုယ်မဝင်သာ။ အပေါ်ယံက သံဆူးကြိုးတန်းနှင့် အောက်သံဆူးကြိုးကို တအားကုန်ဆွဲဖြဲပြီး ခေါင်းလျှိုပြီး ဝင်မည်ဆိုလျှင်တော့ ဖြစ်နိုင်မည်။ နှစ်ယောက်ဆိုပို၍ အဆင်ပြေမည်။ တစ်ယောက်ကတအားဆွဲထားပြီး တစ်ယောက်က ဝင်နိုင်လိမ့်မည်။

mgyoe.com

mgyoe.com

ဦးထွန်းလူ အကူအညီခေါ်ရကောင်းမလား။

သက်ရှည်စဉ်းစားသည်။

မဖြစ်နိုင်။ နှစ်ယောက်သာဆိုလျှင် ဂျပန်တွေသိဖို့ များသည်။ ပြီး လျှင် သက်ရှည်သဘောက ဦးထွန်းလူအား တစ်စုံတစ်ရာ ဘေးအန္တရာယ် မဖြစ်စေချင်ပါ။ ယခုကိစ္စကို သူတစ်ယောက်တည်းဖြစ်မြောက်အောင် လုပ်ချင်သည်။ သို့နှင့် ခံစရာရှိလျှင်လည်း တစ်ယောက်တည်း လည်စင်း ခံသွားမည်။

စင်စစ်မှာမူ သံဆူးကြိုးကာရံထားသည်မှာ မူလကပင် စစ်ဝင်းစစ်မြေ ဖြစ်သောကြောင့် ခပ်စိပ်စိပ်ကာရံထားခြင်းဖြစ်သည်။ သံဆူးကြိုးတစ် ချောင်း ခြောက်လက်မလောက်သာ ကွာသည်။ စိုက်ထူထားသောတိုင်တွေ က အင်္ဂတေအုတ်တိုင်တွေ။ ဝင်းအမြင့်မှာ ခုနစ်ပေထက်မနည်း။

ထိုအခါ ပေါ့ပေါ့လွယ်လွယ်သဘောထားလို့တော့ မဖြစ်နိုင်။ အဆိုး ရွားဆုံးမှာ ဝင်းနှစ်ဝင်းအကြားတွင် မြက်ပင်များမှလွဲပြီး သစ်ပင်ဝါးပင် အကာအကွယ်ဟူ၍မရှိ။ ဂိတ်ပေါက်ဝဂျပန်ကင်းရုံအနီးတွင် မြင့်မားအုပ် ဆိုင်းသော ဗာဒံပင်ကြီးများလေးငါးပင်ရှိနေသည်။

ထို့ကြောင့် ဝင်းနှစ်ခုကြားသို့ လူရောက်သွားသည့်တိုင် ကင်းရုံမှကင်း စောင့်စစ်သားက လှမ်းကြည့်နေမည်ဆိုက အတိုင်းသားမြင်နိုင်သည်။ ပြီးလျှင်ဘားတိုက်အဆောက်အအုံများမှ ဂျပန်စစ်သားများလည်း မြင်နိုင် သည်။ ဘားတိုက်နှင့်ထမင်းချက်ရုံကို ကူးလိုက်သန်းလိုက်လုပ်နေသော စကားပြန်ကောင်လေး၏ ရန်ကလည်း ရှိသေးသည်။

ထိုအခါ သူလုပ်ရမည့်အလုပ်သည် အဘယ်မျှအန္တရာယ်ကြီးမား ကြောင်း သက်ရှည်နားလည်သည်။ သည်လိုအန္တရာယ်ကြီးသည်နှင့်အမျှ လျှင်မြန်ရမည်။ ဖျတ်လတ်ရမည်။ သွက်လက်ရမည်။ ဒါတွေကိုလည်း သက်ရှည်သဘောပေါက်သည်။

သည်လိုမစွန့်စားလျှင် ဂျပန်များလက်တွင်းမှ မလွတ်မြောက်နိုင်။

ဒါပေမဲ့ သက်ရှည်စိတ်မပျက်၊ သူရဲဘောမကြောင်။

စင်စစ် သူ့အနေဖြင့် ယခုလိုစွန့်စားရမည့် အလုပ်မျိုးသည် အသစ် အဆန်းမဟုတ်၊ လူလားမြောက်ကတည်းက အလေ့အကျင့်ရခဲ့ပြီးဖြစ် သည်။

mgyoe.com

mgyoe.com


သူ့ဘဝသည် လှိုင်းကြမ်းလေကြမ်းနှင့် မုန်တိုင်းထန်နေသော ပင်လယ်ပြင်တွင် သက်စွန့်ဆံဖျား ကျင်လည်လှုပ်ရှားခဲ့ရသည့် လူငယ်တစ်ယောက်မဟုတ်လား။

သက်ရှည်၏ စွန့်စားမှုကို ရင်တထိတ်ထိတ်ခုန်ရင်း စောင့်စားနေသူမှာ ဦးထွန်းလူ။ သို့ရာတွင် အချိန်ကာလနှင့် နေ့ရက်ကိုတော့ အတိအကျသိရသည်မဟုတ်။ သူ့လူသက်ရှည်ကိုယ်တိုင်ကလည်း မည်သည့်နေ့၊ မည်သည့်ရက်၊ မည်သည့်အချိန်တွင် မြောက်ဘက်ဝင်းကူးမည်ဟု အကန့်အသတ်ထားနိုင်၊ ပြောနိုင်သည့် ကိစ္စမဟုတ်။ အခြေအနေပေးသည်နှင့်၊ အခါအခွင့်သင့်သည်နှင့်ဟု သက်ရှည်ကပြောထားခြင်းသာဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ နောက်ထပ်ဦးထွန်းလူမကန့်ကွက်၊ မဟန့်တားတော့။ သက်ရှည်သဘောကိုလည်း ရွာမှကတည်းက ဦးထွန်းလူသိသည်။ သက်ရှည်သည် ပြောသလို လုပ်မည်။ ထိုအခါ သက်ရှည်ကြိုးပမ်းချက်အောင်မြင်ပါစေ။ သက်ရှည်တွင် ဘေးအန္တရာယ်တစ်စုံတစ်ရာ မကျရောက်ပါစေနှင့်ဟူ၍သာ ဦးထွန်းလူဆုတောင်းရသည်။

သို့နှင့် တစ်နေ့ပြီးတစ်နေ့၊ တစ်ရက်ပြီးတစ်ရက် နေ့ရက်တွေ ကုန်လွန်လာပြန်သည်။

ယခုဆို တနင်္ဂနွေသုံးပတ်တိတိ ပြည့်တော့မည်။ သက်ရှည်ကိစ္စမှာလည်း အကြောင်းဘယ်လိုမှမထူးခြားသေး။

ဦးထွန်းလူမှာ တစ်နေ့လုံးတော့ ရွာတွင်ကျန်ရစ်သည့် ဇနီးနှင့် သမီးအား အမှတ်မပြုနိုင်။ လွမ်းစိတ်၊ ဆွေးစိတ်၊ အောက်မေ့စိတ်ကို ဘေးဖယ်ဘေးချိတ်ထားရသည်။

ထမင်းချက်ဂျပန်စစ်သားနှစ်ယောက်နှင့် လက်သင့်ရာဂျပန်စစ်သားတိုင်း၏ ခိုင်းသမျှကို တရစပ်လုပ်ပေးရသည်။ သည်လိုလုပ်ရင်းကိုင်ရင်းက ကျရောက်လာမည့် ဘေးအန္တရာယ်ကိုလည်း သတိကြီးစွာထားလျက်ရှောင်ရှားရသည်။

သည်လိုနှင့် တစ်နေ့တာကုန်လွန်၍ ညအမှောင်ပျိုးမှပင် ထမင်းချက်ဂျပန်စစ်သားက သူတို့ခြောက်ယောက်အား အိပ်တန်းတက်ခွင့် ပြုလိုက်သည်။

mgyoe.com

ထိုအချိန်မှစလျက် ဦးထွန်းလူဇာတ်လမ်းစတော့သည်။

အလွမ်းအဆွေးဇာတ်လမ်း။

ထိန်းမနိုင်သိမ်းမနိုင် မျက်ရည်များသည် ဦးထွန်းလူပါးပြင်ထက်သို့ အဆက်မပြတ် စီးကျလာတော့သည်။ သူ့အတွေးအာရုံထဲသို့ ကျောက်ကလပ်ရွာမှ မငြိမ်းသာတို့သားအမိသည် တစ်ယောက်ပြီးတစ်ယောက် ဝင်ရောက်လာသည်။

ချစ်ခင်နှစ်သက်သူများနှင့် ကွေကွင်းရခြင်းဆင်းရဲဆိုသည်မှာ တယ်မှန်ပါလား။

"ခုလိုတိုင်းပြည်ကြီး ဗရုတ်သုတ်ခထဲမှာ အပျိုကြီးဖားဖားဖြစ်နေတဲ့ လုံမလေးကို မျက်ကြောပြတ်မခံနဲ့ မငြိမ်းသာရေ"

"ဆရာတော်ဦးကေတု အမိန့်ရှိတဲ့ ရွှေဂျပန်၊ ငွေဂျပန်ထင်လို့များတော့ အနားသွားမကပ်လေနှင့်၊ ရွာကိုဂျပန်စစ်သားတွေလာတယ်ကြားရင် လုံမလက်ကိုဆွဲပြီး ပြေးမိအောင်ပြေးပေတော့မငြိမ်းသာ"

"ဦးလေး၊ ဦးလေး ဘာဖြစ်လို့လဲ၊ ယောင်နေသလား"

ဦးထွန်းလူလွှတ်ခနဲ အသံထွက်သွားသည်။ သည်တွင်ကျောချင်းကပ်အိပ်နေသော သက်ရှည်က မေးသည်။

"အင်း....အင်း....ဘာမှမဖြစ်ပါဘူး၊ အိပ်မက်မက်ပြီးယောင်တာပါကွာ"

ဦးထွန်းလူလိမ်လိုက်သည်။ သူ့အဖြစ်ကို သက်ရှည်သိမှာတော့ အရှက်သား။ သူက သက်ရှည်လိုမဟုတ်။ အသက်အရွယ်ကြီးပေမဲ့ နှလုံးသားကနုသည်။

သက်ရှည်က သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင် မှုတ်ထုတ်လိုက်သည်။

ဦးထွန်းလူအဖြစ်ကို သက်ရှည်ရိပ်မိသည်။

သက်ရှည်က လူပါး။ ဦးထွန်းလူလေသံက တုန်ယင်နေသည်မဟုတ်လား။

ဝ

mgyoe.com

mgyoe.com

[ ၉ ]

သည်နေ့.....

ဟုတ်သည်။ သည်နေ့တနင်္ဂနွေသုံးပတ်တိတိပြည့်မြောက်ပြီး စတုတ္ထပတ်၏ အစဦးဆုံး တနင်္ဂနွေ။

သည်တနင်္ဂနွေနေ့၌ပင် မြောက်ဘက်ဝင်းသို့ သက်ရှည်ရောက်သွားသည်။

သက်သောင့်သက်သာဖြင့် လွယ်လွယ်ကူကူရောက်သွားခြင်းမဟုတ်။ ခက်ခက်ခဲခဲဖြင့် စွန့်စွန့်စားစား ရောက်သွားခြင်းဖြစ်သည်။

သက်ရှည်ကိုယ်ပေါ်တွင် သွေးခြင်းခြင်းနီရဲလာသည်။ လက်မောင်း၊ ကျောပြင်၊ ဝမ်းဗိုက်၊ ပခုံး နေရာအနှံ့စုတ်ပြတ်စွန်းပွဲလာသည်။ သံဆူးကြိုးခြစ်မိခြင်းဖြစ်သည်။

သည်လောက်တော့ သက်ရှည်မဖြုံ။ ဂျပန်စစ်သားကမတွေ့ရင်ပြီးရော။ ပင်လယ်ထဲငါးဖမ်းထွက်သည့်အခါ ငါးမန်းခုတ်ခံရလျှင်ပင် သည့်မျှမကဒဏ်ရာရနိုင်သည်။ သည်လိုပင် သက်ရှည်သဘောထားလိုက်သည်။

"သံဆူးကြိုးဖြတ်ရတာ ထင်သလောက်မလွယ်ဘူး၊ တိုင်တွေက အင်္ဂတေအုတ်တိုင်တွေ၊ ကျောက်တိုင်တွေ စိုက်ထားလား ထင်ရတယ်....၊ နောက်ပြီး သံဆူးကြိုးတွေဟာ ပတ်ထားတာမဟုတ်ဘူးဗျ၊ အလယ်မှာအပေါက်လုပ်ပြီး သေသေချာချာကိုစွပ်ထည့်ထားတာ၊ ဒီကြားထဲ ဂျပန်ရန်ကို သတိထားနေရတော့ ပိုပြီးဆိုတာပေါ့ ဦးလေးရာ...."

mgyoe.com

mgyoe.com


သက်ရှည်က ရှုံ့ရှုံ့မဲ့မဲ့ပြောသည်။ ဒါပေမဲ့ လေသံကမာကျောသည်။ ဖွဲ့ခတ်သည့်လေသံမျိုး။ မျက်လုံးကတောက်ပသည်။

အောင်မြင်မှုလမ်းကြောင်း၏ နိမိတ်ပြလက္ခဏာသည် သက်ရှည်၏ မျက်ဝန်းတွင်ပေါ်လွင်နေသည်။

ဦးထွန်းလူသည် သက်ရှည်ကိုယ်ပေါ်မှ သွေးစသွေးနများကို အဝတ်စ တစ်ခုဖြင့် ကြင်နာယုယစွာသုတ်သင်ပေးသည်။ မျက်လုံးအပိုင်းသားဖြင့် သက်ရှည်အား တအံ့တသြကြည့်သည်။ ရုတ်ခြည်းတော့အခြေအနေကို မည်သို့ဟုမမေးနိုင်သေး။ ဦးထွန်းလူရင်ခုန်နေသည်။ "ဂျပန်တွေသိများ သွားရင်မင်းကိုယ်ပေါ်မှာ ခုရလာတဲ့ဒဏ်ရာထက် ပိုဆိုးမယ်သက်ရှည်"ဟု အသံထွက်မလာသော စကားလုံးများဖြင့် ဦးထွန်းလူရင်ထဲတွင် ပွက် ပွက်ဆူနေသည်။

"မင်း သွားတာ တစ်နာရီလောက်များ ကြာမလား....၊ ငါတော့ ရင် ထိတ်ထိတ်ခုန်နေတာ ခုထိ"

ဦးထွန်းလူ စကားစလိုက်သည်။

"ဟုတ်မှာပေါ့၊ လူတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ပြီး စကားလက်စမ ပြတ်နိုင်လို့ဗျ....၊ အတော့်ကို စိတ်ကောင်းသဘောကောင်းရှိတဲ့လူဗျာ...၊ အဲဒီလူက ကျွန်တော်တို့ကို သူတတ်နိုင်တဲ့နည်းနဲ့ အကူအညီပေးမယ်လို့ ပြောတယ်"

"ဟုတ်လား....တယ်ဟုတ်ပါလား ကွ"

"ဟုတ်တာပေါ့ ဦးလေးရ၊ ဒါကြောင့် ခုလောက်ကြာနေတာပေါ့၊ ကျွန်တော့်ရင်ထဲလည်း တထိတ်ထိတ်ပဲ၊ ဟိုသတ္တဝါကောင်လေး လာသေး လားဗျ"

သက်ရှည်သည် သံဆူးကြိုးခြစ်မိသော ခြေသလုံးမှဒဏ်ရာကို မြေ မှုန့်ဖြင့် သိပ်နေရာမှ ဦးထွန်းလူအားမော့ကြည့်ပြီး မေးလိုက်သည်။

သက်ရှည်ကိုဦးထွန်းလူအံ့သြမိသည်။ သက်ရှည်အဟုတ်ကြီးအလာ ကြီးပါကလား၊ မိတ်ဆွေအပေါင်းအသင်းအဖွဲ့တတ်ကြီးပါကလားဟု ဦးထွန်းလူစိတ်ထဲတွင် ချီးမွမ်းမိသည်။ ပြီးလျှင် သက်ရှည်အပြောကြောင့် ဦးထွန်းလူစိတ်အားတက်ရသည်။ သည်အတိုင်းမှန်ခဲ့သော် တို့တစ်တွေ

mgyoe.com

mgyoe.com


ထွက်လမ်းလွတ်လမ်းတွေ့ပြီ။ မကြာခင် ကိုယ့်ရွာကလေးပြန်ရောက်တော့မှာပဲဟု သူ့စိတ်ကူးရှိသလောက် အတွေးနယ်ချဲ့မိသည်။

"ဦးလေး ဘာတွေတွေးပြီး ငိုင်နေတာလဲ....၊ ကျွန်တော်မေးတာ ပြောပါဦးဗျ"

သက်ရှည်က ငိုင်နေသော ဦးထွန်းလူပေါင်ကို ကိုင်လှုပ်သည်။

"အင်း....အင်း...ဘာမေးတာလဲ"

"ဩော်....ကျွန်တော်မရှိတုန်း ဂျပန်စစ်သားနဲ့ ဟိုစကားပြန်ကောင် လေးလာသေးသလားလို့"

"ခုချိန်ထိတော့ ပေါ်မလာသေးဘူးကွ၊ ဒီနေ့တနင်္ဂနွေမဟုတ်လား...၊ ဒီတော့ တခြားနေ့တွေလိုမဟုတ်ဘူးပေါ့....၊ ကြည့်ပါလား....ထမင်းချက်ဂျပန်စစ်သားနှစ်ယောက်ဟာ ကွပ်ပျစ်ပေါ်အိပ်နေတယ်...၊ မြတ်သာကျော်တို့လေးယောက်က ထင်းတုံးတွေပေါ်အိပ်နေတယ်၊ ငါသာမင်းအတွက် စိတ်ပူလို့ တမျှော်မျှော်တဖော်ဖော်ဖြစ်နေတာ"

"တော်ပါသေးရဲ့ ဦးလေးရာ.....၊ ဂျပန်စစ်သားချည်းဆိုရင် ဒါလောက်မဟုတ်ဘူး....၊ ဟိုသတ္တဝါလေးပါလာရင် သိပ်မလွယ်ဘူး....၊ မီးစကလေးဗျ၊ သူကနှိုက်နှိုက်ချွတ်ချွတ်မေးပြီး သူ့အဖေဂျပန်ကို အကုန်ပြောတော့ တာ"

စကားပြန်ကောင်လေးကို သက်ရှည်မျက်မုန်းကျိုးသည်။ မြတ်သာကျော်တို့လေးယောက်ကလည်း မျက်မုန်းကျိုးသည်။ သူတို့တစ်တွေ မကြာခဏ ပါးရိုက်ခံရသည်မှာ ဒီကောင်လေးတို့မီးရှို့မီးလုပ်ခြင်းကြောင့်ဟု ထင်သည်။

တကယ်ဆိုတော့ ကောင်လေးအပြစ်ချည်းမဟုတ်။ မလိမ်မိုးမလိမ္မာအရွယ်ကလေးအား ဂျပန်စစ်ဗိုလ်ကြီးများက လက်သပ်မွေး၍ သူတို့နိုင်ငံ၊ သူတို့လူမျိုး၊ သူတို့၏ အကျိုးစီးပွားအတွက် အသုံးချနေခြင်းသာ ဖြစ် သည်။

"မြောက်ဘက်ဝင်းအကြောင်းနဲ့ မြောက်ဘက်ကလူအကြောင်းဆက်စမ်းပါဦးကွ"

ဦးထွန်းလူကမေးသည်။ ယခုအချိန်၌မူ မြောက်ဘက်ဝင်းနှင့်သူမမြင်ရသေးသော မြောက်ဘက်သားများအပေါ် ဦးထွန်းလူကိုယ်တိုင်ကပင် စိတ်ဝင်စားမှုရှိလာသည်။

mgyoe.com

mgyoe.com


သို့ရာတွင် ရှေ့စကားကို ရတ်တရက်မဆက်နိုင်သေး။ အိပ်နေသူ ခြောက်ယောက်ရှိရာသို့ နှစ်ဦးစလုံး လှမ်းကြည့်လိုက်သည်။

အခြေအနေ မှာ မူလကအတိုင်း ငြိမ်သက်နေသည်။

ထိုအခါမှ သက်ရှည်စကားဆက်သည်။

"အများကြီးဗျာ၊ အများကြီးဗျ၊ ဦးလေးရာ၊ စစ်သားတွေဗျ"

"ဟင် ဘာရယ်၊ စစ်သား၊ ဟုတ်လား"

စစ်သားဆိုသောအသံကြောင့် ဦးထွန်းလူစိတ်လှုပ်ရှားပြန်သည်။ ကျောထဲကစိမ့်တက်လာသည်။ စောစောက သူ့ရင်ထဲက ဖြစ်ပေါ်လာ သော တက်ကြွလန်းဆန်းစိတ်သည် ကြက်ကလေး၊ ငှက်ကလေးပျောက် ပျောက်ပျက်သွားသည်။

"ဟုတ်တာပေါ့ဦးလေးရာ၊ ဗမာစစ်သား ရဲဘော်တွေဗျ"

သက်ရှည်က အားရပါးရ ပြောသည်။

"ဟာ မင်းဥစ္စာ ခပ်ရှင်းရှင်း ပြောစမ်းပါ သက်ရှည်ရာ၊ စစ်သားလည်း ပြောသေး၊ ရဲဘော်လည်း ပြောသေးကွာ"

ဦးထွန်းလူမျက်လုံးလည်နေသည်။ သက်ရှည်ပြောသောစစ်သားကို သိသော်လည်း ရဲဘော်ဆိုသော ဝေါဟာရကို ဦးထွန်းလူမသိ။

"ဟုတ်ပါတယ် ဦးလေးရ၊ မဟုတ်ဘဲ ကျွန်တော်ပြောပမလား၊ ဗမာ စစ်သားရဲဘော်တွေအများကြီးဗျာ၊ အများကြီး၊ ဝင်းတစ်ခုလုံးရဲဘော်တွေ ချည်းပဲ"

"ဟာ ဒီကောင်လုပ်ပြန်ပြီ"

"သြော် သြော် စစ်သားတော့ စစ်သားပေါ့ဗျာ၊ သူတို့အချင်းချင်းတော့ ရဲဘော်လို့ခေါ်တယ်၊ ကျွန်တော်အရိပ်အကဲကြည့်ပြီး လူတစ်ယောက်ကို မိတ်ဆွေဖွဲ့ရတာပေါ့၊ သူတို့အချင်းချင်းခေါ်သလို အဲဒီလူကိုရဲဘော်လို့ အရဲစွန့်ပြီးခေါ်လိုက်တယ်၊ သူကလည်း ကျွန်တော့်ကိုရဲဘော်တဲ့၊ ဝမ်း သာလိုက်တာဦးလေးရာ၊ ဘာတွေ ဘယ်လိုဆက်ပြီး ပြောရမှန်းတောင် မသိဘူး၊ ဒါနဲ့ ကျွန်တော်က ခပ်ငိုင်ငိုင်ဖြစ်နေတော့ ဘယ်သူ့တပ်ကလဲ၊ ဘယ်နယ်ကလာခဲ့တာလဲ၊ အောင်ပွဲတွေ အတော်ရခဲ့မှာပဲနော်၊ ရဲဘော် ကြည့်ရတာ အတော့်ကိုပင်ပန်းပုံရတယ်တဲ့။"

mgyoe.com

mgyoe.com


"ကျွန်တော်ဘာပြန်ပြောရမှန်းမသိဘူး၊ သူမေးတာမဖြေနိုင်ရင် ဒုက္ခပဲ၊ ငါ့အဖြစ်ပြောလိုက်ရင်ကော ငါ့ကိုများဝင်းထဲက မောင်းထုတ်မှာလား၊ ဂျပန်ဆီဖမ်းပို့မှာလား၊ တွေးပြီးအတော့်ကို လန့်ဖျပ်သွားတယ်၊ ဒါပေမဲ့ ကျွန်တော်ထင်သလိုမဟုတ်ရှာပါဘူး၊ အင်မတန် စိတ်ကောင်း၊ သဘောကောင်းရှိတာပဲ၊ သူ့နာမည်က ရဲဘော်ပြေငြိမ်းတဲ့၊ ပိုပြီးအဆင်ပြေချင် တော့ ဟိုတစ်ခါက ကျွန်တော်တို့ဒီဘက်ဝင်းနားလာတယ်ဆိုတဲ့ ရဲဘော် ဟာ သူဖြစ်နေတယ်၊ အဲဒါလည်း သူကပြောပြတယ်၊ ဒီဘက်ဝင်းထဲမှာ ဗမာလေးငါးယောက်ဒုက္ခရောက်နေတယ်ထင်လို့တဲ့၊ ဟိုဘက်ဝင်းကနေ သူကြည့်ကြည့်နေတယ်ဆိုပဲဗျ၊ အဲဒါကြောင့် ကျွန်တော်ပြောတာပေါ့၊ ကိုယ့်လူမျိုးချင်းဟာ မရက်စက်ပါဘူးလို့၊ ကျွန်တော်တို့ဖြစ်ပျက်ပုံတွေ ပြောပြတော့ သနားသွားတယ်၊ ကျွန်တော့်ကို ဝင်းအပြင်ဘက်ခေါ်သွားပြီး လက်ဖက်ရည်တွေတိုက်၊ မုန့်တွေကျွေးနဲ့အပြန်တော့ ဆေးလိပ်ဝယ်ပေး လိုက်သေးတယ်၊ မယူပါရစေနဲ့ငြင်းတာမရဘူး"

သက်ရှည်က သူကြုံတွေ့ခဲ့ရသမျှကို အစီအစဉ်တကျမဟုတ်ဘဲ စကားဦးညွှန့်တည့်သလို ပြောပြသည်။ ပြီးလျှင် သူရလာသော ဆေးလိပ်ငါးလိပ်ကို အင်္ကျီကြားမှ ထုတ်လိုက်ပြီး ဦးထွန်းလူအားနှစ်လိပ်ပေးသည်။ "ဂျပန်တွေမြင်လို့တော့ မဖြစ်ဘူး၊ မြတ်သာကျော်တို့မေးရင် ဘယ်ဂျပန်စစ်သားတွေလွှင့်ပစ်တာမှန်းမသိဘူး၊ လေးငါးလိပ်ကောက်ရတယ်လို့ ပြောရမှာပဲ"ဟု ပြောသည်။

"ဦးလေးများတစ်ပါတည်းပါမယ်ဆို သိပ်ကောင်းမှာဗျာ၊ အင်းလေ ဒါလည်း ဟိုဘက်က အခြေအနေကို ဘယ်လိုမှန်းမသိရသေးဘဲကိုး"

အတွေးအတော တစ်ခုဖြင့် ထိုစကားကို သက်ရှည်ပြောလိုက်ခြင်း ဖြစ်သည်။ နောက်တော့မှ သူ့စကားကို အရှိန်ပြန်သတ်လိုက်ခြင်းလည်း ဖြစ်သည်။

စင်စစ်မူ မြောက်ဘက်ဝင်းကိုရောက်၍ ရဲဘော်ပြေငြိမ်းနှင့်တွေ့ပြီး နောက် သက်ရှည်တွင်အတွေးတစ်ခု ဖြစ်ပေါ်လာခဲ့ရသည်။

တခြားမဟုတ်၊ ဦးထွန်းလူသာ တစ်ပါတည်းပါလာခဲ့လျှင်ဟူသော အတွေး။ မှန်သည်။ ထိုစဉ်က ဦးထွန်းလူသာ တစ်ပါတည်းပါသွားခဲ့လျှင်

mgyoe.com

mgyoe.com


အခြေအနေသည် တစ်မျိုးတစ်ဖုံ ဖြစ်ကောင်းဖြစ်မည်။ သည်မျှလောက် ဆိုးရွားရက်စက်သော ငရဲခန်းသို့ပြန်လာမည်ဖြစ်လိမ့်မည်မဟုတ်ဟု သက်ရှည်အနိုင်အမာ တွေးသည်။

မည်သို့ပင်ဖြစ်ပါစေ၊ ရဲဘော်ပြေငြိမ်း၏ ခြေကိုဖက်ပြီး ရှိခိုးတောင်းပန်ပါရစေ၊ မြောက်ဘက်ဝင်း၌ပင် သူနှင့်ဦးထွန်းလူတို့ခိုကပ်နေမည်။ ပြီးမှ သူတို့နှစ်ဦး၏ ရှေ့ခရီးအတွက် ဖြစ်နိုင်သည့်နည်းဖြင့် ဖြစ်သလို စီစဉ်မည်ဟု သက်ရှည်တွေးသည်။

သည်အတွေးအတောသည် ရဲဘော်ပြေငြိမ်းနှင့် လူချင်းခွဲတော့မည့် ဆဲဆဲ၌ပင် သက်ရှည်ခေါင်းထဲသို့ လျှပ်တစ်ပြက်သလို ဝင်ရောက်ခဲ့သည်။ သည်ခရီးကို ကူးချည်သန်းချည်လုပ်ရအောင် အမေ့ရွာအလည်အပတ်သွားသည်မဟုတ်၊ ရွာနီးချင်းတစ်ရွာမှ တစ်ရွာသို့ မိန်းမပိုးသွားသည် မဟုတ်။ ဒါလောက်တော့ သက်ရှည်တွေးတောတတ်ပါသည်။

ဒါပေမဲ့ ခက်သည်မှာ ဦးထွန်းလူကျန်နေခြင်းပင်။

"မင်းနဲ့ငါဟာ ဆိုးတိုင်ပင်ကောင်းတိုင်ပင်ပေါ့ သက်ရှည်ရာ"

ဦးထွန်းလူပြောသံက သူ့နားတွင် ကြားယောင်လာသည်။

ယခုလည်း ထိုအကြောင်းက သက်ရှည်ခေါင်းထဲတွင် အခုအခံ အနှောင့်အယှက်ပေးနေသည်။ တယ်ခက်ပါလား။ တယ်ခက်ပါလား။

သို့ရာတွင် ထိုကိစ္စအကြောင်းကိုမူ ဦးထွန်းလူအား ဖွင့်ပြောရန် သက်ရှည်မရည်ရွယ်။

ငါက ဒီအကြောင်း ပြောလိုက်ရင် ခများစိတ်မကောင်းဖြစ်နေပါ့မယ်လေ။

နှစ်ဦးစလုံးသည် အတန်ကြာစကားပြတ်နေကြသည်။ ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်နေကြသည်။ သက်ရှည်က ဦးထွန်းလူကျန်နေသည့်ကိစ္စတွေးသလို ဦးထွန်းလူကိုယ်တိုင်ကလည်း သူ့ကိစ္စသူတွေးနေသည်။

တကယ်လို့ သက်ရှည်က ဟိုဘက်ဝင်းလိုက်ခဲ့ရမယ်ခေါ်ရင်ကော ငါ့အနေနဲ့ လိုက်ဝံ့မလား။ လိုက်ရမလား။ သူ့ချည်းသွားတုန်းက ဘာအန္တရာယ်မှမတွေ့ဘဲ ငါနဲ့ကျမှ ဂျပန်စစ်သားများတွေ့သွားရင်။

ထိုအတွေးက ဦးထွန်းလူအား ခြောက်လှန့်သည်။

mgyoe.com

mgyoe.com


"နေပါဦး၊ အဲဒီရဲဘော်က ဘာတွေပြောလိုက်သလဲ၊ တို့ကိုကူညီမယ် ဆိုတော့ ဘယ်နည်းနဲ့ကူညီမှာလဲ၊ အဲဒါပြောပါဦး"

ချောက်ချားစိတ်ကို ဖြေဖျောက်ပြီး ဦးထွန်းလူကမေးသည်။ ဒါက သူ့အနေနှင့် အရေးကြီးသည့်ကိစ္စ။ သံဆူးကြိုးကို မကျော်လွှားဘဲ လာ ခေါ်မှာလားတွေးသည်။

"နောက်ထပ်လာဖို့ မှာလိုက်တယ်၊ ဟုတ်တယ်ဦးလေး၊ လောလော ဆယ် သူဘာပြောမှာလဲ၊ သူတတ်နိုင်တဲ့ အကူအညီပေးမှာတော့ စိတ်ချပါ တဲ့၊ ဘယ်နည်းနဲ့ပေးနိုင်မယ်ဆိုတာတော့ သူ့ရဲဘော်တစ်ယောက်"

ပြောလက်စ စကားမဆုံး၊ တစ်ဦးတစ်ယောက်က ပါးစပ်ပိတ်လိုက် သလို သက်ရှည်ရပ်တန့်သွားသည်။

သက်ရှည်မျက်လုံးအစုံစူးစိုက်ရာသို့ ဦးထွန်းလူလှမ်းကြည့်လိုက် သည်။

ဂျပန်စစ်သားတစ်ယောက်နှင့် စကားပြန်သူငယ်သည် သူတို့အနီး ရောက်နေသည်။ စကားပြန်သူငယ် ရေချိုးရန် ရေတိုင်ကီကြီးများရှိရာသို့ ဆက်လက်၍လျှောက်သွားသည်။ သူ့ကိုယ်ပေါ်တွင် အင်္ကျီမပါ။ အောက် ပိုင်းက ဘောင်းဘီဝတ်ထားသည်။ ပြောင်နေသောကတုံးတွင် မလုံမလဲ မျက်နှာသုတ်တဘက်ကလေးပတ်ထားသည်။ အသားကဖြူသဖြင့် ဂျပန် ကလေးတစ်ယောက်ဟု ထင်ရသည်။ ရေချိုးလျှင် ဂျပန်စစ်သားများလို ကိုယ်တုံးလုံးချွတ်ချိုးသည်။

"ဘိရုမ လာတက"

အနီးတွင် ရပ်ကျန်သော ဂျပန်စစ်သားက သက်ရှည်အားခေါ်သည်။ ဂျပန်စစ်သားလက်တွင် အပ်ချည်မျှင်ထိုးထားသော အပ်တစ်ချောင်းပါ လာသည်။

သက်ရှည်အနီးသို့ရောက်သောအခါ အပ်ချည်မျှင်ထိုးထားသောအပ် ကို သက်ရှည်လက်သို့ ပေးသည်။ ပြီးလျှင် သူ့တင်ပါးတစ်ဖက်ကို တဖတ်ဖတ်ပုတ်ပြသည်။ နောက်တော့ရှေ့ကုန်းပေးသည်။

သက်ရှည်အူကြောင်ကြောင်ဖြစ်နေသည်။ ရုတ်တရက် နားမလည်။ ခဏတွေနေပြီးမှ သဘောပေါက်သည်။ ဂျပန်စစ်သားဘောင်းဘီသည် တင်ပါးပေါ်တွင် လက်နှစ်သစ်လောက် စုတ်ပြဲနေသည်။ အချုပ်ခိုင်းခြင်း

mgyoe.com

mgyoe.com


ဖြစ်သည်။

ဘာမျှမဟုတ်သောအသေးအမွှားကိစ္စ။

သည်အလုပ်ကလေးကျမှ သက်ရှည်လက်တွေတုန်နေသည်။ ချွေးထွက်လာသည်။ မြောက်ဘက်ဝင်းကူးတုန်းက သည်လောက်စိတ်မပင်ပန်းဟု သက်ရှည်ထင်သည်။ ဂျပန်စစ်သားအသားကို အပ်ထိုးမိလျှင် နားရင်းအုပ်ခံရမည်။

ဒါပေမဲ့ မကြာခင် ချောချောမောမော ပြီးစီးသွားသည်။ ထိုအခါမှ သက်ရှည်သက်ပြင်းချနိုင်သည်။

ဂျပန်စစ်သားသည် သက်ရှည်ကို သဘောကျသွားဟန်တူသည်။ သွားအဖွေးသားပေါ်အောင် ပါးစပ်ကြီးဖြဲပြသည်။ ပြီးလျှင် ဘောင်းဘီအိတ်ထဲ လက်ထိုးနှိုက်လိုက်သည်။ လက်ကိုပြန်ဆွဲထုတ်သည့်အခါ စီးကရက်တို တစ်ဆုပ်တစ်မကြီးပါလာသည်။ ထိုစီးကရက်တွေကို သက်ရှည်အား သဒ္ဓါတရားကြီးမားစွာဖြင့် ချီးမြှင့်ခြင်းပြုသည်။

ယခင်နေ့တွေ ရက်တွေက သက်ရှည်တို့ခြောက်ယောက်သည် ဂျပန်စစ်သားများလွှင့်ပစ်သော ဆေးလိပ်တိုများကို လိုက်လံကောက်ကြသည်။ ထားဝယ်သားများလည်း ဆေးလိပ်ကြိုက်ကြသည်။ ရသမျှသော စီးကရက်တိုများကိုစုပြီး အထဲကဆေးများကို ထုတ်ကာ ခပ်ဖွဖွလုပ်ပြီး စက္ကူဖြင့်သော်လည်းကောင်း၊ သစ်ရွက်ခြောက်ဝါးရွက်ခြောက်ဖြင့်သော်လည်း ကောင်းလိပ်၍သောက်ကြသည်။

သူတို့ခြောက်ယောက်စလုံး ဆေးလိပ်သောက်သူချည်းဖြစ်သည်။ ထားဝယ်သားလေးယောက်ထဲတွင် မြတ်သာကျော်နှင့် စိန်လှအောင်သည် ဆေးလိပ်လိပ်ရာတွင် ကျွမ်းကျင်သည်။ မြန်လည်းအလွန်မြန်သည်။ အားလုံးအတွက် ထိုနှစ်ယောက် ဒိုင်ခံလိပ်ပေးသည်။ စီးကရက်တိုများကိုမူ ဘယ်သူကရရ နှစ်ယောက်စလုံး ဘုံဆိုင်ပစ္စည်းအဖြစ် သတ်မှတ်ကြသည်။ ယခုသက်ရှည်ရသော စီးကရက်တိုများမှာလည်း ခြောက်ယောက်စလုံးပိုင်ဆိုင်သည်။

မကြာမီ ဂျပန်စစ်သားသည် သက်ရှည်၏ပခုံးကို ခပ်ကြမ်းကြမ်းပုတ်ပြီး ဘားတိုက်များရှိရာဘက်သို့ ထွက်သွားသည်။

mgyoe.com

mgyoe.com


ဂျပန်စစ်သား ထွက်ခွာသွားသော်လည်း သက်ရှည်နှင့်ဦးထွန်းလူတို့ အဖို့ မြောက်ဘက်ဝင်းအကြောင်း နောက်ထပ်စကားမဆက်နိုင်ကြတော့။ ထမင်းချက်က လှမ်းခေါ်နေသည်။

မြတ်သာကျော်တို့လေးယောက်မှာလည်း စကားပြန်ကောင်လေးက ရေနှင့်လှန်းပက်သောကြောင့် အိပ်ရာမှအလူးအလဲထလျက် ဂျပန်စစ်သား ခိုင်းသမျှ လုပ်နေရလေပြီ။

“မြောက်ဘက်ဝင်းအကြောင်းက ဒါလောက်ပဲ၊ ကျွန်တော့်စိတ်ကူးကို ညကျတော့ပြောမယ်၊ လာ လာ ဟိုမှာဂျပန်စစ်သား ကျွန်တော်တို့ကိုခေါ် နေတယ်”

ပြောပြောဆိုဆိုနှင့် သက်ရှည်ခပ်သုတ်သုတ်ထွက်သွားသည်။ ဦးထွန်း လူကိုယ်တိုင်မှာလည်း သက်ရှည်နောက်မှ ခပ်သွက်သွက် လိုက်သွားရ သည်။

စိတ်ထဲမှာတော့ ဦးထွန်းလူမကျေနပ်။

မြောက်ဘက်ဝင်းအကြောင်းမှာ သူ့ရင်ထဲတွင် ဆန့်တင့်င့်ဖြင့်အား မလို အားမရကြီး။

ယခုနောက်ပိုင်းရက်များတွင် သူတို့ခြောက်ယောက်အိပ်ရသည်မှာ ယခင်ကအိပ်ရသော ဘားတိုက်တစ်ခု၏အောက်ထပ်တွင်မဟုတ်တော့။ ထိုဘားတိုက်၏ နောက်ပိုင်း မလှမ်းမကမ်းတွင်ရှိသည့် အဆောက်အအုံ ငယ်တစ်ခုတွင်ဖြစ်သည်။

ထိုအဆောက်အအုံကလေးသည် အင်္ဂလိပ်စစ်တပ်များရှိစဉ်က သေး ပေါက်ခန်းဖြစ်လိမ့်မည်ဟု သက်ရှည်က ထင်မြင်ချက်ပေးသည်။

သူတို့ခြောက်ယောက်အစုတွင် သက်ရှည်မှာ ကျန်သူငါးယောက် ထက် ဗဟုသုတရှိသည်။ ထိုအဆောက်အအုံကလေးသို့ ပြောင်းစက သေး နံ့တွေဖြင့် ဟောင်စော်နေသည်။ ဦးထွန်းလူအသက်ရှူလို့မရ။ တစ်ည လုံးအိပ်လို့မပျော်။

“အင်္ဂလိပ်သေးနံ့လား၊ ဂျပန်သေးနံ့လားမသိဘူးဗျ၊ ဒါဟာသေးပေါက် ခန်းဖြစ်ရမယ်”

mgyoe.com

သက်ရှည်ကပြောသည်။

"အိုကွာ အင်္ဂလိပ်သေးဖြစ်ဖြစ်၊ ဂျပန်သေးဖြစ်ဖြစ်၊ တရုတ်သေးဖြစ်ဖြစ်နံမှာပဲကွ၊ သေးဟာသေးပဲ၊ ဘယ်လူမျိုးသေးကမှ မွှေးရိုးထုံးစံမရှိဘူး သက်ရှည်"

ဦးထွန်းလူက နှာခေါင်းရှုံ့ပြောနေသည်။

"အေးဗျာ၊ မနက်ဖြန်ညတော့ ကျွန်တော်နဲ့ဦးလေးဟိုအပြင်ဘက်ထွက်အိပ်မယ်၊ မြတ်သာကျော်တို့လေးယောက် ဒီအထဲအိပ်ပေါ့"

သို့နှင့်နောက်တစ်ညတွင် ဦးထွန်းလူနှင့်သက်ရှည်တို့နှစ်ယောက်တွဲ ကယင်းအဆောက်အအုံကလေး၏ ရှေ့ပိုင်းအမိုးအောက်တွင် ထွက်၍အိပ်ကြသည်။

စင်စစ်သူတို့ခြောက်ယောက် သည်အဆောက်အအုံကလေးသို့ ရောက်လာခြင်းမှာလည်း နောက်ထပ် နောက်ထပ် ဂျပန်စစ်တပ်တွေ ဝင်လာမစဲတသဲသဲဖြစ်လာသည့်အခါ ဘားတိုက်အဆောက်အအုံများတွင်လည်း အနေအထိုင် ကျဉ်းကျပ်လာသည်။

ဂျပန်စစ်သားအချို့သည် ငါးယောက်ခြောက်ယောက်တစ်တွဲပြုလျက် ဘားတိုက်အဆောက်အအုံများရှေ့နှင့် အဆောက်အအုံများနှစ်ခုကြားတွင် ရွက်ဖျင်တဲငယ်များ ထိုးနေကြရသည်။ သက်ရှည်တို့ခြောက်ယောက်အား ရွှေ့ပြောင်းပေးထားသော အဆောက်အအုံကလေးကိုကား ဂျပန်တွေကိုယ်တိုင်က သေးပေါက်ခန်းဖြစ်ကြောင်း သိဟန်တူသည်။ မည်သည့် ဂျပန်အတွဲကမှ ထိုအဆောက်အအုံကလေးကို လိုချင်ဟန်မပေါ်ပေ။

သည်အဆောက်အအုံကလေးသို့ ရွှေ့ပြောင်းလာရသည့်နေ့ကို သက်ရှည်တို့ခြောက်ယောက်က စွဲစွဲမှတ်မှတ် သတိရှိနေကြသည်။ မင်္ဂလာဒုံရောက်ပြီး သုံးလတင်းတင်းပြည့်သည့်နေ့ဟု ဦးထွန်းလူက ပြောသည်။

သက်ရှည်တို့လူငယ်ငါးယောက်က သည်လိုနေ့တွေရက်တွေနှင့် အတိအကျမှတ်သားထားကြသည်တော့မဟုတ်၊ သူတို့လူငယ်ငါးယောက် အမှတ်ထားသည်မှာ ထိုနေ့က သူတို့ခြောက်ယောက်အား စောင်တစ်ထည်စီပေးသောကြောင့်ဖြစ်သည်။

ဂျပန်စစ်ဗိုလ်ကြီး၏ အမိန့်အရပေးခြင်းဟု စကားပြန်ကောင်လေးက

mgyoe.com

mgyoe.com


ပြောသည်။ မင်္ဂလာဒုံရောက်သည့်အချိန်မှစလျက် ယနေ့အထိ ဂျပန်စစ်ဗိုလ်ကြီး၏မျက်နှာကိုမှ ဖြူသလား၊ မည်းသလားဟူ၍ သက်ရှည်တို့ ခြောက်ယောက်မမြင်ရတော့။ သူတို့ကို ပြောစရာ၊ ခိုင်းစရာ အထွေအထူးရှိလျှင် တပ်ကြပ်ကြီးဂျပန်နှင့် စကားပြန်သူငယ်တို့ပြောသည်။ ခိုင်းသည်။ နေ့စဉ်နေ့တိုင်း သူတို့ခြောက်ယောက်ဆက်ဆံနေရသည်မှာ ထမင်းချက်တာဝန်ကျ ဂျပန်စစ်သားများနှင့် စကားပြန်ကောင်လေးသာဖြစ်သည်။ ဂျပန်စစ်သားတွေနောက်ထပ်တိုးလာသည့်အခါ ထမင်းချက်ဂျပန်စစ်သားလည်းတိုးလာသည်။ စောစောကလိုနှစ်ယောက်တည်းမဟုတ်၊ ခြောက်ယောက်ဖြစ်လာသည်။

ထိုအခါ ဂျပန်စစ်သားခြောက်ယောက်ခိုင်းသမျှကို ဦးထွန်းလူတို့ခြောက်ယောက်က အကွက်စေ့အောင် လုပ်ပေးနေရသည်မှာ တစ်ချက်ကလေးမျှ နားချိန်ပင်မရ။ ထင်းတွေဖြတ်ရတောက်ရ၊ ခွဲရလှန်းရသည့်တာဝန်လည်း ပိုလာသည်။ အစုတ်အပြဲချုပ်ပေးတာဝန်လည်း ပိုလာသည်။ အဝတ်လျှော်ဖွပ်ပေးရသည့် တာဝန်လည်း ပိုလာသည်။ မနေ့ကပင် အိမ်သာကျင်းသုံးကျင်းတူးပေးရသည်။

စောင်တစ်ထည်စီ ရသည့်နေ့ကလည်း သက်ရှည်က သူ့ထုံးစံအတိုင်းဝေဖန်ခြင်းပြုပြန်သည်။ သူတို့ခြောက်ယောက်ရရှိသော စောင်များမှာ အကောင်းတစ်ထည်မှမပါ။ အားလုံးအစုတ်အပြဲတွေဖြစ်သည်။

“ဒီစောင်စုတ်တွေဟာ အင်္ဂလိပ်စစ်တပ်က ထားခဲ့တာဖြစ်မယ်၊ မလိုချင်လို့ထားခဲ့တာဖြစ်မှာပေါ့၊ ကြည့်ပါလား။ ခြောက်ထည်စလုံးအကောင်းတစ်ထည်မှမပါဘူး၊ အစုတ်အပြဲတွေချည်းပဲ။ နောက်ပြီး စောင်မှာစွဲနေတဲ့အနံ့အသက်ဟာ ဂျပန်အနံ့အသက်မဟုတ်ဘူးဗျ၊ အင်္ဂလိပ်စစ်သားအနံ့အသက်”

“ဟာ ဒီကောင်ပေါက်ကရတွေပြောတော့မယ်၊ စောင်ဟာစောင်ပဲပေါ့ကွ၊ အင်္ဂလိပ်အနံ့၊ ဂျပန်အနံ့ရယ်လို့၊ မင်းနှယ်ကတတ်သီးကတတ်သတ် ပြောတတ်ရန်ကောသက်ရှည်ရာ”

ဦးထွန်းလူက သူ့အတွက်ရသောစောင်ကို ဖြန့်ကြည့်ရာမှပြောသည်။

“ဟုတ်တယ်ဗျ၊ မယုံရင် ဦးလေးစောင်ကိုသေသေချာချာ နမ်းကြည့်

mgyoe.com

mgyoe.com

စမ်း၊ အင်္ဂလိပ်စစ်သားအနံ့မှ အင်္ဂလိပ်စစ်သားအနံ့ဗျ၊ အင်္ဂလိပ်စစ်သားအနံ့ဟာ အမြဲတမ်းဆိတ်သိုးစော်နံတယ်၊ တချို့ကျတော့ မြင်းလားစော်နံတယ်၊ အဲ ဂျပန်စစ်သားအနံ့ကျတော့ သူတို့ကိုယ်ကချွေးနံ့ဟာ သကြားရည်ကြိုတဲ့အနံ့နဲ့ ပဲပင်ချဉ်နံ့မျိုး၊ ချဉ်တော့ မလိုလို၊ ချိုတော့မလိုလိုပေါ့ဗျာ၊ ခုနံတဲ့အနံ့က ဆိတ်သိုးအနံ့ဗျ၊ ဟော့ကောင် စိန်လှအောင်၊ ငါပြောတာမယုံရင် မင်းစောင်ကိုနမ်းကြည့်စမ်း"

သက်ရှည်က ထားဝယ်သားလေးယောက်ထဲမှ စိန်လှအောင်ကို လှမ်းပြောသည်။ ထားဝယ်သားလေးယောက်မှာလည်း သူတို့ရရှိသော စောင်စုတ်များကို တကိုင်ကိုင် တကြည့်ကြည့်နှင့် ပီတိသောမနသဖြစ်နေကြဟန်တူသည်။

"အိုကွာ အင်္ဂလိပ်စောင်ဖြစ်ဖြစ်၊ ဂျပန်စောင်ဖြစ်ဖြစ်၊ ဆိတ်သိုးစော် နံနံ၊ ဝက်သိုးစော်နံနံ ပုဆိုးခြုံပြီး မလုံမလဲကွေးရတာထက် အများကြီး သာတာပေါ့ကွာ၊ ဒီစောင်ခြုံပြီး အိပ်လိုက်ရရင် တစ်ညလုံး တစ်ရေးမှနိုးမှာ မဟုတ်ဘူး"

စိန်လှအောင်ကပြောသည်။

မှန်သည်။ ထားဝယ်သားလေးယောက်သည် အိပ်ခန်းထဲရောက်လျှင်ပင် စကားကိုတစ်ခွန်းစနှစ်ခွန်းစလောက်သာပြောတော့သည်။ ရွာအကြောင်း၊ ရပ်အကြောင်း၊ သားအကြောင်း မယားအကြောင်းကိုပင် ယခင်ကလောက် မပြောကြတော့။ သူတို့ တစ်ကိုယ်လုံးစောင်စုတ်ဖြင့် ထွေးပတ်ပြီး တရှူးရှူးတခေါခေါ အိပ်မောကျကြလေသည်။

ယခုညတွင်လည်း အခါတိုင်းများနည်းတူပင်။

"နေ့လယ်က ပြောမယ်ဆိုတဲ့ မင်းစိတ်ကူးပြောပါဦးကွ"

ညဘက်အိပ်ရာဝင်သည့်အခါ နေ့လယ်ကမပြီးပြတ်သေးသည့် စကားဆက်ကို ဦးထွန်းလူက သက်ရှည်ကို အမေးအမြန်းပြုသည်။

မြတ်သာကျော်တို့လေးယောက်မှာ ထုံးစံအတိုင်း တရှူးရှူးတခေါခေါဖြင့် အိပ်မောကျနေပြီ။ အဆောက်အအုံထဲနှင့် အပြင်တွင်ဖြစ်သောကြောင့်လည်း လူချင်းက အတန်ငယ်ကွာလှမ်းသည်။

"အခွင့်သာမယ်ဆိုရင် သန်ဘက်ခါလောက် ကျွန်တော်တစ်ခေါက်

mgyoe.com

mgyoe.com


ထပ်သွားမယ်၊ ကျွန်တော်သွားနေတုန်း ဟိုကောင်လေးယောက်ကမေးမေး၊ ဂျပန်စစ်သားနဲ့ စကားပြန်ကောင်လေးကမေးမေး ချေးယိုသေးပေါက်သွားသလို ဦးလေးကြည့်ပြောပေါ့ဗျာ"

"အေး၊ မြန်နိုင်သလောက်လည်း မြန်မြန်ပြန်လာကွ၊ ဒီနေ့သွားတာလောက်တော့ မကြာစေနဲ့၊ ဒီနေ့က တနင်္ဂနွေမဟုတ်လား၊ တနင်္ဂနွေနေ့ ဆိုတော့ အခါတိုင်းနေ့နဲ့တော့မတူဘူး၊ အခွင့်သာတာပေါ့ကွာ၊ မင်းကိစ္စ အောင်မြင်ပါစေကွာ၊ ဦးလေးအနေနဲ့ မင်းကိုအင်မတန်အားကိုးပါတယ် သက်ရှည်ရာ"

သူ့စကား အဆုံးတွင် ဦးထွန်းလူ သက်ပြင်းချသည်။

"စိတ်ချပါဦးလေးရာ၊ ကျွန်တော်ဦးလေးကို ချန်မထားခဲ့ပါဘူးဗျာ၊ ခပ်မြန်မြန်ပြန်နိုင်အောင်လည်း ကျွန်တော်ကြိုးစားပါမယ်၊ ဒီနေ့ကတွေ့ စနေ့မဟုတ်လားဗျာ၊ ကိုယ်က ကိုယ့်ဒုက္ခ၊ ကိုယ့်အကြောင်း ပြောပြီးပြီ၊ သူကလည်း သူ့ဘက်ကအခြေအနေကို လေ့လာရဦးမှာကိုး၊ ဒီတစ်ခါ သွားရင်တော့ ဘယ်လိုဘယ်နည်းဆိုတာ ကွဲကွဲပြားပြား သိရလိမ့်မယ်လို့ ထင်ပါတယ်၊ ဒါပဲဦးလေး အိပ်ကြစို့"

သက်ရှည်က သူ့စကားကို အဆုံးသတ်လိုက်သည်။

ဒါပေမဲ့ အတွေးအတောပေါင်းမြောက်မြားစွာသည် သက်ရှည်ခေါင်းထဲတွင် မပြီးဆုံးသေး။ အမျှင်တန်းကျန်ရစ်သည်။

မြောက်ဘက်ဒေသ ကိစ္စသည် သည်နည်းသည်ပုံဖြင့် သက်ရှည်ကို ဖမ်းစားထားလေပြီ။

ဝ

mgyoe.com

mgyoe.com

# [ ၁၀ ]

ထိုအခါ……

ဦးထွန်းလူအား အိပ်ကြစို့ဟု ပြောလိုက်ရသော်လည်း သူ့အနေနှင့် တော်တော်နှင့် သက်ရှည်အိပ်လို့မပျော်။ တောင်တောင်မြောက်မြောက် အတွေးရောက်နေသည်။

နေ့လယ်ပိုင်းက မြောက်ဘက်ဝန်းတွင် ကြုံတွေ့ခဲ့ရသောဖြစ်ရပ် များက သက်ရှည်အား အိပ်လို့မပျော်နိုင်အောင် ချုပ်ကိုင်ဖမ်းစားထား သည်။ ထိုအကြောင်းများကိုပင် သက်ရှည်ပြန်လည်အမှတ်ထင်နေမိသည်။ မြောက်ဘက်ဝင်းအတွေ့အကြုံနှင့် သူဆုံဆည်းကြုံကြိုက်ခဲ့ရသော ရဲဘော် ပြေငြိမ်း၏ အပြုအမူ အဆက်အဆံသည် သက်ရှည်အဖို့ထူးခြားသည်။

သူ့ကိုယ်သူ အရောက်နောက်ကျလေခြင်း၊ အချိန်နှောင်းလေခြင်းဟု သက်ရှည်နှောင်တ ဖြစ်ရသည်။

သူကနှုတ်စလျှာစရှိသူဖြစ်၍ အရဲစွန့်ကာ ရဲဘော်တစ်ယောက်အား မိတ်ဆွေဖွဲ့သည်။ ထိုရဲဘော်၏ တုံ့ပြန်ဆက်ဆံမှုက ဖော်ဖော်ရွေရွေ ရှိသည်။ လှိုက်လှိုက်လှဲလှဲ ဖြစ်သည်။

စစ်ယူနီဖောင်းဝတ်ထားသော စစ်သားတစ်ဦးထံမှ သည်လိုအပြုအမူ အဆက်အဆံမျိုး တွေ့ရလိမ့်မည်ဟု သက်ရှည်မမျှော်လင့်မိ။ ငေါက် ငေါက်ငမ်းငမ်းလား၊ မာမာပြတ်ပြတ်လား။ သည်အတိုင်း သက်ရှည်ထင် မှတ်ခဲ့သည်။

mgyoe.com

mgyoe.com


သို့ရာတွင် ထိုရဲဘော်၏အပြုအမူ အဆက်အဆံမှာ ကွဲကွာနေသော သူငယ်ချင်းတစ်ယောက်အား မမျှော်လင့်ဘဲ ပြန်လည်ဆုံဆည်းပုံမျိုး။

ဒီရဲဘော်နဲ့တွေ့ရတာ ငါ့အဖို့ မကြုံဖူးအောင် ကံကောင်းတာပဲ။

နောက်တော့ ထိုရဲဘော်က သူ့အမည်ပြေငြိမ်းဟု ပြောသည်။

"ကိုယ့်လူနောက်တစ်ခေါက်တော့ ထပ်လာခဲ့ဦး၊ ကျွန်တော့်ဆီက ဘယ်နည်းနဲ့ အကူအညီပေးနိုင်မယ်ဆိုတာ ကျွန်တော့်ရဲဘော်နဲ့တိုင်ပင် လိုက်ရင် အဖြေပေါ်လာမှာပဲ၊ ခုတော့ သူကမရှိသေးဘူး၊ ကြည့်မြင်တိုင် က သူ့အစ်မများဆီ ခဏသွားတယ်။ နှစ်ရက်သုံးရက်လို့ပြောသွားတယ်။ ခုပဲနှစ်ရက်ရှိပြီ။ သန်ဘက်ခါလောက်ဆိုရင် ပြန်ရောက်တန်ကောင်းပါ တယ်။ စိတ်ချဗျာ၊ ကိုယ့်လူကို ဂျပန်တွေလက်က လွတ်အောင် တတ်နိုင် တဲ့နည်းလမ်းနဲ့ ကူညီမယ်၊ ဟုတ်လား"

ရဲဘော်ပြေငြိမ်းအကြောင်းကို အတွေးဝင်မိသည့်အခါ ထိုရဲဘော်ပြော လိုက်သော စကားများကိုလည်း သက်ရှည်နားထဲ ကြားယောင်လာသည်။

ပြီးလျှင် ထိုအကြောင်းနှင့်ဆက်စပ်လျက် မြောက်ဘက်ဝင်းကူးသန်း ရမည့်အရေးကိုလည်း သက်ရှည်တွေးတောမိပြန်သည်။

ဒီနေ့လို လွယ်ပါ့မလား။

နောက်ထပ်၊ နောက်ထပ် ဘယ်နှစ်ကြိမ် ဘယ်နှယ်ခါလောက်များ ကူး ချည်သန်းချည်လုပ်နေရမှာပါလိမ့်။

နောက်တစ်ခေါက်ငါသွားရင်ကော ကြည့်မြင်တိုင်သွားတယ်ဆိုတဲ့ သူ့ရဲဘော် ပြန်မှလာပါဦးမလား။

သူ့ရဲဘော်ဆိုတဲ့သူကကော သူ့လိုမှ စိတ်ကောင်းသဘောကောင်း ရှိပါ့ မလား၊ ငါ့ကိစ္စကို ကူညီဖို့သဘောတူပါ့မလား။

ငါတစ်ယောက်တည်းကို အကူအညီပေးမှာလား၊ အားလုံးအတွက်ကူ ညီမှာလား။

တကယ်လို့များ ငါတစ်ယောက်တည်းအတွက်များ ကူညီနိုင်မယ်ဆို ရင် ဦးလေးဦးထွန်းလူအတွက် ငါဘယ်လိုကြံရပါ့မလဲ။

အတွေးအတောပေါင်းများစွာဖြင့် သက်ရှည်မောပန်းလာသည်။ သူ့ ခေါင်းတစ်ခုလုံး ချာချာလည်နေသည်။ သည်မျှလောက်ရှုပ်ထွေးများပြား

mgyoe.com